www.burmeseclassic.com

PUBLISHING GROUP

# လင်းညို့သွေး

## အရိုပ်စစ် ကကြိုး

# LINN NYOUT THWAY

## DANCE ROUTINE OF REAL SHADOW

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၀၅၀၄၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၂၀၀၄၁၁

ထုတ်ဝေသူ

ဦးကိုကိုမြင့်

အမှတ် (၃)၊ ဩဘာလမ်း ကျောက်မြောင်း။

တာမွေမြို့နယ်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ

ဦးတင်မင်းလှ (လင်းလက်အိမ်ပုံနှိပ်တိုက်)

ထုတ်ဝေခြင်း

၂၀၁၁ ခုနှစ်၊ မေလ၊ ပထမအကြိမ်

အုပ်ရေ - ၅၀၀၊ တန်ဖိုး (၅၀၀) ကျပ်

၈၉၅ . ၈၃
လင်းညို့သွေး
အရိပ်စစ်ကကြိုး / လင်းညို့သွေး ။ - ရန်ကုန်
သိန်းမင်းစာပေ၊ ၂၀၁၁။
၂၀၀ - စာ ၊ ၁၃ x ၂၁ စင်တီ။
(၁) အရိပ်စစ်ကကြိုး


BURMESE CLASSIC .com

# လင်းညို့သွေး
# အရိပ်စစ်ကကြိုး

**LINN NYOUT T HWAY**

## DANCE ROUTINE OF REAL SHADOW

သေလောက်အောင်
ကြွေလောက်တဲ့ စကားလုံးတွေနဲ့
ငါ့ရင်ကို မွှေနှောက်ခဲ့တဲ့
ကင်းမြီးကောက်မလေးရေ ...

တကယ်တော့ ...
အချစ်ဆိုတာ အတ္တရဲ့အသုံးချခံပါ။
လူတွေဟာ ကိုယ့်အတ္တပြည့်စုံဖို့
အခြားလူတစ်ယောက်ဆီကနေ
ကိုယ် လိုချင်တာတွေ အရယူဖို့အတွက်
အချစ်ဆိုတဲ့ စကားလုံးကို
ခပ်တည်တည်နဲ့ သုံးစွဲနေကြတာပါ။

www.burmeseclassic.com

www.burmeseclassic.com

## လင်းညို့သွေး၏ ထွက်ရှိပြီးစာအုပ်များ

၁။ အသည်းခွဲဖက်ရှင်
၂။ တိမ်တိုက်တို့ရဲ့ အသွင်ကွဲရာသီ
၃။ ကိုယ်တိုင်ရိုက်ချိုးတဲ့ ပဋ္ဌမံနံရိုး
၄။ ဒဏ်ရာစက်လက် ဒိုင်ယာရီ
၅။ ရွှေမင်းသမီးရဲ့ပျော်တော်ဆက်
(မျက်ခြွယ်ဗီဒီယိုထုတ်လုပ်ရေးမှ ရိုက်ကူးပြီး)
၆။ ဂျစ်ပစီ သင်ခန်းစာ
၇။ မာယာကစားပွဲ (မဟော်ဂနီဗီဒီယိုထုတ်လုပ်ရေးမှ ရိုက်ကူးပြီး)
၈။ ရင်ခုန်သံစီးချင်း
၉။ နတ်သမီးချည်တိုင် (နယ်သစ်ဦးဗီဒီယိုထုတ်လုပ်ရေးမှ ရိုက်ကူးပြီး)
၁၀။ အလင်းဖျောက်ကြယ် (မာန်ထက်ချီဗီဒီယိုထုတ်လုပ်ရေးမှ ရိုက်ကူးပြီး)
၁၁။ ရည်းစားရဲ့ရည်းစား
၁၂။ ချစ်သူခိုးဖတ်
၁၃။ ရင်ဖွက်တမ်းကဗျာ
(မာန်ထက်ချီဗီဒီယိုထုတ်လုပ်ရေးမှ ဇာတ်ကားရိုက်ကူးရန် ဝယ်ယူထား)
၁၄။ အနမ်းစက်ဝိုင်း
၁၅။ ရယ်သံထွက်နေတဲ့ မျက်ရည်စက်
(ဒါရိုက်တာဝိုင်းမှ ဝယ်ယူထား)
၁၆။ အရိပ်စစ် ကကြိုး

**ဆက်လက်ထွက်ရှိမည့်စာအုပ်များ**

၁၇။ နယ်ခြားမှတ်တိုင်
၁၈။ တေလေမှတ်တမ်း

BURMESE CLASSIC .com

နိုင်မှတိုက်ရဲတာကို
သူရဲကောင်းလို့
ငါ့အဘိဓာန်မှာ မသတ်မှတ်နိုင်ဘူး

**လင်းလက်အိမ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း (က)

ချစ်သူဆီက အပြန်
ဖိနပ်မှတ်လို့ ကောက်စီးလာတာ
ငါ့မာနတွေ ဖြစ်နေပါရောလား
ဩော် ... တော်တော်ပါးနေပြီပဲ
ရှိပါစေတော့လေ
ငါကိုက ချစ်နေမိတာကိုး ...

ဇွဲထင်ရှား

(အင်တာနက် စာစုများမှ ... )



## နိဒါန်း (ခ)

သို့

ဖေဖေနဲ့မေမေ ...

သမီး သတိရခြင်းများစွာနဲ့ စာရေးလိုက်ပါတယ်။

ကျောင်းစဖွင့်ကတည်းက မအားတာနဲ့ ဖေဖေနဲ့ မေမေဆီကို စာမရေးဖြစ်ခဲ့ဘူး။ အခုမှပဲ ဖြစ်ဖြစ်သမျှ အကြောင်းတွေကို အားပါးတရ ပြောပြရတော့မယ်။

ဒီစာဖတ်ပြီးတော့လည်း စိတ်ပူမနေနဲ့ဦးနော်။

ဖြစ်ပုံက ဒီလိုပါ ...

ဘာမှတော့ စိုးရိမ်စရာ မဟုတ်ပါဘူး။ ရောက်ပြီး တစ်ပတ်လောက်အကြာ ပါတီတစ်ခုကိုသွားပြီးအပြန်မှာ သမီး ခေါင်းတွေသွက်သွက်ခါလောက်အောင်ကို မူးခဲ့တယ်။ ဒါကလည်း ဆေးမှားသောက်မိလို့ပါ။ အဲဒီဆေးကလည်း ပါတီမှာတွေ့တဲ့ ကောင်လေးတစ်ယောက်က သမီးကို စမ်းသောက်ကြည့်ဖို့ ပေးတာလေ။ ဒါပေမယ့် အဲဒီနေ့က အဖြစ်အပျက်တွေကိုတော့ ပြန်ပြောပြလို့ရလောက်အောင် သိပ်ပြီးမမှတ်မိချင်တော့ဘူး။ 'သမီးရဲ့အဝတ်အစားတွေ အကုန်လုံးကိုတော့ နောက်နေ့မနက်မှာ ပြန်ရှာတွေ့ပါတယ်။

အဲဒီအတွက်တော့ ဘာမှစိတ်ပူစရာ မလိုပါဘူး။ ဆေးရုံရောက်သွားတာပဲ တော်သေးတယ်လို့ ပြောရမယ်။ အခုတော့ တစ်နေ့သုံးကြိမ်

www.burmeseclassic.com



လောက် ဆိုးဆိုးရွားရွား ခေါင်းထိုးကိုက်တာကလွဲလို့ ဘာမှမဖြစ်တော့ပါဘူး။

ကျောင်းတက်ခါစက အဆောင်မှာနေတာဆိုတော့ ဆူဆူညံညံ အသံတွေကြောင့် မလွတ်လပ်ဘူးပေါ့။ အခုတော့ ကောင်လေးတစ်ယောက်နဲ့ ငှားနေတာ အားလုံးအဆင်ပြေပါတယ်။ သူက သမီးတို့ကျောင်းနားက ဓာတ်ဆီဆိုင်မှာ အလုပ်လုပ်တယ်လေ။

ကလေးကချေရယ်လို့တော့ မဟုတ်ပါဘူး ဖေဖေနဲ့မေမေရယ်။ အဲဒီထက် နည်းနည်းတော့သာလိမ့်မယ် ထင်ပါတယ်။

သူက သမီးအပေါ်မှာကောင်းရှာပါတယ်။ အခုလည်း သူက လက်ထပ်မယ်တဲ့လေ။ ဘယ်နေ့ဘယ်ရက်လို့တော့ အတိအကျမပြောဘူးပေါ့။ ဒါပေမယ့် သမီးကတော့ သိပ်ကြာကြာမစောင့်ချင်တော့ဘူး။ သမီးဗိုက်ကလည်း တစ်နေ့ထက်တစ်နေ့ ပိုပိုပူပူလာနေပြီ။

ဖေဖေနဲ့မေမေရေ ... ဖေဖေ မေမေတို့ရဲ့သမီးက ကလေးအမေဖြစ်တော့မှာ။ အားလုံးအဆင်ပြေပါတယ်။ ခေါင်းထဲတော့ မူးတူးတူးရှိတာပေါ့။

ဒါပေမယ့်လည်း ဒါက အနာတွေပေါက်နေလို့ ဆေးသောက်နေရလို့ဖြစ်တာပါ။ အနာတွေက ဟိုတစ်ယောက်ဆီကနေ ကူးတာလေ။ သူက သွေးသားတော့ သိပ်မသန့်ဘူး ဖေဖေနဲ့မေမေရဲ့။

သူ့ကိုတော့ ဖေဖေနဲ့မေမေ မဖြစ်မနေ လက်ခံရလိမ့်မယ်။ သူက ဘာပညာမှတော့ မတတ်ပါဘူး။ ဒါပေမယ့် အရမ်းရည်ရွယ်ချက်ကြီးတာ။ အခုလည်း သူက ကိုယ်ပိုင်ဓာတ်ဆီဆိုင်ဖွင့်မယ်တဲ့လေ။ သမီးနာမည်နဲ့ ဘဏ်ကနေ ငွေချေးလို့ရရင်ပေါ့။

သူက အချုပ်ကျဖူးထား[illegible] သူ့နာမည်နဲ့ငွေချေးလို့ မရဘူးတဲ့ ...။





သူက လူကောင်းတစ်ယောက်ပါ။ ရန်ခဏခဏဖြစ်တာနဲ့ မူးယစ်ဆေးစွဲနေတာက လွဲလို့ပေါ့။ အရင်တစ်နေ့ညကတောင် သူ့ကိုသမီးကိုယ်တိုင် ရဲစခန်းမှာ သွားပြီးရွေးခဲ့ရသေးတယ်။ ကြံဖန် ဂုဏ်ယူတတ်မယ်ဆိုရင် နေ့စဉ်နေ့တိုင်း အရက်အများကြီးသောက်နိုင်တာကိုက သူ့ရဲ့အရည်အချင်းတစ်ခုပဲလေ။

သူကသမီးကို အရမ်းတန်ဖိုးထားပါတယ်။ အလုပ်လည်း အရမ်းကြိုးစားတာပဲ။ ညဘက်တွေ အိမ်ပြန်မအိပ်တာတောင် တော်တော်ကြာပြီ။

သူက သမီးအတွက် ဂုဏ်ယူတယ်တဲ့။ သမီးက သူ့အရင်မိန်းမတွေထက် ပိုပြီးကြည့်လို့လှတယ်တဲ့လေ။

ကဲ ...

ဒီလောက်ဆို သမီးရဲ့ လက်ရှိဘဝအခြေအနေကို ဖေဖေနဲ့မေမေ သဘောပေါက်လောက်ပါပြီ။ အရမ်းစိတ်ဆင်းရဲသွားသလားဟင်။ စိတ်မဆင်းရဲပါနဲ့ ဖေဖေနဲ့မေမေရယ်။ အမှန်တော့ သမီးပြောခဲ့တဲ့ ခေါင်းကိုက်တာတို့၊ ဆေးမှားတာတို့၊ ကလေးရတာတို့၊ အနာပေါက်တာတို့၊ ရည်းစားရနေတာတို့ဆိုတာတွေဟာ တကယ်မဟုတ်ပါဘူး။

တကယ့်အဖြစ်မှန်က သမီး ဒီလဖြေခဲ့တဲ့ စာမေးပွဲ ၅ဘာသာမှာ ၂ ဘာသာကျပြီး ၂ ဘာသာ ပြန်ဖြေရမှာတဲ့။ ဒါပေမယ့် ခုနက ပြောခဲ့တဲ့ အဖြစ်အပျက်တွေနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ ဒါဟာ ဘာမှမပြောပလောက်ပါဘူးနော်။

ဖေဖေနဲ့မေမေ ကျန်းမာပါစေ ...။

ခွင့်လွှတ်မယ်လို့ ယုံကြည်လျက်
ချစ်တဲ့သမီး



www.burmeseclassic.com

www.burmeseclassic.com

သူမသည် ထိုကဲ့သို့သော လူစားမျိုးဖြစ်၏။



## နိဒါန်း (ဂ)

အရိပ်တစ်ရိပ် ...

သူ့နောက်မှ ထပ်ချပ်မကွာ လိုက်ပါလာသည်။

ဒါ ... ဘယ်သူဖြစ်နိုင်မလဲ ... ??? ...

ထောင့်ချိုးတစ်ခုသို့ အကွေ့ ...

ဖျတ်ခနဲရပ်၍ ဆတ်ခနဲ နောက်သို့ လှည့်ကြည့်လိုက်ပါသည်။

ထိုအခါတွင် ...

''ဟင်''

တုန်လှုပ်ချောက်ချားမှုနှင့်အတူ သူ့မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူရော်သွားရလေသည်။

''နင် ... နင် ဘယ်သူလဲ ... ''

ရဲရဲစိုစိုနှုတ်ခမ်းဖျားမှာ မထိတရိ အပြုံးတစ်ခု တွဲလဲခိုနေသော သူမက အေးစက်စက်ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com

''ငါ ကောင်းကင်ချိုလေ။ နင်က ငါ့ကိုတောင် မမှတ်မိတော့ဘူးလား ခက်ဆစ်ရဲ့။ သေချာကြည့်ပါဦးဟ။ ငါ ကောင်းကင်ချိုပါ''

မျက်နှာပြင်ပေါ်မှ နီကျင်ကျင် ကပိုကယို ဆံနွယ်မျှင်တွေကို ဆတ်ခနဲ ပင့်သပ်ခါတင်လျက် သူမပြော၏။

''မဟုတ်ဘူး။ နင် ကောင်းကင်ချို လုံးဝမဖြစ်နိုင်ဘူး။ နင် ငါ့ကို တမင်ညာနေတာ''

''မယုံရင် ဒီမှာကြည့် ခက်ဆစ်''

ပြည့်ဖြိုးသော လည်ကိုင်သွယ်သွယ်ကို စောင်းငဲ့၍ တစ်စုံတစ်ရာကို သူမ လှစ်ဖော်ပြသသည်။

မြင်လိုက်ရသည်က ...

နက်မှောင်စိမ်းလဲ့နေသော ကင်းမြီးကောက်တစ်ကောင်(သို့မဟုတ်) Scorpion ရုပ်ပုံ Tattoo ... ။

''ဟာ''

ထိုနေရာမှ သူ သွေးရူးသွေးတန်း ပြေးထွက်လာခဲ့မိလေသည်။



ဒီအဖြစ်အပျက်တွေဟာ

အမှိုက်ကစ ပြာသဿဒ်မီးလောင်ဆိုသလိုပါပဲ ...

အရာရာကို အလေးအနက်ထားတတ်တဲ့ တစ်ယူသန်ဆန်သူတစ်ယောက်နဲ့

အချို့ကိစ္စတွေမှာ လိုတာထက်ပိုပြီး အစွန်းရောက် ဇီဇာချဲ့သူတွေကို သရော်တတ်သူတစ်ယောက်

မရည်ရွယ်ဘဲ ထိပ်တိုက်တွေ့တဲ့ပွဲပါပဲ။


www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (က)



## အခန်း (၁)

မြောက်ဥက္ကလာပ ခေမာသီလမ်းမပေါ်ရှိ ဆေးတက္ကသိုလ် အမှတ် (၂)အတွင်း၌ဖြစ်သည်။

ကျားသစ်ပျို့မတစ်ကောင်၏ စူးရှရဲရင့်မှုမျိုးနှင့် ရင်သပ်ရှုမောဖွယ်ရာ ညို့အားပြင်းပြင်း အလှတရားတို့ အချိုးတကျ ပေါင်းစပ်ဖွဲ့စည်းထားသော မိန်းမပျို့တစ်ယောက် ...။ မိမိကိုယ်မိမိ ယုံကြည်မှုပြည့်ဝနေသည့်ကိုယ်နေဟန်ကြောင့် သူမပုံစံက အများကြားမှာ ထင်းခနဲ လင်းခနဲဖြစ်နေသည်။

သူမသည် ကျောင်းကဲန်တင်းတွင်ထိုင်၍ သူမ၏ သူငယ်ချင်းများအား ဩဝါဒစကားတွေ မြွက်ကြားနေ၏။

''နင်တို့တွေ ရည်းစားမထားကြနဲ့နော်။ ရည်းစားထားတာ မကောင်းဘူး''

ထိုစကားကြောင့် အချို့မှာ မအီမလည်ဖြစ်သွားကြသည်။

''ဘာမကောင်းတာလဲဟ။ သူများတွေပြောတော့ ကောင်းတယ်ဆို''

သူတို့ခမျာမှာလည်း သူတို့စိတ်ကူးနှင့်သူတို့ ကြံစည်ရည်ရွယ်ချက်တွေ ရှိပုံရသည်။ တက္ကသိုလ်ရောက်ရင် ဘာဖြစ်လိုက်မယ် ညာဖြစ်လိုက်မယ် လူငယ်သဘာဝလိုက်မယ်ဆိုပြီးတော့ပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com

အခုတော့ ...

''ရည်းစားထားမယ်ဆိုရင် နစ်နာဆုံးရှုံးမှုတွေရှိတယ်ဟ''

ဘာတွေလဲ ... ဟု ဘယ်သူမှ မမေးပါဘဲ သူမဘာသာ ဆက်ပြောသည်။

''နံပါတ်(၁) – မုန့်ဖိုးပိုက်ဆံ ကုန်မယ်။

နံပါတ် (၂) – အကြိုအပို့ကိစ္စ ဖယ်ရီတွေနဲ့ အလုပ်ရှုပ်မယ်။

နံပါတ် (၃) – အထင်လွဲမှုတွေကို ဖြေရှင်းရ၊ စိတ်ကောက်ရင် ချော့ရနဲ့ ... စိတ်ပင်ပန်းဆင်းရဲမှုကြောင့် မြန်မြန်အရွယ်ကျနိုင်တယ်။

နံပါတ် (၄) – ရည်းစားက ဘီယာဖိုးလိုလို့ ထုတ်ပေးရတာမျိုး၊ နှစ်ယောက်သား သွားလာလည်ပတ်စရိတ်အတွက် ကုန်ကျတာမျိုးတွေကြောင့် မုန့်ဖိုးဘတ်ဂျက်ထိခိုက်မယ်။

နံပါတ် (၅) – တောက်တဲ့လို တွယ်ကပ်နေမှုတွေကြောင့် အချိန်နေရာမရွေး လွတ်လွတ်လပ်လပ် သွားလာလို့ရမှာ မဟုတ်ဘူး။

နံပါတ် (၆) – ညဉ့်နက်သန်းခေါင် ဖုန်းပြောရ၊ ချိန်းရင်သွားရနဲ့ အအိပ်မမှန်အစားမမှန်ဒဏ်တွေကြောင့် ကြာရင် ကျန်းမာရေးကော ပညာရေးပါ ထိခိုက်လာမယ်။

နံပါတ် (၇) – ပါးစပ်နံမှာစိုးတဲ့အတွက် ကြက်သွန်ဖြူတို့ ဒညင်းသီးတို့ ဆူးပုပ်ရွက်တို့ စားသုံးခြင်းမှ ရှောင်ရှားရတော့မယ်။





နံပါတ် (၈) – ရည်းစားရှိတာနဲ့ သူငယ်ချင်းတွေကို ပြောဆိုရင်ဖွင့်ချင်မယ်။ အဲဒီအခါ နားပူတာမခံနိုင်လို့ သူငယ်ချင်းတွေက ကိုယ့်ကိုမြင်တာနဲ့ ရှောင်ပြေးမယ်။ ဒါကြောင့် ရည်းစားထားတာနဲ့အပေါင်းအသင်းကောင်းတွေကိုလည်း ဆုံးရှုံးရနိုင်တယ်။

နံပါတ် (၉) – ဟိုလိုမဝတ်နဲ့ ဒီလိုဝတ်၊ ဟိုဟာမလုပ်နဲ့ ဒီဟာလုပ်ကြမယ်၊ ဟိုလူနဲ့မတွဲနဲ့ ဝါနဲ့ပဲတွဲဆိုတဲ့ အသံတွေကို နေ့စဉ်နဲ့အမျှ ကြားရမယ်။

နံပါတ် (၁၀) – ဒါ သဘာဝပဲဆိုပြီး တို့ကနန်း ဆိတ်ကနန်း လုပ်တာတွေလည်း ခံရမယ်''

''ဟယ် ... အဲ့လိုကြီး''

''နို့ သိမှမသိတာကို''

''နို့သိ ချို့တာပေါ့လို့''

''အယ်''

ရည်းစားထားခြင်း၏ဆိုးကျိုးတွေ ပြောဆိုနေသည်ကို တစ်ဖက်ဝိုင်းမှ လူငယ်တစ်စုကလည်း အတိုင်းသားကြားနေရပါသည်။ ဒါကြောင့် ပွဲတင်သံတွေ ပြန်လွှတ်ကြ၏။

ထိုအုပ်စုထဲမှ လူငယ်တစ်ယောက်က နှုတ်ခမ်းထောင့်ကို ညွတ်သည်ဆိုရုံလေး တွန့်ကွေး၍ ...

''ရည်းစားထားရခြင်းရဲ့ ကောင်းကျိုးတွေရှိတယ်ကွ''

''ဘာတွေလဲဟ''

''ပြောစမ်းပါဦး''



www.burmeseclassic.com

www.burmeseclassic.com



အခြားသူတွေကလည်း ဖော်လိုလိုက်ပေးကြသည်။ ထိုအခါ လူငယ်က လေသံကို အနည်းငယ်မြှင့်၍ …

''နံပါတ် (၁) – လူအများကြားမှာ ကြွားကြွားဝါဝါ နေနိုင်ခြင်း။

နံပါတ် (၂) – သူမရှိကိုယ်ပေး၊ ကိုယ်မရှိသူပေး နေနိုင်ခြင်း။

နံပါတ် (၃) – ပန်းခြံများ ကစားကွင်းများအား ကြောင်ကြို့ကြောင်ကြားပါမကျန် နှံ့နှံ့စပ်စပ်ရောက်ဖူးခြင်း။

နံပါတ် (၄) – ကိုကို မောင် ချစ် မ သဲ အစရှိသဖြင့် ယုယစွာ စကားလုံးအကန့်အသတ်မရှိ ခေါ်ဝေါ်သုံးစွဲနိုင်ခြင်း။

နံပါတ် (၅) – အာရုံကြောများ ဖျတ်လတ်နိုးကြားခြင်းနှင့် လန်းဆန်းတက်ကြွနေခြင်း။

နံပါတ် (၆) – လက်သည်း ခြေသည်းရှည်ခြင်းမှ ကင်းဝေးပြီး တစ်ကိုယ်ရေသန့်ရှင်းမှုရှိခြင်း။

နံပါတ် (၇) – ရည်းစားမရှိသူအား နှိမ်၍ မင်းမှာကော ရည်းစားရှိလို့လားဟု မေးလို့ရခြင်း။

နံပါတ် (၈) – ဖေဖော်ဝါရီ (၁၄)ရက်နေ့တွင် အထီးကျန်မဆန်ခြင်း။

နံပါတ် (၉) – ပြဿနာတစ်စုံတစ်ခု ကြုံတွေ့သည့်အခါ လက်ချင်းယှက်၍ တိုင်ပင်ဖော်တိုင်ပင်ဖက်ရခြင်း။

နံပါတ် (၁၀) – နောက်ဆုံးရုံတင်ရုပ်ရှင်ကားများ အဆက်မပြတ် ကြည့်ရှုရခြင်းတို့ပဲ ဖြစ်ပါသည်။





ပြီးသာသွားတယ် ဘာကားမှန်း မသိလိုက်တာကတော့ တစ်ပိုင်းပေါ့လေ''

''ရော် … ဒီလိုကိုး''

''နို့ သိမှမသိပဲ''

''ချောချောထဲက ပေါပါလား''

''သိရင် ချို့ပစ်လိုက်မှာပေါ့''

ဟေးခနဲ အော်သံတွေ ဆူညံသွားလေသည်။ ဘာရယ်မဟုတ်သော်ငြားလည်း လူစုံလျှင် အော်ချင်ဟစ်ချင်တာကိုက လူငယ်ဘဝ၏ စရိုက်သကော်တတစ်ခုသာ ဖြစ်၏။

ဆူညံသံတွေ မရပ်စဲသေးခင်မှာပင် …

ရည်းစားထားခြင်း၏ ကောင်းကျိုးတွေ ပြောဆိုသော လူငယ်သည် ခေါင်းကို ငဲ့စောင်း၍ တစ်ဖက်ဝိုင်းသို့ လှည့်ကြည့်လိုက်ပါသည်။ ထိုအခါတွင် မာနရောင်တွေ တဖိတ်ဖိတ်တောက်နေသော မျက်ဝန်းနက်တစ်စုံမှ အကြည့်ရိုင်းရိုင်းတို့နှင့် သူ ရင်ဆိုင်လိုက်ရလေသည်။

ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားမိ၏။

ထိုအကြည့်ရိုင်းတို့၏ ပိုင်ရှင်မှာ …

ဆင်စွယ်နှစ်ကဲ့သို့ ဖြူဖွေးဝင်းမွတ်သော လည်တိုင်သွယ်သွယ်တွင် နက်မှောင်စိမ်းလဲ့သော စကော်ပီယံရုပ်ပုံ တက်တူးလေး ဆေးခြယ်ရေးထိုးထားကြောင်း

မှတ်မှတ်ထင်ထင် သတိပြုမိလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ကျောင်းစာသင်ခန်းအတွင်း၌ ဖြစ်သည်။

စာသင်နှစ်တစ်နှစ်၏ အဖွင့်စာမျက်နှာတို့၏ ထုံးစံအတိုင်း အရာရာသည် အေးဆေးသက်သာစွာရှိနေပါသည်။ ဌာနမှူးဆရာဦးမြင့်နိုင်က အတန်းသူအတန်းသားများအား မိတ်ဆက်ဆုံးမစကားတွေ ပြောကြားနေ၏။

စိတ်ဝင်စားသူတွေကော စိတ်မဝင်စားသူတွေပါ စိတ်ဝင်စားသလိုပုံစံတွေနှင့် ငြိမ်သက်စွာရှိနေကြလေသည်။

“ဆေးကျောင်းဆိုတာ စာအရမ်းများတယ်။ ဒါကြောင့် ပညာသင်ချိန်မှာ ပညာကိုပဲ အာရုံစိုက်စေချင်တယ်။ တချို့တွေက တက္ကသိုလ်ရောက်တာနဲ့ ရည်းစားလေးတစ်ယောက်ယောက်တော့ ထားပစ်လိုက်ဦးမယ်ဆိုတဲ့ စိတ်ကူးမျိုးရှိကြတယ်။ ဆရာပြောတာ ဟုတ်တယ်မလား”

အားလုံး ဘာမှပြန်မပြောဘဲ ပြုံးစိစိ လုပ်နေကြသည်။ မျက်နှာသွင်ပြင် ကြည်ကြည်လင်လင်နှင့် ဆရာ့အမူအရာကြည့်ရတာ ပျော်ရွှင်တတ်ပုံရ၏။

ဆရာက အတန်းသူအတန်းသားများအား ဝေ့ကြည့်ပြီး ...

“ကဲ ... အပျင်းပြေ ဉာဏ်စမ်းပွဲလေး ကျင်းပလိုက်ရအောင်





ဆရာက ပညာသင်ချိန်မှာ အချစ်ကို ရှေ့တန်းမတင်စေချင်ဘူး။ မင်းတို့ကကော ဘယ်လိုယူဆလဲ။ ကိုယ်ယူဆတဲ့ အချက်ကို အားလုံးလက်ခံအောင် သာဓကနဲ့ ဘယ်သူရှင်းပြနိုင်မလဲ”

လျှပ်တစ်ပြက် ငြိမ်သက်သွားသည်။

ခဏအကြာ ...

ဖျတ်ခနဲ ... တစ်စုံတစ်ယောက် မတ်တတ်ရပ်၏။ အားလုံး၏ အာရုံက ထိုသူ့ထံ စုပုံသွားသည်။ Scorpion ရုပ်ပုံ Tattooနှင့် ကင်းမြီးကောင်မလေး ... ။

မိမိကိုယ်မိမိ ယုံကြည်မှုတွေ ပြည့်ဝနေသည့်ဟန်ပန်နှင့် သူမက စကားကို ရဲဝံ့စွာဆိုသည်။

“အချစ်ဆိုတာ တကယ်မရှိပါဘူး။ ရင်ခုန်နှုန်းတွေ တဒုန်းဒုန်းနဲ့ ဖြစ်နေတာ၊ ကတုန်ကယင်နဲ့ ဇောချွေးတွေ ပျံနေတာ၊ ပြောဖို့စကားတွေ ရင်ခေါင်းထဲကနေ မထွက်ဘဲ တစ်တစ်ဆို့ဆို့ဖြစ်နေတာ ... အဲ့ဒါ ရှူးမက်ပါ။

သူ့ရဲ့အဖြစ်တွေကို ခွင့်လွှတ်ပေးနိုင်တာ၊ သူ့အတွက် ကိုယ်ကြိုက်တဲ့ အရာအားလုံးကို စွန့်လွှတ်ဖို့ ဝန်မလေးဘူးဖြစ်နေတာ ... အဲ့ဒါ လဲလှယ်မှု ထိုက်တန်တယ်ထင်လို့ပါ။ အနားမှာနေပြီး လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးချင်တာ အချစ်မဟုတ်ပါဘူး။ အဲ့ဒါ သနားစိတ်နဲ့ ငါဟာ သဘောထားကြီးသူပါဆိုတာကို ပြချင်တဲ့ ဗီဇကြောင့်ပါ။

အတွေးထဲမှာ အမြဲတမ်း မင်းတစ်ယောက်တည်းပဲ ရှိတယ်ဆိုရင် အဲ့ဒါ လိမ်တာပါ။ အနားက တစ်ဖဝါးမှ မခွာစေချင်တာ၊ မျက်စိအောက်က အပျောက်မခံနိုင်ဘူး ဖြစ်နေတာ ... အဲ့ဒါ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနည်းလွန်းလို့ ဖြစ်ပေါ်လာတဲ့ မှီခိုချင်စိတ်ပါ။

တကယ်တော့ အချစ်ဆိုတာ အတ္တရဲ့အသုံးချခံပါ။ လူတွေဟာ



www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်အတ္တပြည့်စုံဖို့၊ အခြားလူတစ်ယောက်ဆီကနေ ကိုယ်လိုချင်တာတွေ အရယူဖို့အတွက် အချစ်ဆိုတဲ့ စကားလုံးကို ခပ်တည်တည်နဲ့ သုံးစွဲနေကြတာပါ။

ဒါကြောင့် ... သေချာခိုင်မာမှု မရှိတဲ့ အချစ်ဆိုတာကို ရှေ့တန်းမတင်ဘဲ ပညာရေးကိုဘဲ အာရုံစိုက်သင့်ပါတယ်''

ဟေးခနဲ အော်ကြသည်။ အချို့က လက်ခုပ်တီးကြ၏။ ကင်းမြီးကောက်မလေးကတော့ ပြောပြီးတာနှင့် ခပ်တည်တည်ပဲ ပြန်ထိုင်လေသည်။

သူမထိုင်တာနှင့် ကျောင်းသားတစ်ယောက် မတ်တတ်ရပ်၏။ မျက်ပေါက်ကျဉ်း၍ မျက်လုံးအနည်းငယ် မှေးစင်းသည့်မှအပ အသားဖြူဖြူနှင့် လူချောတစ်ယောက် ဖြစ်သည်။

သူက လည်ချောင်းတစ်ချက်ရှင်းပြီး ကင်းမြီးကောက်မလေးထံ အကြည့်တွေ ပို့လွှတ်ကာ ...

''ကျွန်တော်ကတော့ အချစ်ဆိုတာကို ယုံပါတယ်။ သူ့ရဲ့အကြည့် တစ်ချက်မှာတင် ရင်ခုန်သံ ရပ်တန့်မတတ်ဖြစ်သွားလို့ သူ့ကို တစ်ဘဝလုံး ပိုးအပ်ချင်စိတ်တွေ ဖြစ်ပေါ်မိပါတယ်။ သူမုန်းမှာကို ကျွန်တော် အသည်းကြွေမတတ် စိုးရိမ်နေမိတယ်။ သူ့ရဲ့အားသာချက်တင်မဟုတ်ဘဲ အားနည်းချက်တွေကိုပါ သူ့ရဲ့အစိတ်အပိုင်းတစ်ခုအနေနဲ့ လက်ခံဖို့ အသင့်ပြင်ထားပါတယ်။ သူဟာ ကျွန်တော့်ရဲ့ အမြတ်နိုးဆုံး တစ်ခုတည်းသော ကောင်းကင်ပါ။ သူ့ထက်ကိုယ့်ကို ဆွဲဆောင်နိုင်သူရှိရင်တောင်မှ သူ့ကိုပဲ သစ္စာရှိရှိ ဆက်ချစ်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ဒါကြောင့် ... ကိုယ်ချစ်တဲ့သူရှိတဲ့ ကျောင်းတော်ကြီးမှာ သူနဲ့အတူ ပညာတွေသင်ရမှာကို ပျော်ပါတယ်''

ဖော်ရဲထက်ကွ ... ဟု ကျောင်းသားတစ်ယောက်က ထအော်



သည်။ ဆရာကို ရှေ့ထားပြီး သွယ်ဝိုက်၍ ရည်းစားစကားပြောပစ်လိုက်တာ ... ။

ဆရာကလည်း ရိပ်မိဟန်နှင့် ပြုံးပြီး ...

''ချစ်တာလည်း ချစ်ပေါ့ကွာ။ ဆရာတို့လည်း ငယ်ရာက ကြီးလာတာဆိုတော့ အထိုက်အလျောက်ကတော့ အပြစ်မတင်ချင်ပါဘူး။ ဒါပေမယ့် ပညာကိုလည်း ကြိုးစားသင်ဦး။ တစ်ချစ်တည်းချစ်နေလို့ ဆရာဝန်မဖြစ်ဘဲ အသည်းကင်ဆာရောဂါသည် ဖြစ်နေဦးမယ်''

အားလုံးပဲ ဝါးခနဲရယ်ကြသည်။ ဖော်ရဲထက်ဆိုသော ကျောင်းသားမှာ ရှက်ရယ်ရယ်ပြီး ပြန်ထိုင်သွားလေသည်။

''ကဲ ... နောက်တစ်ယောက် ... ဘယ်သူဘာပြောဦးမလဲ''

ဂျိုဝီ ဂျိုဝီ ဆိုသော အသံတွေ ထွက်ပေါ်လာသည်။ အတန်း၏ နောက်ဘက်နားဆီမှ ကျောင်းသားတစ်စုက တစ်စုံတစ်ယောက်ကို အတင်း ပဲ မတ်တတ်ရပ်ခိုင်းနေ၏။

ဆရာက ထိုကျောင်းသားကို ကြည့်ပြီး ...

''မင်းနာမည်က ဂျိုဝီတဲ့လား''

''မဟုတ်ပါဘူး ဆရာ။ ကျွန်တော့်နာမည် ခက်ဆစ်ပါ''

အသားလတ်လတ်နှင့် ရုပ်ရည်က သာမန်မျှသာဖြစ်သော်လည်း ထူထဲထင်ရှားသော မျက်ခုံးတန်းအောက်မှ သူ့မျက်လုံးတွေက ထူးခြားသည်။ စူးရှသည့်အကြည့်တွေက ထက်မြက်မှုကို ဖော်ပြနေသကဲ့သို့ရှိ၏။

''ဒါဆို မင်းကို ဘာလို့ ဂျိုဝီလို့ခေါ်ကြတာလဲ''

''အဲ့ဒါက ဒီလိုပါ ဆရာ။ အင်္ဂလန်နိုင်ငံမှာဆို လူရွှင်တော်နဲ့ ပျော်တော်ဆက်တွေကို ဂျိုဝီ(Joey) လို့ သုံးနှုန်းခေါ်ဝေါ်ကြပါတယ်။ အဲ့ဒါကလည်း ဂျိုးဇက်ဂရီမာလဒီဆိုတဲ့ နာမည်ကျော်လူရွှင်တော်ကြီးကို ဂုဏ်ပြုသောအားဖြင့် တင်စားပြီး ခေါ်ကြတာပါ။ သူဟာ အနုပညာမြောက်သည့်


www.burmeseclassic.com

www.burmeseclassic.com

လူရှင်တော်တစ်ဦး ဖြစ်ရုံသာမကဘဲ အဆို၊ အကနဲ့ သရုပ်ဆောင်မှုတို့မှာပါ ထူးချွန်သူဖြစ်ပါတယ်။ ဒါကြောင့် သူ့ကို တစ်ခေတ်တစ်ယောက် အနုပညာရှင်လို့တောင် သဘောထားကြပါတယ်''

''အဲ ... ဒါနဲ့ မင်းနဲ့က ဘယ်လိုပတ်သက်သွားရတာလဲ''

အင်္ဂလန်အထိတောင် ရောက်သွားသဖြင့် ဆရာ အတွေးရခက်သွားပုံပေါ်သည်။

''သူက မင်းနဲ့ အမျိုးတော်တာလား။ မင်းရဲ့အဘိုးလား''

''မဟုတ်ပါဘူး ဆရာ။ သူနဲ့ကျွန်တော် ဘာမှမတော်ပါဘူး။ ကျွန်တော်ရဲ့ အဘိုးလည်း မဟုတ်ပါဘူး။ အင်္ဂလိပ်တပ်တွေ မြန်မာပြည်ထဲဝင်လာတုန်းကလည်း ကျွန်တော့်အဘွား ဘေးကင်းရာမှာ ရှိနေတယ်လို့ သိရပါတယ်''

ခက်ဆစ်အဖြေကြောင့် ရယ်သံတွေ ထွက်ပေါ်လာကြသည်။ ဆရာလည်း ပြုံးပြီး ...

''ဒါဆို မင်းကို ဂျိုဝီလို့ ဘာလို့ခေါ်တာလဲကွ။ ရှင်းစမ်းပါဦး''

''အလယ်တန်းနဲ့ အထက်တန်း တောက်လျှောက် ကျောင်းမှာမိဘ၊ ဆရာ၊ ကျောင်းသားစုံညီပွဲတော်ကျင်းပရင် ကျွန်တော်က သီချင်းဝင်ဆိုလိုက်၊ မောင်ရွှေရိုးနဲ့ ချစ်စံပယ်အကမှာ လူရှင်တော်ဝင်လုပ်လိုက်၊ ပြဇာတ်မှာ သရုပ်ဆောင်လိုက်နဲ့ နှစ်စဉ်နှစ်တိုင်းပါပဲ။ ဒါ့အပြင် ကဗျာ၊ ဝတ္ထုတိုဆိုရင် ဆုတွေ ... ဘောလုံး၊ ပန်းချီနဲ့ စကားရည်လုပွဲ ကျပန်းစကားပြောပွဲတွေမှာပါ ကျွန်တော် အမြဲပါပါတယ်။ ဒါကြောင့် ကျောင်းက ဆရာဆရာမတွေက ကျွန်တော့်ကို ပါလေရာငါးပိချက်ဂျိုဝီလို့ ခေါ်ကြပါတယ်''

''ဩော်''

''ကျွန်တော့်ကို အတင်းထခိုင်းတဲ့ နှစ်ယောက်က ကျွန်တော်နဲ့ တစ်ကျောင်းတည်းနေဖူးတဲ့ သူငယ်ချင်းနဲ့ ကျူရှင်မှာခင်တဲ့ သူငယ်ချင်းပါ။ သူတို့က ဂျိုဝီ ဒီတစ်ခါလည်း ပါလေရာငါးပိချက်လုပ်လိုက်ဦးဆိုပြီး ကျွန်တော့်ဖင်ကို မြှောက်တွန်းလိုက်ကြလို့ အခုလို ကျွန်တော် မတ်တတ်ကြီး ဖြစ်လာရတာပါ''

ဝါးခနဲ ရယ်ကြပြန်၏။ ဆရာလည်း ရယ်လျက်နှင့်ပင် ...

''မတ်တတ်ထလက်စနဲ့ ပါလေရာငါးပိချက်လုပ်သွားပါဦး မောင်ဂျိုဝီ။ အချစ်နဲ့ပညာရေးကို မင်း ဘယ်လိုသဘောထားလဲ။ မင်းရဲ့ထင်မြင်ယူဆချက်ကို ပြောပြစမ်းပါဦး''

မျက်နှာပိုးသပ်၍ ခဏမျှ စဉ်းစားပြီးမှ ခက်ဆစ်က ...

''အချစ်စိတ်ဆိုတာ တကယ်ရှိတယ်လို့ ကမ္ဘာတစ်ဝှမ်းလုံးက လက်ခံထားကြပါတယ်။ အချစ်နဲ့ ပတ်သက်ပြီးတော့လည်း သုတေသနတွေ အမျိုးမျိုး ပြုလုပ်နေကြပါတယ်။ လူသားတစ်ယောက်အတွက် အချစ်ဆိုတာ တကယ်လိုအပ်ပါတယ်။

အချစ်ကြောင့် နာကျင်ခြင်းဝေဒနာတွေ ခံစားရနိုင်တယ်။ ဒါပေမယ့် အချစ်ကြောင့် နာကျင်ခြင်းဝေဒနာတွေ လျော့ပါးသက်သာစေတယ်လို့ အမေရိကန်သုတေသီတွေက ဆိုပါတယ်။ အချစ်ဟာ စိတ်ခံစားချက်ဖြစ်ပေမယ့် ပညာရှင်တွေက သိပ္ပံနည်းကျသက်သေပြနိုင်ဖို့ ကြိုးပမ်းခဲ့ကြပါတယ်။

စတန်းဖို့ဒ်တက္ကသိုလ်က သိပ္ပံပညာရှင်တွေဟာ ကျောင်းသား (၁၅)ဦးကို လေ့လာခဲ့ပါတယ်။ ချစ်သူသက်တမ်း ပထမကိုးလ ပြင်းပြတဲ့ ချစ်ခြင်းကာလအတွင်းမှာ ရှိနေသူတွေကိုသာ ရွေးချယ်ခဲ့တာပါ။ သူတို့ ချစ်သူတွေရဲ့ ဓာတ်ပုံတွေနဲ့ အသိအကျွမ်းဓာတ်ပုံတွေကိုလည်း ယူလာခိုင်းပါတယ်။။

ဘယ်လိုစမ်းသပ်သလဲဆိုတော့ ...

စမ်းသပ်ခံကျောင်းသားတွေရဲ့လက်ကို ကွန်ပျူတာနဲ့ထိန်းချုပ်




www.burmeseclassic.com

www.burmeseclassic.com

ဆားတဲ့ အပူပြားကပ်ပေးထားပါတယ်။ အသင့်အတင့် နာကျင်ခြင်းဝေဒနာဖြစ်ပေါ်စေဖို့အတွက်ပါ။ ဦးနှောက်အစိတ်အပိုင်းများ ပြောင်းလဲမှုကိုလည်း Functional MRI စက်နဲ့ ရိုက်ကူးပြီး အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်နေပါတယ်။

အသည်းပေါက်မတတ်ချစ်တဲ့ ခံစားချက်ဟာမတူညီတဲ့ဦးနှောက်အစိတ်အပိုင်း အများအပြားမှာ ပြင်းထန်တဲ့ လှုပ်ရှားမှုတွေ ဖြစ်ပေါ်မှုနဲ့ ဆက်နွယ်နေပါတယ်။ အဲဒီ ဦးနှောက်အစိတ်အပိုင်းတွေမှာ 'ဒိုပါမင်း' လို့ခေါ်တဲ့ ဦးနှောက်ဓာတုပစ္စည်းတစ်မျိုးထွက်လာတဲ့အခါ ကောင်းမွန်တဲ့ ခံစားချက်ဖြစ်ပေါ်စေပါတယ်။ သကြားလုံးစားရင် ဒိုပါမင်းထွက်သလို၊ ကိုကင်းသုံးရင် ဒိုပါမင်းထွက်သလို ... လူတစ်ယောက်ကိုချစ်တဲ့အခါမှာလည်း ဒိုပါမင်း ထွက်ပါတယ်။

နာကျင်ခြင်းဝေဒနာခံစားရတဲ့အခါ Functional MRI က ရိုက်ကူးထားတဲ့ ပုံရိပ်မှာ ဦးနှောက်ဧရိယာအချို့ လင်းလက်လာကြောင်းတွေ့ရတယ်။ ပျော်ရွှင်ခြင်းခံစားရင် လင်းတဲ့ဧရိယာတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်နေပါတယ်။ အဲဒီအချိန်မှာ ချစ်သူရဲ့ဓာတ်ပုံကို မြင်ရပြီး အချစ်စိတ်တွေဖြစ်လာရင် ဦးနှောက်ရဲ့ရှေးကျတဲ့ အခြေခံလုပ်ငန်းတွေ ပိုမိုလုပ်ဆောင်လာပြီး နာကျင်မှုသက်သာသွားကြောင်း တွေ့ရပါတယ်။ အချစ်ရဲ့စွမ်းအားဟာ ဘိန်းပါဝင်တဲ့ အကိုက်အခဲပျောက်ဆေးတွေနဲ့ လုပ်ဆောင်ပုံချင်းဆင်တူပါတယ်။

ဒေါက်တာဂျရက်ရွှန်ဂါက ...

''ကိုကင်း၊ ဘိန်းနဲ့ ဆေးစွဲတဲ့အခါ အဓိကပါဝင်ပတ်သက်နေတဲ့ ဦးနှောက်ဧရိယာ Nucleus Accumbens ကပဲ အချစ်စိတ်နဲ့ ပတ်သက်နေပြန်တယ်'' လို့ ရှင်းပြပါတယ်''

ဒါဘီတက္ကသိုလ်က ဦးနှောက် အာရုံကြောနဲ့ စိတ်ကျန်းမာရေး





ပါမောက္ခပေါလ်ဂီဘတ်က ...

''စိတ်ခံစားချက်နဲ့ နာကျင်ခြင်းဝေဒနာ ဆက်နွယ်နေတာသိသာပါတယ်။ ဘောလုံးသမားတွေကိုကြည့်ပါလား။ ကစားနေရင်း နာကျင်ပြင်းထန်တဲ့ ဒဏ်ရာရသွားပေမယ့်လည်း စိတ်ခံစားချက် ပြင်းထန်ပြီးဒေါကပ်နေတော့ ဆက်ကစားနိုင်ကြတယ်လေ'' လို့ ပြောပါတယ်။

တစ်ကိုယ်တည်း အထီးကျန်ပြီး စိတ်ဓာတ်ကျနေသူတွေဟာ နာကျင်ခြင်းကို ခံနိုင်ရည်နည်းပါးကြပါတယ်။ လုံခြုံနွေးထွေးမှုခံစားရရင်၊ ဂရုစိုက်မှုခံရရင် နာကျင်ခြင်းကို ခံနိုင်ရည်မြင့်ကြတယ်။ ဒါကြောင့် တစ်ဦးနဲ့တစ်ဦး ချစ်ခင်ဂရုစိုက်ကြပါ။ သဲသဲလှုပ်ချစ်တဲ့ ပထမကာလလွန်မြောက်သွားရင်လည်း အလားတူ မေတ္တာတရားနဲ့ အစားထိုးရှေ့ဆက်သွားကြပါလို့ အကြံပြုတိုက်တွန်းထားပါတယ်။

အချစ်ဆိုတာ စိတ်ပျက်စရာ ခါးသီးနာကျင်စရာတွေချည်းသက်သက် ဆိုရင် ခေတ်အဆက်ဆက် ဘာကြောင့် ကျင့်သုံးတည်မြဲနေမှာလဲ။ Love ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကလေးတစ်ခုကို ကျွန်တော် တင်ပြချင်ပါတယ်''

ခက်ဆစ်သည် စာရွက်နှင့် ဘောလ်ပင်ထုတ်၍ တစ်စုံတစ်ခုရေးခြစ်သည်။ ထို့နောက် ထိုစာရွက်ကို ဆရာအား သွားပြ၍ တီးတိုးစကားဆိုပါသည်။

မကြာမီ ...

အထက်မျက်နှာကြက်ဆီမှ ကျဆင်းလာသည့် အဖြူရောင်ပိတ်ကားပေါ်တွင် Visual Projector ဖြင့် သွယ်ဆက်ထားသည့် စာသားများ ထင်ထင်ရှားရှား ထွက်ပေါ်လာလေသည်။

**LOVE**

L - not only for "Lust"

www.burmeseclassic.com

O - not only for "Over"

V - not only for "Vile things"

E - not only for "Emotion"

ခက်ဆစ်က ထိုစာတမ်းအား ပြသပြီး ...

''အချစ်ဆိုတာ ရမ္မက်ဆန္ဒတစ်ခုတည်းအတွက်လည်း မဟုတ်ပါဘူး။ အချစ်ဆိုတာ ဟန်ဆောင်မှုကင်းပြီး ပကတိရိုးရှင်းရမယ်။ အပေါ်ယံ သတ်မှတ်ချက်တွေနဲ့ ဖွဲ့စည်းထားတဲ့အရာ မဟုတ်ပါဘူး။ အချစ်ဆိုတာ မေသတီစရာ စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့အရာတစ်ခုလည်း မဟုတ်ပါဘူး။ အချစ်ဆိုတာ စိတ်ခံစားမှုတစ်ခုတည်းအတွက် ဖြစ်ပေါ်လာတဲ့အရာလည်း မဟုတ်ပါဘူး။ အချစ်မှာ ထူးခြားတဲ့တန်ခိုးစွမ်းအင်တွေ ကိန်းအောင်း ပါဝင်နေပါတယ်။ ဒါကြောင့် လူတစ်ယောက်မှာ အချစ်စိတ်ဖြစ်ပေါ်တယ်ဆိုတာ လူသားပီသခြင်းရဲ့ သင်္ကေတတစ်ခုသာဖြစ်ပါတယ်''

လက်ခုပ်သံတွေ တဖြောင်းဖြောင်း ထွက်ပေါ်လာကြသည်။ ခက်ဆစ်က သူ့စကား မပြီးဆုံးသေးကြောင်း လက်ကာပြပြီး ...

''လူသားတစ်ယောက်အတွက် အချစ်ဆိုတာ လိုအပ်ချက်တစ်ခုဖြစ်ပေမယ့် အရေးကြီးဆုံးအရာတစ်ခုလည်း မဟုတ်ပြန်ပါဘူး။ အရေးကြီးဆုံးဆိုတဲ့ သတ်မှတ်ချက်ဟာ အခြေအနေအချိန်အခါနဲ့ တိုက်ရိုက်ပတ်သက်မှုရှိပါတယ်။ လတ်တလော အိမ်သာတက်ချင်နေသူတစ်ယောက်အတွက် အိမ်သာဟာ အရေးကြီးသလိုပေါ့။ အခု ကျွန်တော်တို့ ပညာသင်နေချိန်မှာလည်း ပညာသာ အရေးကြီးဆုံး ဖြစ်ပါတယ်''

ဒီတစ်ခါ လက်ခုပ်တီးတာက ဆရာကိုယ်တိုင်ဖြစ်သည်။

''ဖူးစာဟာ ဦးရာဆိုတဲ့ စကားကြောင့် ကိုယ်ချစ်တဲ့သူ သူများနောက်ပါသွားမှာကို စိုးရိမ်နေတဲ့ လူတွေရှိကြမှာပါ။ ဒါဟာ ခဏတာသာယာမှုသာ ဖြစ်နိုင်ပြီး ရေရှည်တည်တံ့ခိုင်မြဲမယ်လို့ အာမမခံနိုင်ပါ





ဘူး။ စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာဟာ အချိန်ကာလကို စိန်ခေါ်ရဲရပါမယ်။

အချစ်စိတ်ဟာ နာကျင်မှုဝေဒနာတွေကို လျော့ပါးသက်သာစေတယ်လို့ အတည်ပြုနိုင်ပြီး ဖြစ်ပေမယ့်၊ အချစ်စိတ်ကြောင့် နာကျင်မှုဝေဒနာတွေ ခံစားရတာလည်းရှိပါတယ်။ အချစ်စိတ်ဟာ လူကို မိန်းမောစေတယ် ယစ်မူးစေတယ် စွဲငြိစေတယ်။ ဒါကြောင့် ပညာသင်ချိန်မှာ အချစ်ကို မကိုးကွယ်သင့်ပါဘူး။

အချစ်စိတ် ဖြစ်ပေါ်လာရင်လည်း ကိုယ့်ရဲ့အချစ်ဟာ စစ်မှန်ရဲ့လားဆိုတာ ပညာသင်ယူရင်း အချိန်ကာလနဲ့ မှတ်ကျောက်တင်ကြည့်သင့်ပါတယ်။ ဒါမှ နှစ်ဦးနှစ်ဖက် နစ်နာဆုံးရှုံးမှုတွေ နည်းပါးမှာပါ''

ခက်ဆစ်သည် စာရွက်နှင့် ဘောလ်ပင်ယူ၍ တစ်စုံတစ်ခုရေးခြစ်ပြန်သည်။ ပြီးနောက် ... ဆရာ့အား ပေး၏။

အဖြူရောင်ပိတ်ကားပေါ်မှ အက္ခရာစာသားများ တဖျတ်ဖျတ်ပြောင်းလဲသွားပြန်ပါသည်။

A-1, B-2, C-3, D-4, E-5, F-6,
G-7, H-8, I-9, J-10, K-11, L-12,
M-13, N-14, O-15, P-16, Q-17, R-18,
S-19, T-20, U-21, V-22, W-23, X-24,
Y-25, Z-26

Love = ?

Friendship = ?

Love = 12 + 15 + 22 + 5 = 54

Friendship = 6+18+9+5+14+4+19+8+9+16= 108

54 + 54 = 108


www.burmeseclassic.com

www.burmeseclassic.com



## Love < Friendship

ခက်ဆစ်သည် ပိတ်ကားပြင်အား ညွှန်ပြ၍ ...

''Friendship ဆိုတဲ့ မိတ်ဆွေသူငယ်ချင်းဟာ Love ဆိုတဲ့ အချစ်ရဲ့နှစ်ဆတိတိရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကျောင်းသူကျောင်းသားတွေဟာ ပညာသင်ချိန်မှာ Love ဆိုတဲ့ အချစ်စိတ်ကို ချိုးနှိမ်ပြီး Friendship ဆိုတဲ့ မိတ်ဆွေသူငယ်ချင်းအဖြစ်နဲ့ အချင်းချင်းရိုင်းပင်းကူညီရင်း စာသင်နှစ်တွေကို ပျော်ရွှင်စွာ ဖြတ်သန်းကြရအောင်လို့ အဆိုပြုတိုက်တွန်းချင်ပါတယ်''

လက်ခုပ်သံတွေ တဖြောင်းဖြောင်း ကျယ်လောင်စွာ အော်မြည်ထစ်ချုန်းလာလေသည်။ ခပ်တင်းတင်းဖိဆုပ်ထားသည့် လက်ဖဝါးတစ်စုံ၏ ထိခိုက်ပွတ်တိုက်မှုတော့ မပါဝင်ပေ။

မာနဆိုတာ ကိုယ်စီကိုယ်ငှ အရောင်လက်ကြသည်ပဲလေ ...



''ဒီအခန်းထဲမှာရှိတဲ့ Roll-1 ဆိုတာ မင်းလား''

ဆရာမေးတော့ ခက်ဆစ် ခေါင်းညိတ်ပြလိုက်သည်။

''ဒါဆို Roll-2 က ဘယ်သူလဲ''

လှုပ်ရှားမှု တစ်စုံတစ်ရာ မရှိ။

''ကျောင်းမလာတာလား။ ရှိတယ်ဆို ဆရာ့ကို မတ်တတ်ရပ်ပြပါ''

Scorpion ရုပ်ပုံ tattoo ...။

မျက်ဝန်းတွေက စူးခနဲ ...။

''သမီးနာမည် ဘယ်သူလဲ''

''ကောင်းကင်ချို''



www.burmeseclassic.com

www.burmeseclassic.com

'တစ်' မဖြစ်ရရင်

'သုည' ပဲ ဖြစ်ချင်တယ်ဆိုတဲ့ စိတ်ကူး

ရူးတယ်လို့ပဲ ရှုတ်ချလိုက်ချင်တယ်။

ဂဏန်းအားလုံးဟာ

သူ့တန်ဖိုးနဲ့သူ နေရာရှိကြပြီးသားပါ။



## အခန်း (၃)

''ဒီနေ့ အတန်းထဲမှာ နင်တွက်ပြတဲ့ ပုစ္ဆာလေးက မိုက်တယ် နော်''

ညနေကျောင်းဆင်းချိန် စာသင်ခန်းထဲကအထွက်မှာ သူ့အနားသို့ ရောက်လာပြီး ပြောသည်။ ယုဝါနှင့် သူသည် ငယ်ငယ်တည်းက သူငယ်ချင်းဖြစ်သည်။

ထို့ပြင် ...

''အိမ်ကကား လာကြိုမှာဟ။ နင် ငါနဲ့ပဲ ပြန်လိုက်ခဲ့နော်''

''နေပါဟာ။ ငါ့ဟာငါ လိုင်းကားနဲ့ပဲ ပြန်ပါ့မယ်''

''လာပါ ... နင်ကလည်းဟာ ... ငါတစ်ယောက်တည်းပြန်ရမှာ ပျင်းလို့ပါ။ မနက်ကလည်း နင့်ကို ဝင်ခေါ်သေးတယ်။ ထွက်သွားပြီဆိုလို့ ...''

သွေးကြောစိမ်းစိမ်းလေးတွေကိုပင် ဖောက်ထွင်းမြင်နေရသည့် လက်ချောင်းသွယ်သွယ်လေးတွေနှင့် ယုဝါက သူ့လက်ကို အတင်းပဲဆွဲထားသည်။ ယုဝါအထာဆိုတာ အဲ့ဒါပဲ ဖြစ်သည်။ သူ့အပေါ် အရမ်းကောင်းလွန်းသည့် သူ့ရဲ့သူငယ်ချင်းမလေး ... ။

အသားဖြူဖြူ ကိုယ်နေဟန်မတ်မတ်နှင့် ပါးပါးလှပ်လှပ် ပိုးအပ်



www.burmeseclassic.com

www.burmeseclassic.com

ဖြူမလေးပေါ့ ... ။

သူမကိုယ်မှာ ထူတာဆို၍ လမ်းလျှောက်လျှင် အိပဲ့အိပဲ့နှင့် တုန်ခါနေတတ်သော နက်မှောင်ပျော့ဆင်းသည့် ဆံနွယ်ခပ်ရှည်ရှည်တွေသာ ရှိပါသည်။

ကျောင်းရှေ့ မလှမ်းမကမ်း ကုက္ကိုပင်အောက်မှာ ရပ်ထားသည့် ဆလွန်းကားအဖြူရောင်လေးဆီ ရောက်သောအခါ လာကြိုသော ကိုမျိုးကြီးအား တွေ့လိုက်ရ၏။

''ဘယ်လိုလဲ သူငယ်ချင်းနှစ်ယောက် ... ကျောင်းတက်ရတာ အဆင်ပြေရဲ့လား''

ယုဝါက ပြုံး၍ခေါင်းညိတ်ပြသည်။ ခက်ဆစ်က ...

''ပြေပါတယ်ဗျာ။ ဒါနဲ့ ဆိုင်ကို ဒီအတိုင်းပဲ ထားခဲ့တာလား''

''အေးပေါ့ကွာ။ တခြားကောင်လေးတွေနဲ့ ခဏလွှဲထားခဲ့ရတာပေါ့။ အလုပ်တွေက အရမ်းကျနေတာ။ ဆရာသမားက ကျောင်းသွားကြိုချေဦးဆိုလို့ ထွက်လာခဲ့ရတာ''

ကိုမျိုးကြီးသည် အသားညိုညို ဂင်တိုတိုနှင့် လူပျိုကြီးဖြစ်သည်။ ဆရာသမားဆိုတာက ယုဝါ၏ဖခင် ဦးကြူခင်ကိုပြောတာဖြစ်သည်။ ယုဝါကို သူ့မိဘတွေက စိတ်မချသဖြင့် တစ်ယောက်တည်း ကားပေးမမောင်းချေ။

ကိုမျိုးကြီးသည် ယုဝါတို့အိမ်က ကားဝပ်ရှော့မှာ အလုပ်လုပ်သည့် စက်ဆရာ။

တက္ကသိုလ်ဝင်တန်းစာမေးပွဲတွေ ဖြေဆိုပြီး ကျောင်းပိတ်ရက်မှာ ခက်ဆစ်သည် ယုဝါတို့အိမ်က ဝပ်ရှော့မှာ ပညာသင်ရင်း အလုပ်ဝင်လုပ်သည်။ အဲဒီမှာ ... ဆရာတစ်ဆူဖြစ်သော ကိုမျိုးကြီးနှင့်ခင်တာဖြစ်၏။

ကားမောင်းထွက်သောအခါ နောက်ခန်းမှာ ခက်ဆစ်နှင့်အတ





ထိုင်သော ယုဝါက ...

''ဟဲ့ ... ဒီနေ့ Roll-2 နင့်ကို ရှိုးတဲ့အကြည့်က ဘုရှိုးကြီးနော်''

ခက်ဆစ် ဘာမှပြန်မပြော။ ရုတ်တရက် သူ့မျက်နှာ ညိုးကျသွားသည်။ ယုဝါလည်း ရိပ်မိသွားပြီး စကားလွှဲ၏။

''အန်တီချိုကော ကျန်းမာရေးကောင်းရဲ့လားဟင်။ နင် ဂရုစိုက်ဦးနော်''

''ဂရုစိုက်ပါတယ်ဟာ။ ငါတို့မှာ ဒီအမေနဲ့ ဒီသားပဲရှိတာကို''

နားလည်မှုအပြည့်ပါသော အကြည့်တွေနှင့် ခက်ဆစ်ကို ယုဝါ ငေးစိုက်၍ကြည့်သည်။ စကားတော့ မဆိုဖြစ်။ ခက်ဆစ်၏မိခင် ဒေါ်ချိုချိုနှင့် ...ခေါ်တာ အခုထိတိုင်ပါပဲ။

နှစ်ဦးသား ကားပြတင်းမှ ပြင်ပကိုငေးရင်း ...

''ဟင်း ... ဒီခေတ်မိန်းကလေးတွေများနော် ... ''

လေသလပ်ခံဝတ်စုံလေးတွေနှင့် ကောင်မလေးတစ်စုကိုမြင်တော့ ခက်ဆစ်က ကဗျာတစ်ပုဒ်ရွတ်သည်။

(ရေးသားသူအမည်ကို မသိရပေမယ့် နှစ်ခြိုက်မိသော ကဗျာလေးဖြစ်ပါ၏)

''မလုံ့တလုံ လုံမလေး
ချက်လေးဖော်ကာ ဝတ်လိုက်သေး
ဝတ်လိုက်ရင်လည်း ပေါင်ကပေါ်
ခြေသလုံးသားက ဝင်းလို့နော်
အင်္ကျီဝတ်တာ ရင်ကဟိုက်
မြင်လိုက်ရတာ အကွင်းလိုက်


www.burmeseclassic.com

www.burmeseclassic.com

ခေတ်နဲ့လိုက်အောင် ဝတ်စားထား
အနောက်တိုင်းက ပစ္စည်းများ
စဉ်ဆက်ဘိုးဘွား မွေနှစ်များ
မင်းတို့လေးတွေ ဖျက်တော့မလား
မိဘနှစ်ပါး မျက်ကွယ်ထား
မဟားဒယား လုပ်တော့မလား

လုံမလေးရယ် စိုးရိမ်တယ်
မလုပ်ပါနဲ့ကွယ်

တူနယ့်တယ်နယ့်တယ် ... ''

ကဗျာရွတ်သံဆုံးတော့ မျက်ဝန်းရောင်တောက်တောက်လေးတွေနှင့် ယုဝါ ပြုံးသည်။ ယုဝါပြုံးလျှင် အလွန်လှသည်။ မြင်ရသူရင်ကို အေးချမ်းကြည်လင်သွားစေသည့် ဖော်ရွေသောအလှမျိုး ... ။

ထိုအပြုံးမျိုးကို သူ့ဘဝတစ်လျှောက် သက်ရှိလူသားသုံးယောက်ဆီမှာသာ တွေ့မြင်ဖူးပါ၏။ တစ်ယောက်က အမေ ... ။ တစ်ယောက်က ယုဝါ ... ။

နောက်တစ်ယောက်က ...

''ဟူး ... ''

သက်ပြင်းတွေကို အထွေးလိုက် မှုတ်ထုတ်လိုက်မိပါသည်။

မကြာမီ ...

ကားသည် လမ်းကြားလေးတစ်ခုထဲ ကွေ့ဝင်သွားပြီး တစ်နေရာအရောက်မှာ ရပ်၏။





မုန့်ဟင်းခါးဆိုင်လေး ... ။

ခက်ဆစ် ကားပေါ်မှ ဆင်းလိုက်သည်။

''ငါ့သား ဆေးကျောင်းသားကြီး ပြန်လာပြီဟေ့ ... ''

အမေ့ ဟစ်ကြွေးသံ ... ။

စားသုံးသူတွေကို အပြုံးချိုချိုနှင့် ပြင်ဆင်ပေးနေသည့် အမေ့မျက်နှာမှာ ပီတိတွေလွှမ်းလို့ ... ။

အမေ တာဝန်ကျေပါတယ် အမေရယ် ...
သား တာဝန်ကျေဖို့ပဲ ကျန်ပါတော့တယ် ...

ထိုညက ...
အဖြူရောင်ပိုးပဝါတစ်စကို ဆုပ်ကိုင်၍
သူ အိပ်မပျော်နိုင် ဖြစ်ရလေသည် ... ။


www.burmeseclassic.com

www.burmeseclassic.com

ကြယ်စင်နတ်သမီးလေးရေ ...
နှင့်ရဲ့မျက်ဝန်းရောင်တောက်တောက်လေးနဲ့
ကြည်လင်ဖော်ရွေတဲ့ အပြုံးချိုချိုတွေ
ဘယ်ဆီရောက်နေပြီလဲ ... ? ...



## အခန်း (၄)

ကျောင်းတွေဖွင့်လှစ်ပြီး တစ်ပတ်အကြာ ကျောင်းမှာ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပပါသည်။

ထိုပွဲတွင် ထုံးစံအတိုင်း King နှင့် Queen ရွေးချယ်ကြတော့ အများဆန္ဒအရ အလှဘုရင်မမှာ 'ကောင်းကင်ချို' ဖြစ်ပြီး၊ အလှဘုရင်ကတော့ 'ဇော်ရဲထက်' ဆိုသော ကျောင်းသားဖြစ်သည်။ Miss Smile (အပြုံးအလှပိုင်ရှင်) ရွေးချယ်လျှင် ယှဉ်ဝံ့သော အသေအချာရလိမ့်မည်ဟု ခက်ဆစ် တွက်ဆထားခဲ့သော်လည်း ဆေး-၂ မှာ Miss Smile ပေးသော အလေ့အထမရှိကြောင်း အဲ့ဒီနေ့မှ သိရှိလိုက်ရ၏။

ဇော်ရဲထက်၏ ကိုယ်စိတ်နှလုံး အလုံးစုံမှာလည်း ကောင်းကင်ချို အပေါ် သက်ရောက်မှုတွေ အလွန်အားကောင်းနေလေသည်။ သူ၏ကား MARK II ခဲရောင်ကိုပင် ကောင်းကင်ချို၏ကားနှင့်တူအောင် CYGU-NUS အဖြူရောင်အဖြစ် ပြောင်းလဲပစ်လိုက်ပါ၏။

ကျောင်းဝင်းထဲမှာ ကောင်းကင်ချိုကို ကြွေသူတွေ ဒုနဲ့ဒေး။

သူမ သိပ်လှပါသည်။ ပျိုမြစ်နုနယ်မှုနှင့် အချိုးကျပေါင်းစပ်ထားသော သူမအလှက အပြစ်ဆိုစရာမရှိလောက်အောင်ကို ရက်ရက်စက်စက် ဖူးဖူးကြွကြွ သူမ လှလွန်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် … ခက်ဆစ်အတွက်ကတော့ သူမအလှကို မြင်ရသည် မှာ တစ်စုံတစ်ခု လစ်ဟာလိုအပ်နေသလိုလို … ။ ထိုခံစားမှုတို့သည် သူမနှင့်ဆုံတိုင်း သူ့ရင်မှာ ပြင်းထန်စွာ လှိုင်းခတ်ဖြစ်ပေါ်တတ်၏။

ယုဝါ၏ဖခင် အစီအစဉ်ကြောင့် ခက်ဆစ်နှင့် ယုဝါမှာ ကျောင်း အတူသွား အတူပြန်ရသည်။ အကြို့အပို့ကိစ္စတွေနှင့် မအားလပ်သော ကြောင့် ကျောင်းကို ကားယူသွားခိုင်းပြီး၊ ဝပ်ရှော့မှာ အလုပ်ဝင်လုပ်ရင်း ကားကောင်းကောင်း မောင်းတတ်နေပြီဖြစ်သော ခက်ဆစ်က ကားမောင်း ပေးရ၏။ ယုဝါတို့မိသားစုက သူ့အပေါ် နွေးထွေးသော်လည်း ခက်ဆစ် စိတ်ထဲမှာတော့ သူ့ကိုယ်သူ သူဌေးချင်းမလေးရဲ့ အလုပ်သမား ဒရိုင်ဘာအဖြစ်သာ ခံယူသတ်မှတ်ထားလေသည်။

အခွင့်အရေးဆိုတာ … အရေးပေးတာကို အခွင့်ယူတတ်တာ မျိုးကို ဆိုလိုတာလား … ။

အက္ခရာတွေအလိုက် အခန်းခွဲတော့ ခက်ဆစ်နှင့် ယုဝါ အခန်း ကွဲမည်ဟု ထင်ကြသေးသည်။ သို့သော် အမည်ရင်း နှင်းယုဝါ ဖြစ်သော 'န' အုပ်စုထဲမှ ယုဝါသည် ပွတ်ကာသီကာ Section-A မှာ ကျန်ခဲ့၏။ ဒါကိုပဲ ယုဝါခမျာ ပျော်နေသည်။ သူမ စာမရှင်းတာရှိလျှင် ခက်ဆစ်ကို အလွယ်တကူ မေးနိုင်သောကြောင့် ဖြစ်သည်။

ဒါဟာ … ငယ်စဉ်ကလေးဘဝထဲက သူတို့နှစ်ဦးကြားက အလေ့ အထတစ်ခုသာ … ။



ကောင်းကင်ချို … ။

ကျောင်းရောက်၍ ကားတံခါးဖွင့်လိုက်သည်နှင့် သူမအနားသို့ ချဉ်းကပ်လာသော ကျောင်းသားတစ်ယောက် … ။ ရုပ်ရည်က ခံစား လွယ်သည့် ကဗျာဆရာ မျက်နှာထား … ။

လက်ထဲမှာ လှပသော နှင်းဆီတစ်ပွင့်နှင့် …

''ချို … ချို့ကို ဒီပန်းလေး ပေးချင်လို့ပါ''

''ဆောရီးပဲ … ကျွန်မ ပန်းမကြိုက်တတ်ဘူး''

''ဒါဆိုလည်း အမှတ်တရအနေနဲ့ ယူသွားပါနော်။ ချို့အတွက် ရည်စူးပြီး ခြံထဲက နှင်းဆီခင်းထဲက အလှဆုံးပန်းလေးကို ရွေးနုတ်လာခဲ့ တာပါ''

''ကျွန်မ ပန်းမကြိုက်တတ်ဘူးလို့ ပြောပြီးပြီလေ''

''ယူပါ ချိုရယ် … ချိုမှ မယူရင် ဒီပန်းလေးဟာ ပိုင်ရှင်မဲ့နေမှာ ပါ''

ကားပေါ်မှဆင်း၍ ကားတံခါးကို ဂျိန်းခနဲမြည်အောင် သူမ ဆောင့်ပိတ်သည်။ ပြီးနောက် ဆတ်ခနဲ နှင်းဆီကို ဆွဲယူသည်။

ကျောင်းသားမျက်နှာ ပြုံးသွား၏။ အတိုင်းမသိ ကြည်နူးပျော် ရွှင်ကျေနပ်နေသော အပြုံး … ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် … ခဏသာ … ။

လှပသော နှင်းဆီပုံဝါဝါလေးမှာ လှပသော ဒေါက်ဖိနပ်ချွန်ချွန်လေးအောက်တွင် အညှာအတာမဲ့စွာ တစ်စစီ … ။

“ဟာ … မင်း … မင်း ဘယ်လိုလုပ်လိုက်တာလဲ”

“မြင်တဲ့အတိုင်းပဲလေ။ ကျွန်မ မယူချင်တာကို ရှင်က အတင်းပေးတာကိုး။ နောက်တစ်ခါ ဒါမျိုးထပ်ပေးဖို့ ကြိုးစားရင်လည်း ဒီလိုအဆင်မျိုးပဲ ကြုံမယ်ဆိုတာ မှတ်ထားလိုက်”

ကြွရွစွာဖြင့် သူမ လှမ်းထွက်သွားလေသည်။ အရာရာကို ဂရုမစိုက်သည့် ထီမထင်ဟန်တွေက သူမကိုယ်မှာ တစ်သားတည်းကပ်ပါနေ၏။

ကားပါကင်မှ မလှမ်းမကမ်းရောက်ရုံရှိသေး … ။

“ကောင်းကင် … ညီမလေး … ”

ဂရုဏာဆန်သော အသံက ကြွေလောက်သည်။ သားနားသပ်ရပ်သော ရုပ်ရည်ပြင်ဆင်မှုနှင့် ကျောင်းသားကြီးတစ်ယောက် … ။

“ကိုယ့်နာမည်က မြတ်စိုးပါ။ ဖိုင်နယ် ပတ်တူးက … ”

“အဲ့ဒါ ကျွန်မနဲ့ ဘာဆိုင်လို့ လာပြောနေရတာလဲ”

“ကိုယ့်ဘက်က ဆိုင်ချင်လို့ အခုလို ရောက်လာတာပေါ့ ညီမလေးရယ်။ ဆေးပညာအကြောင်း သိလာလေလေ … မိန်းမတွေဟာ ရွံ့စရာကြီးပါလားလို့ တွေးမိလေလေမို့ ဘယ်မိန်းမကိုမှ ကိုယ် စိတ်မဝင်စားဘဲနေလာတာ။ ဒါပေမယ့် ညီမလေးနဲ့တွေ့တော့ မရတော့ဘူး။ ကိုယ်တောင့်မခံနိုင်တော့ဘူး။ အဲ့ဒါကြောင့် ဖြစ်ချင်ရာဖြစ်ဆိုပြီး ချစ်ခွင့်ပန်ဖို့အတွက် ကိုယ် ရောက်လာတာပါ။ ညီမလေးကို ကိုယ် ချစ်တယ်။ ကိုယ့်အချစ်ကို လက်ခံစဉ်းစားပေးပါနော်”





“ဒီမှာ … တစ်ခါတည်း အဖြေပေးလိုက်မယ်”

“ဝမ်းသာလိုက်တာ ညီမလေးရယ် … ”

“မိန်းမတွေကို ရှင် ရွံ့တယ် မဟုတ်လား”

“အင်း … အဲ … အဲ့ဒါက အရင်ကပါ။ တခြား မိန်းမတွေကိုပါ … ။ ညီမလေး မပါဘူး … ။ ညီမလေးကို ကိုယ်က မရွံ့မရှာချစ်တာ”

“ရှင့်ဘာသာ ဘယ်လိုပဲ ချစ်ချစ် … ရှင် သိအောင် ကျွန်မ ပြောပြမယ်။ ရှင်တို့ယောကျ်ားတွေ ဆီမန်းမန်းသလို တတွတ်တွတ်ရွတ်နေတဲ့ အချစ်ဆိုတာကို ကျွန်မ အယုံအကြည်မရှိဘူး။ ပြီးတော့ မိန်းမတွေကို ရှင် ရွံ့သလို ကျွန်မကလည်း ယောကျ်ားတွေကို ရွံ့တယ်။ ရွံ့တာမှ အော်ဂလီဆန်လောက်အောင်ကို ပက်ပက်စက်စက်ရွံ့တာ … ရှင်းပြီလား။ ဒါကြောင့် ဒီနေ့ကစပြီး ကျွန်မနဲ့ ပတ်သက်ဖို့ ရှင် မကြိုးစားပါနဲ့တော့။ ဒါဟာ စိနီယာတစ်ယောက်မို့လို့ အယဉ်ကျေးဆုံး ဆက်ဆံခြင်းလို့လည်း မှတ်သွားလိုက်ပါ”

မျှော်လင့်စရာ မြူမှုန်တစ်ပွင့်တောင် လွင့်ပါမလာသော ယတိပြတ် အဖြေစကား … ။ ဒါဟာ အယဉ်ကျေးဆုံးဆို မယဉ်မကျေးသာ ဆက်ဆံလျှင် …

မြတ်စိုး တုံဏှိဘာဝေ ဖြစ်သွားရလေသည်။

အဲသည်အခိုက်မှာပဲ …

“ဘာတွေဖြစ်နေကြတာလဲ။ ဘာကူညီရမလဲ”

ခေါင်းလိမ်းဆီရွှဲနစ်နေသော ဆံပင်တွေကို လက်ချောင်းတွေနှင့် သပ်တင်ကာတင်ကာဖြင့် မော့မော့ကျော့ကျော့ ရောက်လာတာက ရုပ်ကင်း ဇော်ရဲထက် … ။ မင်းသမီးကို လူဆိုးနှောင့်ယှက်နေတုန်း ကယ်တင်ရှင် သူရဲကောင်းမင်းသား ဘွားခနဲ ရောက်ရှိလာသလိုမျိုး … ။



www.burmeseclassic.com

www.burmeseclassic.com



ဆိုဒ်ကတော့ အပြည့်။ (ဘာဆိုဒ်မှန်းတော့ မသိ)

ကောင်းကင်ချိုက ဇော်ရဲထက်ကို ကြည့်ပြီး ...

''နင်ကကော ဘာလာရှုပ်တာလဲ''

ဇော်ရဲထက်က ဆံပင်တွေ ပုံကျစေရန် လက်ချောင်းတွေနှင့် တခမ်းတနား သပ်တင်လိုက်ပြန်၏။ ကင်းဆိုတော့လည်း သိတယ်မလား။

ပြီးမှ မြတ်စိုးကို စောင်းခေခေနှင့် ကြည့်ကာ ...

''Skyကို ဒီလူ နှောင့်ယှက်နေတာ မြင်လို့ ... အဲ့ဒါကြောင့် အတန်းဖော်အချင်းချင်း အကူအညီပေးမလို့ လာတာပါ''

ကောင်းကင်ချိုက နှုတ်ခမ်းကိုမဲ့ပြီး ...

''မလိုဘူး။ ဘယ်သူ့အကူအညီမှ ငါ မယူတတ်ဘူး။ အထူးသဖြင့် ယောကျ်ားတွေရဲ့အကူအညီကို ယူဖို့ ဝါသနာမပါဆုံးပဲ။ ကူညီပြီး ရင်းနှီးမှုယူမယ်။ ပြီးရင် လိုချင်တာတွေ အနီးကပ် တောင်းဆိုမယ်။ ဒီအကွက်တွေက ဆွေးပါတယ်။ မဆိုင်တာကို ဝင်ပါရင် ဇယားရှုပ်တတ်တယ်။ ကိုယ့်လမ်းကိုယ်လျှောက်တာ အကောင်းဆုံးပဲ။ ယောကျ်ားလေး မိတ်ဆွေ မလိုချင်သလို ရန်သူလည်း မလိုချင်ဘူး။ အဲ့ဒါကြောင့် ဒီလောက်ပဲ ပြောတာ ... ဟုတ်ပြီလား ...''

အမှန်ဆို ဒီထက်မက ပြောချင်သည့်သဘော ... ။ ကျွတ်ကျဲစရာ ... ။

ဇော်ရဲထက်ခမျာ မျက်နှာမရဘဲ စီနီယာကျောင်းသားကြီး၏ မှုန်ကုပ်ကုပ်အကြည့်တွေနှင့်သာ ရင်ဆိုင်လိုက်ရလေသည်။ အရေးထဲ ဆံပင်လေး သပ်တင်လိုက်ရသေး၏။ ဟင်း ... (ဆိုဒ်တော့ အပျက်မခံ)

သူ့ခမျာလည်း ဒုက္ခ ... ။ (ကင်းဖြစ်ရတဲ့ ဒုက္ခဟုပဲ ဆိုရတော့ မလိုပါ)





ကောင်းကင်ချိုကတော့ ပြောပြီးတာနှင့် စာသင်ဆောင်တွေရှိရာဘက်ဆီသို့ လျှောက်လှမ်းသွားလေသည်။ ပျာယာခတ်ခြင်း မရှိ ... အမူအရာ ပျက်ယွင်းခြင်းမရှိ ... ။ ပကတိတည်ငြိမ်စွာ စည်းချက်ညီညာ လျှောက်လှမ်းသွားဟန်က ရင်ခုန်မြတ်နိုးစရာ ... ။

ထိုမြင်ကွင်းအားလုံးကိုကြည့်၍

ကျောင်းသားတစ်ယောက် ဘယ်ပြန်ညာပြန် ခေါင်းခါရမ်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ကျောင်းကဲန်တင်းမှာ Section-A သမားများဖြစ်ကြသော ခက်ဆစ်၊ ကျော်ကျော်နိုင်၊ ဇင်ဂို(Zingo)၊ နှင်းယုဝါ၊ ညိုမြိုလှိုင်တို့ အတူတကွ ထိုင်နေကြပါသည်။

အားလုံး ငြိမ်ချက်သားကောင်းစွာ ထိုင်နေရာမှ ...

စားပွဲခုံပေါ်မှာ တရွေ့ရွေ့ပြေးလွှားနေသော ပုရွက်ဆိတ်အရှင်တစ်ကောင်ကိုမြင်တော့ ခက်ဆစ်က ဆတ်ခနဲ ဖမ်းယူပြီး ဖင်တစ်ပြန် ခေါင်းတစ်ပြန် ကြည့်သည်။

ပြီးသောအခါ ...

''ဟင် ... ဗလလည်း မတောင့်ဘဲနဲ့''

''ဟ ... ဘာလဲဟ''

''ဘာဖြစ်တာလဲ။ ကောက်ကာငင်ကာကြီး''

ဇင်ဂိုနှင့် ကျော်ကျော်နိုင် မေးတော့ ခက်ဆစ်က ပုရွက်ဆိတ်ကို ပြပြီး ...

''ဒီကောင်တွေက အင်မတန် သန်စွမ်းတယ်ဆိုလို့ပါ။ အဲ့ဒါကြောင့် ဗလရှိမရှိ ကြည့်နေတာ။ ပုရွက်ဆိတ်တစ်ကောင်ဟာ သူ့ခန္ဓာကိုယ်အလေးချိန်ထက် အဆ ၅၀ ပိုမိုလေးလံတဲ့ အရာဝတ္ထုကို သယ်ယူချီပို့နိုင်တယ်တဲ့ ... ''





''ဟုတ်လို့လားဟယ်။ ဒီညှက်စိပက်စိလေးက ... ''

ယုဝါက မယုံမရဲပြောတော့ ခက်ဆစ် ခေါင်းညိတ်ပြလိုက်သည်။

''ကျမ်းဂန်တွေထဲမှာတော့ အဲ့ဒီအတိုင်း ရေးထားတာပဲ''

''ဟင် ... အမြင်ကတ်စရာကြီး''

ပုရွက်ဆိတ်ကို ညိုမြိုလှိုင် မနာလိုဖြစ်သွားပုံရသည်။ သူကတော့ အစားပုပ်သလောက် အားယုတ်သူလေ ... ။

''ဒီကောင်တွေက အင်မတန်စိတ်ဝင်စားဖို့ကောင်းတယ်တဲ့ဟ။ အင်းဆက်ပိုးတွေရဲ့စိတ်ကို လေ့လာတဲ့ ဆွစ်လူမျိုးစိတ်ပညာရှင် ဩဂတ်ဖောရယ်(ခရစ်–၁၈၄၈–၁၉၃၁)က 'ပုရွက်ဆိတ်တို့ရဲ့ ပေါင်းသင်းဆက်ဆံရေးလောက' ဆိုတဲ့ကျမ်းကို ၇၅နှစ်တိုင်တိုင် လေ့လာစူးစမ်းပြီး ရေးသားပြုစုခဲ့တာတဲ့''

''ဟယ် ... ပုရွက်ဆိတ်ကိုများ အရေးလုပ်လို့''

''အထင်မသေးနဲ့နော်။ အဲဒီကျမ်းက ဩဂတ်ဖောရယ်ရဲ့အထင်ရှားဆုံးကျမ်း ... တဲ့''

''အေးပါဟယ် အေးပါ ... အထင်မသေးပါဘူး။ အကြီးကြီး အကြီးကြီး အကြီးကြီး ဟောဒီလောက်ကြီး လေးစားပါတယ် ... ဟုတ်ပြီသား ... ''

ညိုမြိုလှိုင်က ပါးဖောင်းဖောင်းကြီးတွေ လှုပ်ခါပြီး လက်နှစ်ဖက်ကို ကား၍ကား၍ပြောတော့ အားလုံးရယ်မိကြသည်။

ရယ်နေရင်းမှ ...

''ဟာ ... တွေ့ပြန်ပြီ''

ခါချဉ်အရှင်တစ်ကောင် ... ။

''ဒီကောင်က ပိုကြီးတော့ ပိုလေ့လာလို့ ကောင်းမယ်''

ခက်ဆစ်သည် ပုရွက်ဆိတ်ကို လွှတ်၍ ခါချဉ်ကို ဖမ်းကာ ဖင်



www.burmeseclassic.com

www.burmeseclassic.com

ဘစ်ပြန် ခေါင်းတစ်ပြန် ကြည့်ပြန်သည်။ ဒီနေ့အဖို့ ခက်ဆစ်ရှေ့ကျလာသည့် အင်းဆက်ပိုးတွေမျှာ မသက်သာ။ ဝင့်ပေ့ါလေ ... ။


အဲသည်အချိန်မှာပဲ ...

ကဲန်တင်းထဲသို့ ကောင်းကင်ချိုနှင့် သူမ၏ သူငယ်ချင်းဖြစ်သူ နန်းခမ်းမွန်၊ ဆုလဲ့ရည်ကျော်၊ ချမ်းငြိမ့်သူတို့ ဝင်ရောက်လာကြသည်။ လေးယောက်သား အအေးမှာသောက်ပြီးနောက် ကောင်းကင်ချိုက သူမ ရှာမှီးထားသော ဗဟုသုတတို့အား ထုတ်ပြန်ကြေညာသည်။

စာအုပ်နှင့် ဘောလ်ပင်ထုတ်၍ ပုံတွေဆွဲပြပြီး ...

''လှည်းဦးတိုက် လှေဦးတိုက်နေရာမှာရှိတဲ့ အိမ်တွေ ဝိုင်းမြေတွေက ပိုင်ရှင်၊ နေသူကို ခိုက်ပြီး စီးပွားလာဘ်လာဘ မရရှိဘူးလို့ ယုံကြည်လက်ခံထားကြတယ်။ ဒါပေမယ့် ဂမ္ဘီရစာအုပ်တစ်အုပ်ထဲမှာ ငါတွေ့တာကတော့ အင်္ဂလိပ်အက္ခရာ T ပုံစံတစ်ခုသာ နေသူကို ခိုက်စေပြီး ကျန် I. J. L ပုံစံတွေက နေသူကို စီးပွားဖြစ်စေတယ်တဲ့ဟ။ ဒါကြောင့် ကိုယ်နေတဲ့ အိမ်နေရာဟာ ဘယ်လိုအမျိုးအစားထဲမှာ ပါဝင်သလဲဆိုတာ သိသားသင့်တယ်။ ဒီမှာကြည့်''


T =










I =




J =




L =




အားလုံးပဲ စိတ်ဝင်တစား ကြည့်ရှုကြသည်။ ဂုဏ္ဍိယနွယ်ဝင်ခင်သမျှ ၁၀၀% မှာ ၉၉.၉% က ဒီလိုကိစ္စရပ်တွေကို စိတ်ပါဝင်စားတတ်ကြသည် မဟုတ်လား ... ။

အားလုံးကြည့်ပြီးသောအခါ ကောင်းကင်ချိုက စာအုပ်ကို ပြန်သိမ်းပြီး ...



www.burmeseclassic.com

www.burmeseclassic.com



''လူတွေမှာ ကိုယ့်အတွက် ကံကောင်းစေတဲ့အရောင် Lucky Colour ဆိုတာလည်းရှိတယ်ဟ။ အဲဒီလို ဆင်မြန်းသုံးစွဲမယ်ဆိုရင် အဲ့ဒီလူဟာ ကံဇာတာတွေ တက်လာလိမ့်မယ်တဲ့ ... ။

(၁) ဂဏန်းသမားတွေအတွက်က ရွှေအိုရောင်နဲ့ကြေးနီရောင်။

(၂) ဂဏန်းသမားတွေအတွက်က အစိမ်းရောင်နဲ့အဖြူရောင်။

(၃) ဂဏန်းသမားတွေအတွက်က ခရမ်းရောင်နဲ့ မရမ်းရောင်။

(၄) ဂဏန်းသမားတွေအတွက်က မီးခိုးရောင်နဲ့ မှိန်ဖျော့ဖျော့အရောင်တွေ။

(၅) ဂဏန်းသမားတွေအတွက်က ငွေရောင်၊ အညိုရောင်၊ အဖြူရောင်နဲ့ ပြောင်လက်တဲ့အရောင်တွေ။

(၆) ဂဏန်းသမားတွေအတွက်က အပြာရောင်အမျိုးမျိုး။

(၇) ဂဏန်းသမားတွေအတွက်က အဖြူနဲ့ အစိမ်းရောင်အမျိုးမျိုး။

(၈) ဂဏန်းသမားတွေအတွက်က အနက်ရောင်၊ ညိုပုပ်ပုပ်အရောင်တွေနဲ့ အရောင်ရင့်ရင့်တွေ။

(၉) ဂဏန်းသမားတွေအတွက်က ပန်းရောင်နဲ့ ကြက်သွေးရောင်။

ဒီတော့ ကိုယ်က ဘာဂဏန်းသမားလဲ၊ ဘာအရောင်တွေဝတ်ဆင်ရမလဲဆိုတာ ကိုယ့်ဘာသာတိုက်ကြည့်ပေါ့''

'မ'သုံးယောက် အလုပ်ရှုပ်သွားကြသည်။

''ငါက ဇန်နဝါရီ (၂)ရက်နေ့မှာ မွေးတာဆိုတော့ ၂ ဂဏန်းသမား''

''ငါက ဇူလိုင် (၇)ဆိုတော့ လက်ကီးဆဲဗင်း''

''ဟဲ့ ... ငါက ဒီဇင်ဘာ(၃၁)ရက်မှာမွေးတာဆိုတော့ ၃၁ သမားပေါ့။ ဟင် ... နင်ပြောတဲ့အထဲမှာ ၃၁လည်း မပါဘူး''





''ဟာ ... နင်ကလည်း ... ၃၁ ဆိုရင် ၃ နဲ့ ၁ နဲ့ပေါင်းလေ အဲဒီကရတာကို အတည်ယူရတာ။ နင်က ၄ ဂဏန်းသမားပေါ့''

''သြော် ... ဂလိုလား ... ပွင့်ပြီပွင့်ပြီ ... အခန်း ပွင့်ပြီ ... ''

''ပေါက်ပြီပြောစမ်းပါဟဲ့''

''ပွင့်တာနဲ့ ပေါက်တာ အတူတူပါပဲဟယ်။ မထူးပါဘူး''

ရှမ်းတိုင်းရင်းသူမလေး နန်းခမ်းမွန်သည် တစ်ခါတစ်ခါ အဲဒီလိုပဲဖြစ်၏။ ကြောင်စီပူးလေးပေါ့ ... ။ ချမ်းငြိမ့်သူ၊ ဆုလဲ့ရည်ကျော်၊ နန်းခမ်းမွန်တို့က မေးလိုက်၊ ကောင်းကင်ချိုက ဖြေလိုက်နှင့် သူတို့စကားဝိုင်းလေးမှာ စိုပြေစည်ဝေနေပါသည်။

သူတို့အဖွဲ့ထိုင်နေတာက ခက်ဆစ်၏နောက်ကျောဘက်နားတွင်ဖြစ်သည်။ ခက်ဆစ်က သူတို့ကို သတိမပြုမိဘဲ သူ့အာရုံနှင့်သူ ခါချဉ်တစ်ကောင်နှင့် အလုပ်ရှုပ်နေပါ၏။

ကပ်လျက်ထိုင်နေသော ယုဝါက ခက်ဆစ်ကို လက်ကုတ်ပြီး

''ခက်ဆစ် ... နင် ဗေဒင်ယုံလားဟင်''

''ဟမ် ... ဘာ''

''ဗေဒင်ယတြာတွေကို နင် ယုံလားလို့ မေးနေတာ''

''သြော်''

ခက်ဆစ်က ခါချဉ်ကောင်ထံမှ အကြည့်ကိုမလွှဲဘဲ ...

''ငါ ပြောမယ်''

''အင်း ... ပြော''

''တစ်ခါက သင်္ဘောတစ်စင်းဟာ ပင်လယ်သမုဒ္ဒရာထဲမှာ နစ်မြုပ်လုဆဲဆဲ ဖြစ်နေတယ်တဲ့။ အဲဒီအချိန်ကပ္ပတိန်က သင်္ဘောသားအားလုံး ကြားအောင် အော်မေးတယ်။ မင်းတို့အထဲမှာ အန္တရာယ်ကင်းပါထာရွတ်တတ်တဲ့လူရှိသလားတဲ့''



www.burmeseclassic.com

www.burmeseclassic.com



''အဲဒီတော့ ...''

''လူတစ်ယောက်က ဝမ်းသာအားရထပြီး ကျွန်တော် ရွတ်တတ်ပါတယ်ခင်ဗျလို့ အော်တယ်''

''အဲဒီတော့ ...''

''အေး ... အဲ့ဒါဆို မင်းရွတ်ပြီး နေရစ်ခဲ့။ ကျန်တဲ့လူတွေအားလုံး သက်ကယ်အင်္ကျီအမြန်ဆုံးဝတ်ကြ။ သက်ကယ်အင်္ကျီတစ်ထည်လိုနေလို့ ... တဲ့ ...''

''ဟယ် ... သေရော ...''

''အဲ့ဒါပဲ ...။ ဗေဒင်ယတြာတွေကို ငါ ယုံတယ်လည်း မဟုတ်ဘူး။ မယုံဘူးလည်း မဟုတ်ဘူး။ ဗေဒင်ပညာကိုတော့ လေးစားတယ်။ ဗေဒင်ဆရာတိုင်းကိုတော့ လေးစားလို့မရဘူး။ တချို့ဆရာတွေက တကယ်လေးစားဖို့ကောင်းပေမယ့် တချို့တွေကတော့ ကိုယ်သိတာလေး မစို့မပို့နဲ့ တတ်ယောင်ကား ရှီးလုံးတွေ လျှောက်ထုတ်နေကြတာ။ ဒါကြောင့် ချင့်ချိန်စဉ်းစားပြီးမှ အထိုက်အလျောက်သာ ယုံသင့်တယ်။ ပြီးတော့ ဗေဒင်ပညာဆိုတာ ဗုဒ္ဓဝါဒီ မဟုတ်ဘူး။ ပုဏ္ဏားမျိုးရိုးက ဆင်းသက်လာတဲ့ပညာရပ်။ အဲဒီနှစ်ခုကို ရောထွေးနေတဲ့ လူတွေလည်း အများကြီးရှိတယ်''

ခက်ဆစ်ပြောဆိုနေတာတွေကို သူနှင့်ကျောချင်းကပ်လျက်ခုံမှာထိုင်နေသော ကောင်းကင်ချို ကြားသွားသည်။ ရုတ်ချည်း သူမမျက်နှာတင်းခနဲဖြစ်သွားပြီး သူမ မျက်ဝန်းနက်အစုံမှာ အရောင်အချို့ လက်ဖြာသွားသည်။

မာနရောင် ...။

''ငါတို့ထိုင်နေတာလည်းကြာပြီ။ သွားရအောင်''

ဇင်ဂိုက ပြောပြောဆိုဆို ပိုက်ဆံရှင်းသည်။ သူတို့အဖွဲ့ထဲမှာတော့ ဇင်ဂိုက ဘောစိ။ ဆိုင်ထိုင်လျှင် သူပဲ ရှင်းတာများသည်။





ခက်ဆစ်သည် သူငယ်ချင်းတွေခေါ်သဖြင့် ကဲင်တင်းတွင် လိုက်ထိုင်လေ့ရှိသော်လည်း ဘယ်သောအခါမှ သွားရည်စာ စားသောက်သောအလေ့အထမရှိ။ သူငယ်ချင်းတွေ အတင်းကျွေးလျှင်လည်း မစား။ နေ့လည်စာအတွက်လည်း အမြဲတမ်း အိမ်မှ ထမင်းဘူးထည့်ထုပ်လာလေ့ရှိသည်။

သူ တစ်ခုခုအတွက် ငွေကြေးသုံးစွဲမည်ပြင်တိုင်း မုန့်ဟင်းခါးသည် မိခင်ကြီး၏မျက်နှာကို မြင်ယောင်မိသောကြောင့် ဖြစ်လေသည်။

''လာ ... ထ ... လိမ့်မယ်''

ကျော်ကျော်နိုင်က ခက်ဆစ်ပခုံးကိုဖက်ခေါ်သည်။ ခက်ဆစ်သည် သူ့လက်ထဲမှ ခါချဉ်ကောင်ကို နောက်ဆုံးအကြိမ် မြှောက်ကြည့်ပြီးနောက်

''ဟင်း ... ငါ့ အမြင်မှာတော့ ဖင်ကြီးတာပဲရှိတယ်။ ဘာမှ မထူးခြားပါဘူး''

လက်ခလယ်နှင့် လက်မကို အသုံးပြု၍ ခါချဉ်ကောင်ကို ဆတ်ခနဲ တောက်ထုတ်လိုက်လေသည်။ ပြီးနောက် ... ကျော်ကျော်နိုင်၏ ပခုံးကို ပြန်ဖက်ပြီး ကဲန်တင်းထဲမှ ထွက်ခွာသွားလေသည်။

အဲ့ဒီမှာ ... ကွိုင်ရှော့ပေါ့ ...။

ခက်ဆစ် တောက်ထုတ်လိုက်သော ခါချဉ်ကောင် လွင့်စင်ကျသွားသည့်ဒေသမှာ ...

ကောင်းကင်ချို၏ ရင်ညွန့်အစပ် ...။

''ဟာ''

ဆွဲမိဆွဲရာ ကုပ်တွယ်ကိုက်ခဲထားသော ခါချဉ်ကောင်ခများ ခဏသာ အသက်ရှင်သန်ခွင့် ရလိုက်သည်။ ပန်းသွေးရောင် လက်ချောင်းတွေ၏ ရက်စက်စွာ ဖိချေမှုကြောင့် အသားဆိုင်တွေ စိစိညက်ညက်ကြေလျက် ...။



www.burmeseclassic.com

 www.burmeseclassic.com

''တောက်''

မြွေဟောက်တစ်ကောင် ပါးပျဉ်းထောင်၍ ရှူးခနဲ မာန်ဖီလိုက်သလိုမျိုး ...။

''ဒါ ... ဟိုကောင် တမင်သက်သက်လုပ်သွားတာ''

အံသွားတွေကို ဖိကြိတ်ထားသည့်ကြားမှ ထွက်ပေါ်လာသော စကားသံ ...။

နန်းခမ်းမွန်က ...

''ဟိုဟာလည်း နင့်ကို စောင်းပြောသွားတာပဲ ဖြစ်ရမယ်''

''ဘယ်ဟာလဲ''

''သူ နောက်ဆုံးပြောသွားတဲ့ စကားလေ''



## အခန်း (၆)

ဇီဝဓာတုဌာနမှ ဒေါက်တာနေစေးသည် Test tube လေးကို ကိုင်၍ စာသင်ခန်းထဲ ဝင်လာသည်။ ဒေါက်တာနေစေးသည် ပထမနှစ်သမားတွေကို သင်ကြားသော ဆရာမဟုတ်သော်လည်း တစ်ခါတစ်ခါဒီလိုပဲ ဆရာတွေ လက်ချာ(Lecture) ဝင်ပေးလေ့ရှိပါသည်။

ဒေါက်တာနေစေးသည် ရုပ်တည်နှင့် ကြပ်တတ်သူအဖြစ် နာမည်ကြီးသော ဆရာတစ်ယောက်ဖြစ်သည်။ အခန်းတစ်ခန်းကို သူဝင်လျှင် ပြောစရာတစ်ခုမဟုတ်တစ်ခု ကျန်ခဲ့တတ်၏။

ဒေါက်တာနေစေးက အာဝဇ္ဇန်းရွှင်ရွှင်နှင့် သူ့ကိုယ်သူ မိတ်ဆက်ပြီးနောက် ...

''လူသားကို ဘုရားသခင် ဖန်ဆင်းလိုက်တဲ့အခါ မည်သူ့အဓိကကျသနည်း ... ဆိုတာနဲ့ ပတ်သက်ပြီး ကိုယ်ခန္ဓာအစိတ်အပိုင်းတွေ အချင်းချင်း အငြင်းပွားကြပါတယ်။

အဲဒီအခါ ဦးနှောက်က စပြောတယ်။

''လူ့ခန္ဓာကိုယ် အစိတ်အပိုင်းအားလုံးကို ကျုပ်ကပဲ ထိန်းကျောင်းပေးရတယ်။ ဒါကြောင့် ကျုပ်သာ အဓိကအကျဆုံး'' တဲ့။

ခြေထောက်တွေကလည်း ...



www.burmeseclassic.com

www.burmeseclassic.com

''လူသွားချင်တဲ့နေရာကို ကျုပ်တို့ကပဲ သယ်ဆောင်ပေးရတယ်။ ဒါကြောင့် ကျုပ်တို့သာ အဓိက''လို့ပြောတယ်။

အစာအိမ်ကလည်း ...

''လူစားတဲ့အစာတွေကို ကျုပ်က မကျေချက်ပေးရင် လူ အသက်မရှင်နိုင်ဘူး။ ဒါကြောင့် ကျုပ်သာ အခရာဗျ''လို့ စောဒကတက်တယ်။

မျက်လုံးတွေကလည်း ...

''မျက်လုံးမရှိရင် လူဟာ အကာအကွယ်မဲ့တဲ့ သတ္တဝါပဲ။ ဒါကြောင့် ငါတို့သာ အဓိက''လို့ ဟစ်ကြွေးပြန်တယ်။ အဲဒီအခါ တစ်ချိန်လုံး ဘာမှမပြောဘဲ ငြိမ်နားနေတဲ့ စအိုက အလုံပိတ်ပြီးနေလိုက်ပါတယ်။

ရက်အနည်းငယ်ကြာတော့ ...

ဦးနှောက်ဟာလည်း လန်းလန်းဆန်းဆန်းမရှိဘဲ ထုံထုံထိုင်းထိုင်း ဖြစ်လာတယ်။ ခြေထောက်တွေလည်း မခိုင်တော့ဘဲ ယိုင်ချင်သလိုဖြစ်လာတယ်။ အစာအိမ်ခမျာလည်း မအီမလည် ဖြစ်လာတယ်။ မျက်လုံးတွေလည်း မကြည်လင်တော့ဘဲ မြင်သမျှ ဝိုးတဝါး ဖြစ်လာတယ်။

ကိုင်း ... ဒီအတိုင်းဆို လူ့ခန္ဓာကိုယ်မှာ ဘယ်သူ အဓိကအကျဆုံးလဲ''

ခဏတာ တိတ်ဆိတ်ပြီးမှ ...

''စအို အဓိက အကျဆုံးပါ ဆရာ''

ထိုမေးခွန်းကို ထဖြေလိုက်တာက ကျော်ကျော်နိုင် ဖြစ်သည်။ အတန်းသူအတန်းသားများအားလုံး ပြုံးသွားကြ၏။

ဒေါက်တာနေစေးလည်း ပြုံးပြီး ...

''ကိုယ်ခန္ဓာအစိတ်အပိုင်းတွေအားလုံး ညီညီညွတ်ညွတ် မျှမျှတတနဲ့ ကိုယ့်တာဝန် ကိုယ်ကျေပွန်မှ လူဟာ ရွှင်ရွှင်လန်းလန်းနဲ့ ကျန်းမာ





ပါလိမ့်မယ်။ လူမှာ အခြားသော ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ အရေးကြီးသလိုပဲ ဆီးနဲ့ဝမ်း မှန်ဖို့ကလည်း အင်မတန် အရေးကြီးပါတယ်။ ဒီအကြောင်းတွေကို ဒုတိယနှစ်ရောက်ရင် မင်းတို့ကောင်းကောင်းသင်ရမယ်။ အခုတော့ ဆရာ အကြမ်းဖျင်း ရှင်းပြမယ်''

ဒေါက်တာနေစေးက ဆီးထဲမှာ Calcium, Protein, Ketone boties ... အစရှိသော ဓာတ်တို့ပါဝင်ကြောင်းနှင့် ဝမ်းအကြောင်း အခြေခံသဘောတရားတို့အား သင်ကြားပို့ချသည်။ ပြီးသောအခါ ကျောင်းသူကျောင်းသားများအား သိချင်တာရှိပါက မေးစေသည်။

ကျောင်းသူကျောင်းသားအချို့ကလည်း တက်ကြွစွာဖြင့် ထမေးကြပါ၏။

''ပဋိဇီဝဆေးဆိုတာ ဘာလဲ ဆရာ''

''ပဋိဇီဝဆေးဆိုတာ အဏုဇီဝလို့ခေါ်တဲ့ သေးမွှားတဲ့ သတ္တဝါကနေ ထုတ်လုပ်ပေးတဲ့ ဓာတ်ပစ္စည်း။ အဲဒီဓာတ်ပစ္စည်းတွေက ဗက်တီးရီးယားပိုးတွေ မပွားများစေဖို့၊ အန္တရာယ်ပြုမယ့် အခြားဗက်တီးရီးယားပိုးတွေကို သေကျေစေအောင် ပြုလုပ်ပေးနိုင်တယ်။ ပဋိဇီဝဆေးကို ရှာဖွေတွေ့ရှိ အသုံးချနိုင်ခြင်းဟာ ပိုးမွှားကြောင့်ဖြစ်တဲ့ ရောဂါတွေ ကုသရေးမှာ အလွန်အရေးပါတဲ့ ပြောင်းလဲမှုပဲ ဖြစ်တယ်''

''အိပ်စရေးရောင်ခြည်ကို ဘယ်အချိန်က စတွေ့ခဲ့တာပါလဲ ဆရာ''

''ခရစ်နှစ် ၁၈၉၅ ခုနှစ်က ဂျာမန်သိပ္ပံပညာရှင် ဝီလဟင်မ်ရွန်ဂျင်ဆိုသူက လျှပ်စစ်ဓာတ်ရဲ့သဘာဝတစ်မျိုးကို ဓာတ်ခွဲခန်းထဲမှာ စမ်းသပ်ရင်း တွေ့ခဲ့တာ။ သူ စမ်းသပ်နေတဲ့ ဖန်ပြွန်ထဲက မမြင်ရတဲ့ရောင်ခြည်ကို 'မသိသောရောင်ခြည်' လို့ အဓိပ္ပာယ်ရတဲ့ 'X-Ray' ရောင်ခြည်လို့ အမည်ပေးခဲ့တာ။ အဲဒီရောင်ခြည်ဟာ ကတ်ထူပြားနဲ့သစ်သားပြား



www.burmeseclassic.com

www.burmeseclassic.com

တွေကို ဖောက်ထွင်းနိုင်ပြီး ခဲသတ္တုနဲ့အရိုးတွေကိုသာ မဖောက်ထွင်းနိုင်တာကြောင့် ဆေးဝါးကုသရာ ရောဂါစမ်းသပ်မှုမှာ အရေးပါလိမ့်မယ်လို့ ရွန့်ဂျင်က ချက်ချင်းသဘောပေါက်ခဲ့တယ်။ အခုဆို ဆေးရုံကြီးတွေ အထူးကုဆေးခန်းကြီးတွေမှာ အိပ်စရေးရောင်ခြည်နဲ့ ရောဂါစမ်းသပ်တဲ့ စက်ကိရိယာတွေ ရှိနေပါပြီ''

''ဆရာဝန်သုံးနားကြပ်ကို ဘယ်သူတီထွင်ခဲ့တာလဲ သိချင်ပါတယ်''

''ဆရာဝန်သုံးနာကြပ် Stethoscope ကို ပြင်သစ်ဆရာဝန် ရီနေးလီယိုဖိုင်းလေးနက်က စတင်တီထွင်ခဲ့တာပါ။ တီထွင်စက အခုလို မဟုတ်ဘဲ အရှည် ၃၀ စင်တီမီတာ၊ လက်မအားဖြင့် ၁၂ လက်မရှိတဲ့ သစ်သားနဲ့ ပြုလုပ်ထားတဲ့ ပိုက်လုံးပါ''

''အနက်ရောင် ကပ်ရောဂါဆိုတာ ဘာလဲဆရာ''

''အနက်ရောင် ကပ်ရောဂါ Black Death ဆိုတာ ခရစ်နှစ် ၁၄ ရာစုအတွင်း အာရှတိုက်နဲ့ ဥရောပတိုက်တစ်ခွင် ဖြစ်ပွားခဲ့တဲ့ ပလိပ်ရောဂါကို ဆိုလိုတာပါ။ အဲဒီရောဂါဟာ ကမ္ဘာ့အရှေ့ဖျားကနေ ခုတ်မောင်းလာတဲ့ သင်္ဘောတွေပေါ်မှာ တွေ့ရတဲ့ ကြွက်တွေမှာ ပါလာတာပါ။ ကြွက်ရဲ့ကိုယ်က ကြွက်သန်းတွေကြောင့် ရောဂါပိုးတစ်ဝက်နဲ့ လေးပုံပုံရင် တစ်ပုံခန့် အရေအတွက်တို့ သေဆုံးခဲ့ရတယ်''

အသီးသီး ထမေးနေကြရင်းမှ ...

''လူဟာ ဦးနှောက်မရှိဘဲ ဘယ်လောက်ကြာကြာ အသက်ရှင်နိုင်ပါသလဲ ဆရာ''

ထိုမေးခွန်းကို ထမေးလိုက်တာက ရှမ်းတိုင်းရင်းသူမလေး နန်းခမ်းမွန် ဖြစ်သည်။ ဒေါက်တာနေစေး ပါးစပ်အဟောင်းသား ဖြစ်သွားပါ၏။





မျက်လုံးအပြူးသားနှင့် နန်းခမ်းမွန်ကို ကြည့်ပြီး ...

''သမီးအသက် ဘယ်လောက်ရှိသွားပြီလဲ''

အတန်းသူအတန်းသားများအားလုံး ဝါးခနဲ ထရယ်ကြသည်။ ဒီတော့မှ နန်းခမ်းမွန်လည်း (သူ့စကားနှင့်ဆိုရလျှင်) ပွင့်သွားပြီး ရှက်ရယ်ရယ်ကာ ပြန်ထိုင်သွားလေသည်။

မေးမြန်းမှုတွေ ရပ်တန့်သွားတော့ ဒေါက်တာနေစေးက Test tube လေးထဲ လက်တစ်ချောင်းနှိုက်၍ အတန်းသူအတန်းသားများအား ခေါ့ကြည့်ကာ ...

''ဆရာဝန်ဆိုတာ မရွံရှာတတ်ရဘူး။ အမြင်စူးရှရတယ်။ အခုကြည့် ... ဟောဒီဖန်ပြွန်ထဲကို ဆရာ လက်ချောင်းနဲ့ နှိုက်လိုက်တယ်။ ပြီးတော့ လက်ချောင်းကိုထုတ်ပြီး ဟောသလို ... ဆရာ လျှာနဲ့လျက်လိုက်တယ်။ တပည့်တို့အထဲက ဘယ်သူ ဆရာ့အတိုင်း လိုက်လုပ်နိုင်ကြသလဲ။ ပြောပါ''

ကျောင်းသူကျောင်းသားအားလုံး ငြိမ်နေကြသည်။ အတန်းကြာမှ ကျောင်းသားတစ်ယောက် ထရပ်ပါ၏။

ဇော်ရဲထက် ... ။

ဆံပင်တွေကို တခမ်းတနား သပ်တင်ပြီးနောက် ...

ဂုဏ်ယူဝင့်ကြွားသော ခြေလှမ်းတွေနှင့် ဒေါက်တာနေစေးထံ မားမားမတ်မတ် လျှောက်လှမ်းသွားပြီး Test tube ထဲသို့ လက်နှိုက်၍ ကပ်ပါလာသော အရည်တွေကို လျှာနှင့် ပယ်ပယ်နယ်နယ် လျက်ပြပါသည်။

''ဟာ''

ဒေါက်တာနေစေးက ဇော်ရဲထက်ကို တအံ့တသြကြည့်ပြီး ...

''တပည့်ဟာ မရွံရှာတတ်တဲ့အတွက် ဆရာ အများကြီးချီးကျူး


www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။ ဒါပေမယ့် အမြင်စူးရှမှုအပိုင်းမှာတော့ တပည့်ဟာ အားနည်းနေသေးတယ်။ ဖန်ပြွန်ထဲကို ဆရာ ထိုးထည့်တာက လက်ညှိုး၊ ဆရာ လျှာနဲ့လျက်လိုက်တာက လက်ခလယ်။ တပည့်ကတော့ အဲဒီလိုမဟုတ်ဘူး။ လက်ညှိုးနဲ့ ဖန်ပြွန်ထဲထိုးနှိုက်ပြီး အဲဒီလက်ညှိုးကိုပဲ တပြွတ်ပြွတ်နဲ့ လျက်နေတယ်။ ဒီစမ်းသပ်မှုမှာ ဓားစာခံဖြစ်သွားရတဲ့အတွက် စိတ်မကောင်းပါဘူး။ တပည့်သိအောင်ပြောပြရရင် ဒီဖန်ပြွန်ထဲက အရည်တွေဟာ ဆရာ ဓာတ်ခွဲခန်းပို့ဖို့ ယူလာတဲ့ ဆီးတွေပါ''

''ဗျာ ... ''

ဟီးရိုး ...

ဟီးရိုး ...

ကင်းဟီးရိုး ... ဆိုသော အသံတွေ ဆူညံသွားလေသည်။



## အခန်း (၇)

ဒေါက်တာနေစေး ထွက်သွားပြီး ခဏအကြာ ...

စာသင်ခန်းထဲမှာ လေထုညစ်ညမ်းမှု ဖြစ်ပေါ်လာပါသည်။ ထုတ်လွှတ်သော ရနံ့က တော်တော်ပဲပြင်းထန်သည်။ အသံတိတ်ဖောက်ခွဲမှုဖြစ်သဖြင့် တရားခံကို မဖမ်းမိကြချေ။

ကာယကံရှင်ကတော့ သိမပေါ့လေ ... ။

သို့သော် ... ဘယ်ပြောမလဲ ...

အချို့က နှာခေါင်းကို လက်နှင့်ပိတ်ထားကြသည်။ အချို့က ဓာအုပ်တွေထုတ်၍ ယပ်ခတ်ကြသည်။ အချို့က ရနံ့သခင်ကို ပြစ်တင်ကဲ့ရဲ့ကြသည်။ အချို့က မျက်နှာပြောင်ပြောင်နှင့် 'လေညာအရပ်က အချစ်' သီချင်းကို သီဆိုဟစ်ကြွေးကြသည်။ အီး အီး ဘယ်သူပေါက်ပေါက်တဲ့လူ မှန်မှန်ပြော ... ဆိုပြီး အီးဘွတ်တရားဟောနေကြသူတွေလည်း ရှိသည်။

ဆရာ မဝင်သေးသဖြင့် အခန်းထဲမှာ လွတ်လပ်နေကြပါသည်။

ထိုစဉ် ...

ခက်ဆစ်က ရုတ်တရက် ထပြီး ...

''ဝစီပိတ်မကျင့်နိုင်လို့ လေလည်တဲ့သူကို အပြစ်မတင်ကြပါနဲ့


www.burmeseclassic.com

www.burmeseclassic.com



ဗျာ။ ခုနကလည်း ဆရာပြောသွားတယ် မဟုတ်လား။ ဒါလည်း ကျန်းမာရေးအတွက် လိုအပ်ချက်တစ်ခုပါပဲလေ။ ဒါကြောင့် အင်မတန် ကျန်းမာရေးလိုက်စားတဲ့ ပုဂ္ဂိုလ်တစ်ယောက် ငါတို့အခန်းထဲမှာ ရှိနေပါ့လားဆိုပြီး ဂုဏ်ယူလေးစားလိုက်ကြစမ်းပါဗျာ''

ခက်ဆစ်သည် အတန်းရှေ့လျှောက်သွားပြီးနောက် ...

''ကြုံတုန်း အီးပေါက်ခြင်းနဲ့ပတ်သက်ပြီး တွေ့ရှိထားတဲ့ သုတေသန မြုလုပ်ချက်ကလေးတွေ တင်ပြချင်ပါတယ်''

တစ်ခုခုတော့ ဇရက်ကျတော့မည်ဟု အားလုံးထင်လိုက်သည်။ ခက်ဆစ်က ခပ်တည်တည်ပဲ Maker ယူ၍ Whiteboard မှာ စာသားများ ရေးခြစ်လေသည်။

ခေါင်းစဉ်က 'အီးပေါက်ကြသူများအကြောင်း သိကောင်းစရာ ပဒေသာ' တဲ့ ...။

(သင်လည်း မည်သို့သောလူစားဖြစ်ကြောင်း လေ့လာကြည့်ပါ)

**အီးပေါက်ကြသူများအကြောင်း သိကောင်းစရာ ပဒေသာ**

၁။ ယဉ်ကျေးသူ = အီးမပေါက်ခင် ''ခွင့်ပြုပါနော်'' ဟုပြောပြီး အီးပေါက်ပြီးသောအခါ ''ဆောရီး'' ဟု ပြောတတ်သူ။

၂။ မရိုးသားသူ = ကိုယ်က အီးပေါက်သော်လည်း ဝန်မခံဘဲ နံဘေးမှလူအား လွှဲချတတ်သူ။

၃။ မိုက်မဲသူ = အီးပေါက်ချင်သော်လည်း မပေါက်ဘဲ အတင်းကြိတ်မှိတ်အောင့်ထားသူ။

၄။ ဗဟုသုတကြွယ်ဝသူ = ဘယ်အချိန် ဘယ်နေရာတွင် အီးပေါက်ရမလဲ သိသူ။





၅။ ဒုက္ခသည် = အီးအလွန်ပေါက်ချင်သော်လည်း ပေါက်၍ မရနိုင်ဘဲ အားမလို အားမရဖြစ်နေသူ။

၆။ အုံ့ပုန်း = လည်သည်မပေါ်အောင်(သို့) သူ့လက်ချက်မှန်း ဘယ်သူမှမသိအောင် ညင်သာဖွဖွ အီး ပေါက်သူ။

၇။ ကြွားဝါသူ = အီးကျယ်ကျယ်ပေါက်ရခြင်း၌ ဂုဏ်ယူတတ်သူ။

၈။ နှိပ်စက်တတ်သူ = လူများသောနေရာတို့တွင် ရွေးပြီးအီးပေါက်သူ။ (ဥပမာ–ဘတ်စ်ကား၊ ရုပ်ရှင်ရုံ၊ အခုလို စာသင်ခန်းပေါ့ ... )

၉။ သိပ္ပံဆရာ = အီးမှန်မှန်ပေါက်သော်လည်း လေထုညစ်ညမ်းမှုကို စိုးရိမ်သူ။

၁၀။ ရှက်တတ်သူ = အီးပေါက်ပြီး မျက်နှာတစ်ခုလုံး နီရဲလာသူ။

၁၁။ အကြံပိုင်သူ = အီးပေါက်သော်လည်း သူ၏အီးပေါက်သံကို သူတစ်ပါးမကြားစေရန် အာလူးကြော်၊ ငါး မုန့်ကြော်တို့ကို တကျွတ်ကျွတ်ဝါး၍ အီး ပေါက်သူ။

၁၂။ ကြပ်မပြည့်သူ = အီးပေါက်လိုက်လို့ ငါ့ခန္ဓာကိုယ်ထဲကလေတွေ လျော့သွားပြီဟု ထင်မှတ်လျက် Balance ဖြစ်အောင် လေကိုတစ်ဝကြီး တရှူး ရှူး ရှူသွင်းတတ်သူ။

၁၃။ ကပ်စေးနဲသူ = အီးကို အကုန်တစ်ရှိန်ထိုးမပေါက်ဘဲ ဖြည်း ဖြည်းချင်း တစ်ဆစ်ချင်း မျှင်း၍ပေါက်သူ။

၁၄။ အတ္တကြီးသူ = ငါ့အီး တယ်မွှေးပါလားဟု ယုံကြည်သူ။



www.burmeseclassic.com

www.burmeseclassic.com



၁၅။ အပေါင်းအသင်းချစ်သူ = သူတစ်ပါးတို့ အီးပေါက်ခြင်းကိုလည်း နှစ်သက်သူ။

၁၆။ အပေါင်းအသင်းမချစ်သူ = ဆိတ်ကွယ်ရာသို့သွားပြီးမှ အီးပေါက်သူ။

၁၇။ ဇိမ်သမား = ရေချိုးကြွေဇလုံတွင် ရေစိမ်ချိုးရင်း အီးပေါက်သူ။

၁၈။ အားကစားသမား = ပင်ပင်ပန်းပန်း အားမစိုက်ရဘဲ အီးပေါက်နိုင်သူ။

၁၉။ ဆင္ဍမအာရုံရှိသူ = အသံကြားရုံဖြင့် ဘယ်သူအီးပေါက်သလဲဆိုတာ ဖော်ထုတ်နိုင်သူ။

၂၀။ စိတ်ပျော့သူ = အီးပေါက်ရန် ကြိုးစားရင်း ချီးယိုသူ။

တဝါးဝါးတဟားဟားရယ်သံတွေ ထွက်ပေါ်နေကြသည်။ ခက်ဆစ် စာစရေးကတည်းက ထွက်ပေါ်နေသော ရယ်သံတွေမှာ အားလုံး ရေးပြီးသွားသောအခါ ပို၍ပင် ကျယ်လောင်လာ၏။

ခက်ဆစ် အတန်းရှေ့ထွက်သွားကတည်းက ကောင်းကင်ချိုက စိတ်မဝင်စားသည့်ဟန်မျိုးဖြင့် တစ်ဖက်သို့မျက်နှာလွှဲနေသည်။ ဆရာ ထွက်သွားပြီးနောက် သူမ စားမလို့ လွယ်အိတ်ထဲမှ ထုတ်ထားသော ပေါင်းကြွအာလူးကြော်ထုပ်ကလေးကို လက်မှာကိုင်ရင်း ရန့်ကြောင့် ဘယ်လိုရှေ့ဆက်ရမလဲမသိ တွေဝေနေချိန်လည်း ဖြစ်သည်။

အဲသည်အချိန်မှာပဲ ...

အီးကွင်း ...

အီးကွင်း

အကြံပိုင်သူ အီးကွင်း ... ဆိုသော အသံတွေသည် ရယ်သံ





တွေကြားမှာ ညပ်လျက် ထွက်ပေါ်လာကြသည်။ ဘာများပါလိမ့် ... ဆိုပြီး သူမ လှည့်ကြည့်လိုက်တော့ ကျောင်းသားအချို့က ပို့က်ဘုတ်မှစာကို အသံထွက် ရွတ်ဖတ်လိုက်၊ သူမကို လက်ညှိုးထိုးလိုက်နှင့် အူလှိုက်သည်းလှိုက် ရယ်မောသဘောကျနေကြလေသည်။

ဆက်လက် သိလိုစိတ်နှင့် ပို့က်ဘုတ်မှ စာများကို သူမ ဖတ်ရှုကြည့်လိုက်ပါသည်။

ထိုအခါတွင် ...

''ဟင်''

အချို့သော တိုက်ဆိုင်မှုများသည် တမင်တကာ လုပ်ကြံဖန်တီးသူသည်ထက်ပင် ပိုမိုထိရောက်လေ့ရှိကြောင်း ...

သင်တို့လည်း ဘဝမှာ

မကြာခဏ ကြုံတွေ့ဖူးပါလိမ့်မည် ... ။



www.burmeseclassic.com

www.burmeseclassic.com

''ယုဝါ ... ခက်ဆစ်က အရမ်းရယ်ရတာပဲနော်''

အတူထိုင်သော သူငယ်ချင်းတွေက ယုဝါကို လာပြောသည်။ ယုဝါက ကြည်လင်ဖော်ရွေသော သူမ၏ မူပိုင်အပြုံးလေးကိုပြုံးပြီး ...

''ဟုတ်တယ်ဟ။ ခက်ဆစ်က ငယ်ငယ်လေးတည်းက အဲဒီအတိုင်းပဲ။ သူက ကျောင်းကို သူ့ရဲ့ပျော်စရာကမ္ဘာတစ်ခုလို သဘောထားတာ''

''ပျော်စရာကမ္ဘာ ... ဟုတ်လား။ ဘာလို့လဲဟင်''

''ခက်ဆစ်က အိမ်မှာဆိုရင် နားချိန်မရှိသလောက်ပဲ။ ငယ်ငယ်လေးတည်းက အိမ်အလုပ်တွေ ကူလုပ်ရတာ။ တခြားကလေးတွေလို လွတ်လွတ်လပ်လပ် ဆော့ကစားဖို့တောင် သူ့မှာ အချိန်ရတာမဟုတ်ဘူး။ အဲ့ဒါကြောင့် ကျောင်းရောက်တာနဲ့ စာလုပ်စရာရှိကာလုပ်၊ ပြီးရင် ကစားတယ်။ ဒါမှမဟုတ် သူငယ်ချင်းတွေကို စလိုက်နောက်လိုက်နဲ့၊ အဲ့လို မလုပ်ရင်လည်း ကျောင်းစာကြည့်တိုက်ထဲသွားပြီး စာထိုင်ဖတ်နေတာမျိုးဟ''

ခက်ဆစ်က စာဖတ်ဝါသနာပါသလောက် ယုဝါကတော့ အပြင်စာတွေ ဖတ်ရမှာပျင်းသည်။ စာဖတ်ဝါသနာပါသောအကျင့်က ခက်ဆစ်ကို ဗဟုသုတကြွယ်ဝသူတစ်ယောက် ဖြစ်စေခဲ့ပါ၏။





အခုဆိုလျှင် ကျောင်းမှာ ရုပ်အဆင်းဖြင့် နာမည်ကြီးသော King ထက်ပင် အရည်အချင်းကြောင့် ခက်ဆစ်မှာ ပါရမီရှင်တစ်ယောက်သဖွယ် ပိုမိုလူသိများ ထင်ရှားနေပါသည်။

''ခက်ဆစ်က IQ အရမ်းမြင့်တယ်နော်။ စာတော်သလို ဗဟုသုတနဲ့လည်းပြည့်စုံတယ်။ ငါတို့မှာ ဆေးလိုင်းဝင်ဖို့ မနည်းကြိုးစားခဲ့ရတာ''

''ဟုတ်ပ။ ငါဆို တင်ပါးလွတ်တတ်ရောဘဲ''

''Roll 1 ဆိုတာ နည်းနည်းနောနော ဉာဏ်ကောင်းတာ မဟုတ်ဘူးနော်။ တကယ့် ပါရမီရှင်ဘဲ''

ယုဝါက သူငယ်ချင်းဖြစ်သူအတွက် ဂုဏ်ယူဟန်ဖြင့်ပြုံးကာ ...

''ခက်ဆစ် ငါ့ကိုစာရှင်းပြရင်း ပြောဖူးတယ်ဟ။ ဉာဏ်ကောင်းတယ် မကောင်းဘူးဆိုတာထက် ကြိုးစားမှုနဲ့ အာရုံစိုက်မှုက အဓိကပဲတဲ့။ ဉာဏ်ကောင်းပေမယ့် မကြိုးစားရင်၊ ကြိုးစားပေမယ့်လည်း အာရုံစူးစိုက်မှုမရှိရင် အလကားပဲတဲ့။ ပင်ကိုယ်ဉာဏ်မကောင်းရင်တောင်မှ အာရုံစူးစိုက်ပြီး လေ့လာကြိုးစားရင် ထူးချွန်သူတစ်ယောက် ဖြစ်နိုင်တယ်တဲ့''

''ခက်ဆစ်က ငယ်ငယ်ထဲက စာတော်တာလားဟင်''

''အရင်ကတော့ သူဟာသာသာမန်ပါပဲ။ ဘီဘီရောဂါနဲ့ သူ့အဖေဆုံးသွားကတည်းက ဆရာဝန်ဖြစ်ချင်စိတ်နဲ့ သူ အရမ်းကြိုးစားခဲ့တာ''

ခက်ဆစ်၏ ဖခင် ပန်းရံအလုပ်သမား ဦးမောင်ညွန့် ...၊ ဖခင်၏ ရုပ်အလောင်းကို ဖက်ငိုနေသည့် မူလတန်းကျောင်းသားကလေး ခက်ဆစ်၏ ရုပ်ပုံလွှာ ...၊ မျက်ရည်စက်လက်နှင့် သားဖြစ်သူကို ပညာတတ်ကြီးဖြစ်အောင် ကြိုးစားဖို့ တတွတ်တွတ် ပြောနေရှာသော အန်တီချို ...။

ကျောင်းမှာ သူငယ်ချင်းတွေက ကစားဖို့သွားခေါ်တော့ ...



www.burmeseclassic.com

www.burmeseclassic.com

''အရင်လို ငါ ခဏခဏ မကစားတော့ဘူး။ ဆရာဝန်ကြီးဖြစ်ဖို့ ငါကြိုးစားရဦးမယ်'' ဆိုသော ခက်ဆစ် စကားသံ ...။

အပြောနှင့်ညီစွာ အတန်းထဲက စာသင်ခုံမှာ တကုပ်ကုပ်နှင့် ခလုပ်နေသော ကျောင်းသားကလေး တစ်ယောက် ...။

''မင်းက ကျောင်းရောက်တာနဲ့ စာပဲလုပ်နေတယ်။ အိမ်မှာထဲက အပြီးမလုပ်ခဲ့ဘူးလား''

''ငါက စာတွေ အကုန်လုံးကို ရချင်တာ။ ငါ့အတွက် အချိန်က မလုံလောက်ဘူး။ အိမ်ပြန်ချိန်ရောက်ရင် အမေ့ကို အလုပ်တွေ ကူလုပ်ပေးရသေးတယ်။ ငါ့ကိုကျောင်းထားနိုင်ဖို့ အမေခမျာ အရမ်းပင်ပန်းတာ။ ငါ့မှာက အဖေမရှိတော့ဘူးကွ''

ညိုးညိုးငယ်ငယ် စကားသံများ ...။

တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်စာရင်းတွေထွက်တော့ ယုဝ က လေးဘာသာဂုဏ်ထူး ...၊ ခက်ဆစ်က ဘာသာစုံ ဂုဏ်ထူးနှင့် ... တစ်နိုင်ငံလုံးအဆင့်မှာ နံပါတ် တစ် ...။

ဖွံ့လုံ့လနှင့်ကြောက်စရာကောင်းလောက်အောင်ကြိုးစားမှုတွေ ရလဒ်။

အဲ့ဒီနေ့က ...

''ဒါမှငါ့သား ... ငါ့သား ဆရာဝန်ကြီးဖြစ်တဲ့အထိ အမေ မုန့်ဟင်းခါးရောင်းပြီး ကျောင်းထားပေးမယ်။ အိုကွယ် ... အမေ သေရင်တောင်မှ ငါ့သား ဆရာဝန်ကြီးဖြစ်မှပဲသေမယ်''

လက်သီးလက်မောင်းဆန့်တန်း၍ ပြုံးပျော်နေသော မုန့်ဟင်းခါး သည် မုဆိုးမကြီး၏ ကြွေးကြော်သံ ...။

ပြန်တွေးရင်းပင် ယုဝ ကြက်သီးတဖြန်းဖြန်း ထသွားမိပါသည်။



ညနေခင်း ကျောင်းဆင်းတော့ သူငယ်ချင်းတွေနှင့် လမ်းခွဲကာ အိမ်ပြန်ရန်အတွက် ကောင်းကင်ချို ကားပါကင်ဆီသို့ လျှောက်လာခဲ့သည်။

ကားဆီသို့ရောက်သောအခါ ...

''ဟင်''

ကားရှေ့မှန်မှာ တိပ်နှင့်တွဲကပ်ထားသော စာတစ်စောင်ကို တွေ့မြင်လိုက်ရပါ၏။ အီစီကလီ မူလဂျီ စာတစ်စောင်သာ ဖြစ်လိမ့်မည်ဟု ဆင်မှတ်လိုက်မိသည်။

လွှင့်ပစ်ရန်အတွက် ဆွဲအခွာ ...

''ဟာ''

မြင်လိုက်ရသော စာသားတွေကြောင့် သူမ ရုတ်တရက် ရှေ့ခရာ ကြက်သေသေသွားမိလေသည်။

**မပေါင်းအပ်သောမိန်းမများ**

၁။ အဆင်း၌ မာန်တက်သော မိန်းမ။

၂။ အနွယ်၌ မာန်တက်သော မိန်းမ။

၃။ ဥစ္စာ၌ မာန်တက်သော မိန်းမ။

၄။ ဥစ္စာ၌ လော်လီသော မိန်းမ။

၅။ တန်ဆာဆင်ခြင်း၌ လော်လီသော မိန်းမ။


www.burmeseclassic.com

www.burmeseclassic.com



၆။ ပွဲသဘင်၌ လော်လီသော မိန်းမ။

၇။ ယောကျ်ားတစ်ပါးနှင့် လော်လီသော မိန်းမ။

၈။ သေသောက်ကြူးသော မိန်းမ။

၉။ အိမ်ထောင်ခမ်းနားကို မဆောင်သော မိန်းမ။

၁၀။ လင်ကို ရန်တွေ့တတ်သော မိန်းမ။

၁၁။ ယောကျ်ားတစ်ပါးနှင့် ရောနှော၍ နေတတ်သော မိန်းမ။

၁၂။ သူ့အိမ်သူ့ယာသို့ လှည့်လည်တတ်သော မိန်းမ။

၁၃။ လင်လာလျှင် ရုတ်တရက် မဝင်နိုင်အောင် အိမ်တံခါးကိုပိတ်၍ထားတတ်သော မိန်းမ။

ထိုမိန်းမမျိုးတို့ အခား ရှောင်ကျဉ်ထိုက်၏လို့ ရှေးပညာရှိတို့က မိန့်မှာခဲ့ပါတယ်။ ဒါပေမယ့် လူအများဟာ မလိုက်နာနိုင်ကြပါဘူး။ အချို့က မသိလို့ မလိုက်နာတာ ဖြစ်ပေမယ့်၊ အချို့ကတော့ သိလျက်နဲ့ မလိုက်နာနိုင်ကြတာပါ။

အဲဒီ့အချက်ကို မလိုက်နာနိုင်တဲ့ လူတစ်ယောက် ဘဝပျက်ခဲ့ရပါတယ်။ အဲဒီအတွက် သက်ဆိုင်သူ ကာယကံရှင်ဆီကနေ ညီမျှတဲ့ လျော်ကြေး မဖြစ်မနေ ပြန်ယူရပါလိမ့်မယ်။

အကြွေးပြန်ဆပ်ဖို့အတွက် အချိန်တိုင်း အသင့်ပြင်ထားပေးပါ။

(ဇွဲထင်ရှား)



ခွဲစိတ်မှု အောင်မြင်တယ်
ဒါပေမယ့် ...
ဒီအကြောင်းကို လူနာတော့ သိမသွားရှာဘူး။

(အင်ဒိုနီးရှားဟာသ)

လင်းလက်အိမ်ဓာတ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ယောက်ျားတွေ ညအချိန်မတော် အိပ်ရာကထတာ ဘာကြောင့်လဲဆိုပြီး အမေရိကန်မှာ သုတေသနလုပ်တယ်တဲ့"

"အင်း"

"အဲဒီတော့"

"၅-ရာခိုင်နှုန်းက အပေါ့အပါးသွားဖို့အတွက် ထတာတဲ့"

"ပြီးတော့ ..."

"၁၅-ရာခိုင်နှုန်းက ညဆိုင်းအလုပ်ကိုသွားဖို့ အိပ်ရာက ထတာတဲ့"

"အင်း ... နောက်တော့ ..."

"၈၀-ရာခိုင်နှုန်းကတော့ အဝတ်အစားဝတ်ရန်နှင့် အိမ်ပြန်ရန်အတွက်တဲ့"

"ဟယ်"

"ဘိုရီးလဲ ... ဘိုရီးလဲ ..."

ဆိုလို့ရည်ကျော်၏စကားဆုံးတော့ သူမတို့တစ်ဖွဲ့လုံး ခိုးလိုးခုလု ဖြစ်သွားကြရသည်။ ကောင်းကင်ချိုကတော့ ထုံးစံအတိုင်း ... လွှတ်ခနဲ။

"အဲ့ဒါကြောင့် ပြော[illegible]ပဲ့။ [illegible]ယောက်ျားတွေ မကောင်းပါဘူးလို့ ..."





သူကတော့လေ ... ဒါပဲ ... ။ ဟွန်း ... ။ (ပုတ်ခတ်တာကိုး)

ဒီတစ်ကြိမ် ပြောအပြီးမှာတော့ အမှားတစ်ခု ကျူးလွန်လိုက်မိသလို ကောင်းကင်ချိုမျက်နှာ ကွက်ခနဲပျက်သွားသည်။ သို့သော် ခဏတာအတွင်းမှာပင် မည်သူမှ မရိပ်မိလိုက်အောင် သူမ ကျွမ်းကျင်စွာ ပြုပြင်နိုင်ခဲ့ပါ၏။

ချမ်းငြိမ့်သူကလည်း သူမ တွေ့ရှိချက်ကို ပြောနေသည်။

"ရှောင်ကြဉ်အပ်တဲ့ ယောကျ်ားငါးမျိုးရှိတယ်တဲ့ဟ"

"အင်း ... ပြောစမ်းပါဦး"

"ဘာတွေလဲ"

"၁ - မယဉ်ကျေးတဲ့ လူရေးလူစတုံးကို ရှောင် ... တဲ့။

၂ - ရွာနေမုန်းထား လူဖြုတ်စားကို ရှောင် ... တဲ့။

၃ - ဥစ္စာမချစ် ယောကျ်ားညစ်ကိုရှောင် ... တဲ့။

၄ - ဥစ္စာလွှတ်ကင်း ယောကျ်ားပျင်းကိုရှောင် ... တဲ့။

၅ - သူ့အသက်မချစ် လူဆိုးညစ်ကို ရှောင် ... တဲ့။

"ဒါဆို ဘယ်လိုယောကျ်ားမျိုးကို ဆောင်ရမလဲ မသိဘူးနော်"

ဟင်းခနဲ သက်ပြင်းချ၍ ပြောလိုက်သော ခမ်းမွန်စကားကြောင့် ကျန်လူတွေ ပြုံးစိစိဖြစ်သွားကြရသည်။ ကောင်းကင်ချိုက သူမ အာရုံတွေကို စကားဝိုင်းထဲ ပြန်သွင်းလိုက်ပြီး ...

"ယောကျ်ားမြတ်တို့ရဲ့လက္ခဏာမှာ ရှည်ခြင်းငါးမျိုး၊ တိုခြင်းလေးမျိုး၊ နီခြင်းခုနစ်မျိုး၊ မောက်ခြင်းခြောက်မျိုး၊ ပြေပြစ်နူးညံ့ခြင်းငါးမျိုး၊ နက်ခြင်းနှစ်မျိုး၊ ထူခြင်းသုံးမျိုး ... ဆိုပြီး ရှိတယ်တဲ့"

သူမလည်း ခေသူမှ မဟုတ်ပဲလေ ... ။ ရှီးလိတ်ဘူးပဲ ... ။

ခမ်းမွန်က ...

"အဲ့ဒါ ဘာတွေလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



''ရှည်ခြင်းငါးမျိုးဆိုတာက ... လက်ရုံး၏ရှည်ခြင်း၊ မေးဖျား၏ရှည်ခြင်း၊ နှာခေါင်း၏ရှည်ခြင်း၊ လျှာ၏ရှည်ခြင်း၊ ဦးခေါင်း၏ရှည်ခြင်း ... တဲ့''

''ဩော်''

''နိမ့်ခြင်းက ... လက်ဖဝါးနိမ့်ခြင်း၊ မျက်ဆန်နိမ့်ခြင်း၊ နှုတ်ခမ်းနိမ့်ခြင်း၊ သွားဖုံးနိမ့်ခြင်း၊ လက်ဆစ်ဖျားနိမ့်ခြင်း၊ ခြေဆစ်ဖျားနိမ့်ခြင်း ... တဲ့''

''မောက်ခြင်းကကော''

''လက်၏မောက်ခြင်း၊ ဖမိုး၏မောက်ခြင်း၊ ပခုံး၏မောက်ခြင်း၊ လည်ချောင်း၏မောက်ခြင်း၊ ရင်၏မောက်ခြင်း၊ နဖူး၏မောက်ခြင်း ... တဲ့''

''ပြေပြစ်ခြင်းက ... ''

''အသားအရည် နူးညံ့ပြေပြစ်ခြင်း၊ စကားအပြောအဆို နူးညံ့ပြေပြစ်ခြင်း၊ ဆံပင်၏နူးညံ့ပြေပြစ်ခြင်း၊ နှုတ်ခမ်း၏နူးညံ့ပြေပြစ်ခြင်း၊ အသွားအလာ၏ နူးညံ့ပြေပြစ်ခြင်း ... တဲ့''

''နက်ခြင်း နှစ်မျိုးဆိုတာက ... ''

''ချက်နဲ့အသံကိုပြောတာ''

''ဩော်''

''ထူခြင်းသုံးမျိုးဆိုတာက ... နား၏အသားထူခြင်း၊ နား၏အဖျားထူခြင်း၊ နားကင်းထူခြင်း ... တဲ့''

''အင်း ... အင်း ... ရှင်းပြီ''

''အဲဒီကမှ ကြီးခြင်းသုံးပါး၊ အသေးငါးမျိုးဆိုပြီး ပြဆိုတာရှိသေးတယ်''

ဆုလဲ့ရည်ကျော်က ...

''ဘာကြီးတာလဲဟ''

''ပေါင်ကြီးခြင်း၊ ဦးခေါင်းကြီးခြင်း၊ နဖူးကြီးခြင်း ... တဲ့''





ချမ်းငြိမ့်သူက ...

''အသေးကကောဟင် ... အသေး အသေး''

''အဆစ်ပြေသဖြင့် လက်ချောင်း၏သေးခြင်း၊ ခြေချောင်း၏သေး ခြင်း၊ သွားအစဉ်၏ တညီတညွတ်တည်းသေးခြင်း၊ ဆံပင် ဆံလုံးသေးခြင်း၊ လက်သည်းခြေသည်းတို့၏သေးခြင်း ... တဲ့''

''ရော် ... ဂလိုကိုး''

မျက်မှောင်ကုပ်လျက် တစ်ချိန်လုံး အားကြိုးမာန်တက် နား စိုက်ထောင်နေသော ခမ်းမွန်က ရုတ်တရက်ထ၍ ...

''ဟဲ့ ... ကောင်းကင်ချို ... နင် ပြောတဲ့အထဲမှာ တိုခြင်းလေး မျိုးဆိုတာ မပါသေးဘူး။ အဲ့ဒါ ဘာတွေလဲ။ ဘာတိုတာလဲ''

''အဲ ... ''

အကြွပ်ရိုက်သွားဟန်ဖြင့် ကောင်းကင်ချို ထစ်ထစ်အအဖြစ် သွားသည်။ ပြီးမှ ... ဝေတေတေအထာနှင့် ...

''ငါလည်း အဲ့ဒါကို မေ့နေတယ်ဟ''

''မရဘူးဟာ ... စဉ်းစား ... ။ အဲဒီအချက်ကို ငါ အရမ်းစိတ် ဝင်စားတယ်''

''ဟယ် ... ခက်ပြီ''

ခမ်းမွန်ကလည်း ဇွတ် ... ။ (သူ တော်တော်ဆိုးဆိုပြီး လက်ညှိုး နှင့်ပဲ ဆောင့်ထိုးရတော့မလိုပါ)

''ငါတို့က ဒဲ့ပဲကြိုက်တာနော်။ တွတ်တွေဘာတွေ မလိုချင်ဘူး''

''အေးပါဟယ်''

သီးစုံဖျော်ရည်ခွက်ကလေးကို ဖိုက်ဘာဇွန်းလေးနှင့် မွှေလိုက် တောင်မြှောက်လေးပါးဆီ မျက်စိကစားလိုက်နှင့် ကောင်းကင်ချိုမှာ သူ့ စကားနှင့်သူ ထိုင်လျက် တိုင်ပတ်နေရှာ၏။ ဟင်း ... စမိမှတော့ ရဲရဲကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပြရဲရမှာပေါ့လေ ... နော ... ။

ကောင်းကင်ချိုတို့လူစု လေပွနေကြသကဲ့သို့ မလှမ်းမကမ်းဝိုင်းတွင် ထိုင်နေသော ခက်ဆစ်တို့အုပ်စုလည်း ရောက်တတ်ရာရာ လေပွနေကြပါသည်။ ကျောင်းသူကျောင်းသားလူငယ်တွေ ကဲန်တင်းထိုင်လျှင် ဒါဟာ ရိုးရာတစ်ခုပေလား ... ။

ညိုမီလှိုင်က မေးတိုတိုကို ငေါ့၍ ...

''ဟဲ့ ... နင်တို့ကို ငါ တစ်ခု ပြောပြမယ်''

''ပြောပဲပြောဟာ ... မပြုနဲ့ ...''

''ဘာ ...''

ခက်ဆစ်စကားကြောင့် ညိုမီလှိုင် တွန့်ခနဲဖြစ်သွားသည်။ ခက်ဆစ်က ပြုံး၍ ...

''ငါက အကောင်းပြောတာပါဟ။ မိန်းမတွေမှာ ယောကျ်ား ငါးမျိုးရှိတယ်တဲ့။

နံပါတ် (၁) သူငယ်ချင်းယောကျ်ား – သူ့ကို အကုန်ပြောတယ်။ ဒါပေမယ့် ဘာမှ မပြုဘူးတဲ့။

နံပါတ် (၂) တိတ်တိတ်ပုန်းရည်းစား – သူ့ကို အကုန်ထုတ်ပြတယ်။ ဒါပေမယ့် ဘာမှ မပြောဘူးတဲ့။

နံပါတ် (၃) ခင်ပွန်းသည် – သူ့ကို နည်းနည်းပြတယ်။ နည်းနည်းပဲလည်း ပြောတယ်တဲ့။

နံပါတ် (၄) မီးယပ်သားဖွားဆရာဝန် – သူ့ကို အကုန်ထုတ်ပြရတယ်။ အကုန်လည်း ပြောရတယ်တဲ့။

နံပါတ် (၅) အထက်အရာရှိ – သူခိုင်းရင် ခိုင်းတဲ့အတိုင်း လုပ်ရတယ်တဲ့''

''ဟင် ... ညယ်''





''ငါက နံပါတ်(၁) စာရင်းဝင် နင်ရဲ့သူငယ်ချင်းယောကျ်ားလေး အဲ့ဒါကြောင့် ပြောပဲပြော မပြုနဲ့လို့ ပြောတာ။ ကဲ ... ပြော ... ဘာပြော မှာလဲ''

ဒီတော့မှ ညိုမီလှိုင် အောင့်သက်သက်နှင့် ...

''မြန်မာနိုင်ငံမှာရှိတဲ့ မြို့နာမည်တွေကို ဝှက်ထားတဲ့ ပဟေဠိ လေးတစ်ခု နင်တို့ကို ငါပြောပြ ... အဲ ... ပြောမလို့ ... ။ ဟာ ... ဒါက မီးယပ်သားဖွားဆရာဝန်လိုပဲ ပြောလည်းပြော ပြလည်းပြမှ ရမှာပါ ဒီမှာကြည့်''

သူမ ကူးရေးလာပုံရသော စာရွက်ကလေးတစ်ရွက် ထုတ်ပြ သည်။ ဖြူလွှာသော စက္ကူသားပေါ်မှာ သပ်ရပ်လှပသော လက်ရေးဝိုင်း ဝိုင်းလေးတွေက ဖြောင့်တန်းညီညာစွာ ... ။

(လူကတော့ လက်ရေးနှင့် 'ဆန့်ကျင်ဘက်' ဟု မှတ်ပါ) (ဝိုင်း တာတော့ တူ၏)

မြန်မာနိုင်ငံမှာရှိတဲ့ အဲဒီမြို့နာမည်လေးတွေကို ဖြေကြည့်ပါ (မြို့အမည်တွေ ကြားဖူးနားဝရှိရုံနဲ့ အလွယ်တကူ ဖြေနိုင်ကြမှာ ပါ ... )

၁။ စွပ်ပြုတ်လုပ်သောက်ချင်စရာကောင်းတဲ့မြို့ = ?

၂။ မြစ်အဖေကြီးနဲ့ မြစ်အမေကြီးက မွေးတဲ့မြို့ = ?

၃။ လူကြီးမဖြစ်သေးတဲ့မြို့ = ?

၄။ ဒီနေ့ည ငါကင်းစောင့်ရမယ့်အလှည့် မဟုတ်ဘူးဆိုတဲ့မြို့ = ?

၅။ ကလီစာတွေ အူတွေ အခွေလိုက်ရှိတဲ့ မြို့ = ?

၆။ သကြားချက်ရင် အဆင်ပြေနိုင်တဲ့ မြို့ = ?



www.burmeseclassic.com

www.burmeseclassic.com



၇။ ဆင်တွေ့ကတဲ့ မြို့ = ?

၈။ စာရေးဆရာတွေကို ထုတ်ပေးသူတွေ အလုပ်လုပ်နိုင်းတဲ့ မြို့=?
(အပျင်းကြီးတဲ့ လင်းညို့သွေးကို ဦးစိန်တိုးတို့အုပ်စု မကြာခဏ
ပြောသလိုပေါ့ဗျာ ... ဟဲ ... )

၉။ စိုစိုပြည်ပြည်မရှိတဲ့မြို့ = ?

၁၀။ ကျန်စစ်သားမိန်းမနာမည်နဲ့မြို့ = ?

၁၁။ ဖားကောက်ခိုင်းတဲ့ မြို့ = ?

၁၂။ လောကကြီးနဲ့ ဆန့်ကျင်ဘက်အရပ်ကမြို့ = ?

၁၃။ လေဘေးထည်မြို့ = ?

၁၄။ ညီမတွေ့ရှိရင် ယောကျ်ားယူတဲ့အခါ သတိထားရမယ့်မြို့=?

၁၅။ ကိုယ်တော်ခံတဲ့ဆွမ်း အရနည်းတာ ဒါကြောင့်ကိုးဆိုတဲ့ မြို့=?

၁၆။ ငှက်ရုပ်ဆိုးကြီး ပြောင်းပြန်လှန်နေတဲ့မြို့ = ?

၁၇။ ရွာလိုက်တာမှ သဲကြီးမဲကြီးပဲဆိုတဲ့ မြို့ = ?

၁၈။ အနာထဲက အရည်မြို့ = ?

၁၉။ ငါ့လိုတုချင်ရင် ငါ့ကိုမီအောင် ကြိုးစားသင့်တယ်ဆိုတဲ့ မြို့=?

၂၀။ ရုံးသွားကျောင်းသွား သတိထား ဒါတွေယူကွယ် မမေ့နဲ့ ဆိုတဲ့
မြို့ = ?

• စာရွက်ကိုယူ၍ လေးယောက်သား တစ်ယောက်တစ်လဲ ကြည့်ကြသည်။ ပြီးတော့ အဖြေရှာကြ၏။ အပျင်းပြေ၍ ဗဟုသုတ ရရှိသလို ပျော်စရာလည်း ကောင်းပါသည်။

ခက်ဆစ်က ရယ်ကျဲကျဲနှင့် ညိုမီလှိုင့်ကို ကြည့်၍ ...

"နင့်ကိုလည်း ငါ ပဟေဠိတစ်ခု မေးရဦးမယ်"

"မေးလေ ... ဘာမေးမှာလဲ"





ခက်ဆစ်က သူ့ကိုယ်သူ လက်ညှိုးထိုး၍ ...

"ငါ့ပုံစံက ကျပ်မပြည့်တဲ့ပုံပေါက်လား"

"ဟင် ... ဘာလို့လဲ"

ညိုမီလှိုင် ကြောင်အမ်းအမ်းဖြစ်သွားသည်။ ခက်ဆစ်က မျက်နှာပိုးသပ်၍ ...

"ငါမေးတာသာ ဖြေစမ်းပါ"

ညိုမီလှိုင်က အူတူတူနှင့် ခေါင်းခါပြီး ...

"မပေါက်ပါဘူး။ ဘာလို့လဲဆို"

"ဒါဆို သူတို့သုံးယောက်ပုံစံကကော ကျပ်မပြည့်တဲ့ပုံပေါက်လား"

သူတို့ဘက်ပါ လှည့်လာသဖြင့် ကျော်ကျော်နိုင်၊ ဇင်ဂို၊ နှင်းယုဝါတို့လည်း စိတ်ဝင်တစား ဖြစ်လာသည်။ ညိုမီလှိုင်က ခေါင်းကိုထပ်မံခါပြီး ...

"သူတို့လည်း ကျပ်မပြည့်တဲ့ပုံ မပေါက်ပါဘူးဟ။ နင်တို့အားလုံး ပုံမှန်ပါပဲ။ ဘာလို့လဲ ... ပြောဟာ ... ငါ အရမ်းသိချင်လာပြီ ... "

ဒီတော့မှ ခက်ဆစ်က ပြုံးပြီး ...

"ဩော် ... လူငါးယောက်မှာ တစ်ယောက်နှုန်း ဦးနှောက်မမှန်ဘူးဆိုလို့ပါ။ အဲ့ဒါကြောင့် ငါးယောက်ဆုံတုန်း စမ်းစစ်ကြည့်တာ။ အခု လူငါးယောက်ရှိတာမှာ ငါတို့လေးယောက်က ပုံမှန်ပဲဆိုတော့ ... ချောင်နေတာက ... "

"ဟမ် ... ဘာ ... "

ညိုမီလှိုင် မျက်လုံးအကွင်းလိုက် ပြူးတက်လာသည်။ ကျန်လူတွေလည်း အရှိန်မထိန်းနိုင်ဘဲ တဟားဟားရယ်မိကြ၏။ ညိုမီလှိုင် ဒေါသတွေ ပိုမိုပွတက်လာပြီး သူမလက်ထဲမှ အိတ်နှင့် ခက်ဆစ်ကို လှမ်းသမ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခက်ဆစ်ကလည်း သူ့ကျောပိုးအိတ်ကို ဖျတ်ခနဲဆွဲယူပြီး လျင်မြန်စွာ ဝရမ်းပြေးလုပ်လေ၏။

အဲသည်မှာပဲ ...

''ခွမ်း''

ဟာ ... သွားပြီ ... ။

အနီရောင်ဖျော့ရည်တွေက အနုအရင့်တွဲစပ်ထားသည့် ထက်အောက်ဆင်တူ အစိမ်းရောင် ကိုယ်ကြပ်ဝတ်စုံပေါ်မှာ ...။ ကျောက်သားနှပ်ခု ဖျဉ်းခနဲ ထိခတ်မိလိုက်သလိုမျိုး မီးပွင့်ထွက်တော့မတတ် အကြည့်တွေ ...။

''ဒါ ... နင် ... နင် တမင်သက်သက်လုပ်တာ မဟုတ်လားဟင် ...''

ဒေါသကြောင့် တဆတ်ဆတ်တုန်ခါနေသော ဖူးဖူးကြွကြွ နှုတ်ခမ်းလွှာ ... ။

''ဟာ ... မဟုတ်ဘူး ... ငါ တမင်လုပ်တာ မဟုတ်ဘူး ... ။ ပြေးလာရင်း အိတ်နဲ့တိုက်မိသွားတာ ...''

''အပိုတွေ ပြောမနေနဲ့ ... ။ ဘာရည်ရွယ်ချက်နဲ့ နင် ငါ့ကို အမျိုးမျိုးဒုက္ခပေးနေရတာလဲ ...''

''ငါ နင့်ကို ဘာတွေ ဒုက္ခပေးလို့လဲ ... ။ အခုကိစ္စကလည်း ဘကယ့်ကိုပဲ မတော်တဆဖြစ်သွားခဲ့တာပါ''

''အသက်နဲ့ လောင်းကြေးထပ် ပြောရင်တောင်မှ နင့်စကားကို ငါ မယုံဘူး။ အဲ့ဒါကို မြဲမြဲမှတ်ထားလိုက်''

မာကြောအေးစက်သော စကားလုံးတွေနှင့် ပစ်ပေါက်ပြီးနောက် ချာခနဲ ထထွက်သွားသော ကောင်းကင်ချို ... ။ ဖျော့ရည်စိုဝတ်စုံက ကိုယ်ခန္ဓာ ရွှေ့လျားလှုပ်ခါမှုတိုင်းမှာ အရည်တွေကို တစက်စက်ညှစ်ချ





လို့ ... ။

အသရေဖျက်တာ မဟုတ်ပေမယ့် အသရေပျက်သွားခဲ့ပါသည်။

တစ်စစီ ကွဲကြေသွားသော ဖန်ခွက်အပိုင်းအစတွေကို ခေါင်းငုံ့ကာ လိုက်ကောက်နေရှာသည့် ခက်ဆစ် ... ။ သူ့ရင်ထဲမှာတော့ နားမလည်နိုင်ခြင်း ဒွိဟများစွာ ... ။

ငါ့အတွက် အမုန်းတွေကို

ဆေးမင်ကြောင်လိုပဲ

မင်းရင်မှာ စုတ်ချက်ရေးထိုးထားလေသလား

မိန်းကလေးရယ် ...

''အခုလောလောဆယ် သွေးဆူနေတုန်း ဘာမှ ပြောမနေပါနဲ့တော့။ သွေးအေးသွားမှပဲ နားလည်အောင် အကျိုးအကြောင်း ရှင်းပြလိုက်ပေါ့''

ချမ်းငြိမ့်သူ၏ နှစ်သိမ့်မှု ... ။

''အခုကိစ္စက ထားပါတော့ဟာ။ ဒါပေမယ့် သူပြောသွားတဲ့စကားထဲမှာ ငါက သူ့ကို အမျိုးမျိုးဒုက္ခပေးနေတယ် ဆိုတာက ဘာလဲ။ အဲ့ဒါကို ငါ လုံးဝမရှင်းဘူး''

ခက်ဆစ်၏ ခက်ဆစ် မေးခွန်း ... ။

''အဲ့ဒါက ဒီလိုပါ ...''



www.burmeseclassic.com

www.burmeseclassic.com

မကြာမီ ...

အဖြူရောင် CYGUNUS ကားတစ်စီး ကျောင်းဝင်းထဲမှ မောင်းထွက်သွားလေသည်။

"ဒီအတိုင်းဆို ကောင်းကင်ချိုဘက်က နင့်အပေါ် အထင်အမြင်လွဲမှားမှုတွေရှိနေတာပေါ့။ အင်း ... အဲ့ဒါကြောင့် နင့်ကို သူကြည့်တဲ့အကြည့်တွေက တစ်မျိုးဖြစ်နေတာကိုး"

"ဘာပဲဖြစ်ဖြစ် မရည်ရွယ်ပေမယ့် စနောက်မိသလို ဖြစ်ခဲ့တာတွေ အတွက်ကော၊ မတော်တဆ တိုက်ဆိုင်မှုတွေအတွက်ပါ မနက်ဖြန်သူ့ကိုငါ တောင်းပန်ဖို့ ဆုံးဖြတ်လိုက်ပြီ"

"အင်းပါ ... ကောင်းပါတယ်။ နှစ်ဦးနှစ်ဖက် စိတ်ထဲရှင်းသွားတာပေါ့"

နေ့လည်ခင်း ကျောင်းမှအပြန် ကားပေါ်မှာ ခက်ဆစ်နှင့်ယုဝါပြောလာကြတာ ဖြစ်သည်။ ကားမောင်းနေသော ခစ်ဆစ်ကို ယုဝါကဘေးတစောင်းအနေအထားနှင့် ကြည့်ကာ ...

"နင့်ကိုငါ တစ်ခုမေးမယ် ခက်ဆစ်။ နင် အမှန်အတိုင်းဖြေမလား"

"မေးလေ ... ဘာမေးမှာလဲ"

"ကောင်းကင်ချိုကို နင် ကြိတ်ခိုက်နေတာလား"

"အာ ... "





ခက်ဆစ်မျက်နှာ မအီမလည် ဖြစ်သွားသည်။

"နင်က ငါ့ကို ဘာလို့ အဲ့ဒီမေးခွန်း မေးရတာလဲ"

ခက်ဆစ်၏ တုံ့ပြန်မေးခွန်းကြောင့် ယုဝါ ပြုံးကာ ...

"တစ်ခါတလေ အတန်းထဲမှာ နင့်ကိုငါ လှမ်းကြည့်လိုက်ရင်ကောင်းကင်ချိုကို သူ မသိအောင် နင် စိုက်ကြည့်နေတာတွေ တွေ့မိလို့ပါ"

"ဩြော် ... ဒါလား ... "

ခက်ဆစ်က ဟက်ခနဲ ရယ်ကာ ...

"သူက ယောကျ်ားတွေကို မုန်းတယ်၊ အချစ်ကို အယုံအကြည်မရှိဘူးဆိုတဲ့ စကားတွေ ဟစ်ကြွေးလွန်းလို့ပါ။ အဲ့ဒါကြောင့် သူ့စိတ်ကိုသိချင်လို့ သူ့ပုံစံကို အကဲခတ်ကြည့်တာပါ"

ဒီစကားဟာ ညာတာလား အမှန်လားဆိုတာ ကာယကံရှင်ခက်ဆစ်သာ သိပါလိမ့်မည်။ သူတစ်ပါး၏ ကိုယ်ရေးကိုယ်တာကို ဇွတ်အတင်း မစွက်ဖက်တတ်တာကိုက ယုဝါ၏ ချစ်စရာကောင်းသော အလေ့အကျင့်တစ်မျိုးဖြစ်၏။ ခံစားချက်နှင့် ဆန္ဒတွေကို သိုဝှက်ထားတတ်တာကလည်း ခက်ဆစ်၏ ဘဝပေး အသိတရားတစ်မျိုးသာ ... ။

ပလက်ဖောင်းပေါ်မှ တူညီဝတ်စုံလေးတွေနှင့် ကျောင်းသူကျောင်းသားကလေးငယ်တစ်စုကို မြင်တွေ့မှ ယုဝါက ...

"ဒီနေ့ ညီမြီလှိုင်ကို နင် စတော့ အထက်တန်းကျောင်းမှာတုန်းက ငါ့ကို နင် စခဲ့တာကိုတောင် သတိရမိသေးတယ်"

"ဘယ်ဟာလဲ"

"စုံညီပွဲတော်နေ့ကလေ ... ။ နင်နဲ့ငါ ခမောင်ရွှေရိုးနဲ့ချစ်စံပယ်ဟာအပြီးမှာ ဖြစ်တာလေ ... "

"ဟာ ... မှတ်မိတယ်"



www.burmeseclassic.com

www.burmeseclassic.com

ခက်ဆစ် အလန့်တကြား ထအော်သည်။ ယုဝါပင် ကြောင်အမ်းသွားမိ၏။

"ဘာဖြစ်တာလဲ"

"အဲ … ဘာမှ မဟုတ်ပါဘူး"

ကျောင်းမှာ မိဘ ဆရာ ကျောင်းသား စုံညီပွဲတော် ကျင်းပတိုင်း ခက်ဆစ်နှင့် ယုဝါမှာ ငယ်စဉ်ကတည်းက မောင်ရွှေရိုးနှင့်ချစ်စံပယ်အက တွဲကနေကျဖြစ်သည်။ ထိုစုံတွဲအကကြောင့်ပဲ သာမန်အတန်းဖော်တွေ အဖြစ်မှ သူတို့နှစ်ဦး၏ ရင်းနှီးမှုတွေ ပိုမိုရင့်သန်ခိုင်မာလာခဲ့တာ ဖြစ်၏။

အဲဒီနှစ်ကလည်း စုံညီပွဲတော်မှာ ထုံးစံအတိုင်း မောင်ရွှေရိုးနှင့် ချစ်စံပယ်အက ကပြဖို့တိုင်ပင်တော့ အပျိုဖော်ဝင်စ ယုဝါမှာ ရှက်တက်တက် အမူအရာနှင့် ငြင်းသေး၏။ သို့သော် ခက်ဆစ်၏ မရမကမဲဆွယ်မှုကြောင့် လိုက်လျောကာ သူမ ပါဝင်ကပြဖြစ်ခဲ့လေသည်။

သူတို့အလှည့်ရောက်၍ ကပြဖျော်ဖြေအပြီးမှာ အငြိမ့်မင်းသမီးဝတ်စုံနှင့် ယုဝါက စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ဆိုသော စာတမ်းအား လက်ညှိုးထိုး၍ …

"ခက်ဆစ် … ပညာရှိသူနဲ့ ပညာမဲ့သူ ဘာကွာလဲဟင်"

မောင်ရွှေရိုးဝတ်စုံ တိုက်ပုံအင်္ကျီအနက် တောင်ရှည်ပုဆိုး ဖိုးယိုးဖားရားနှင့် နှုတ်ခမ်းမွေးကားကားကြီး တပ်ဆင်ထားသော ခက်ဆစ်က

"ပညာရှိတဲ့လူက အဲဒီခြားနားချက်ကိုသိတယ်။ ဒါပေမယ့် အဲဒီအကြောင်း သူ ဘယ်တော့မှ မမေးဘူး"

"အမ်"

ယုဝါ ခံလိုက်ရသည်။ သူမ အသည်းယားပြီး ခက်ဆစ်ကို ထုရိုက်မလို့ပြင်တော့ ခက်ဆစ်က တောင်ရှည်ပုဆိုးကြီးကို မပြီး ကိုးရိုးကားရား ပြေးထွက်သွားလေသည်။





အဲဒီနေ့က …

အဲ့ဒီနေ့က …

"အဲ့ဒီနေ့က နင့်ကိုငါ လိုက်ရှာသေးတယ်။ ဒါပေမယ့် မတွေ့ဘူး။ ငါလည်း အဝတ်လဲချင်တာနဲ့ အစောကြီးပြန်သွားတာ။ နောက်နေ့ ကျောင်းပြန်ဖွင့်တော့ နှုတ်ခမ်းကြီးရောင်ပြီး နင် ရောက်လာတာလေ။ လက်ကိုင်ပဝါလေး တကိုင်ကိုင်နဲ့ ငါကတောင် … "

စကားက လျှပ်တစ်ပြက် အချိုးပြောင်းသွားသည်။

"ဟယ် … ခက်ဆစ် … ရှေ့မှာလူ … "

"ဟာ"

ဒီတော့မှ အသိဝင်လာသလို ခက်ဆစ် ကားဘရိတ်ကိုဆောင့်အုပ်လိုက်လေသည်။

ထိုနေ့ည ယုဝါ အိပ်မပျော်သဖြင့် သူမ ယူလာသော ညိုမြိုလှိုင်၏ ပဟေဠိစာရွက်ကလေးကို ကြည့်ကာ ဘောလ်ပင်တစ်လက် စာရွက်တစ်ရွက်နှင့် စိတ်ပြေလက်ပျောက် ဖြေနေမိပါသည်။

အချိန်အတန်ကြာသောအခါ ကျေနပ်လောက်သော အဖြေများအား သူမ စဉ်းစား၍ရသွား၏။ မနေနိုင်မထိုင်နိုင် ညိုမြိုလှိုင်ကို ဖုန်းဆက်မေးတော့လည်း သူမ အဖြေများ မှန်ကန်ကြောင်း သိရှိလိုက်ရ၏။

ထိုအဖြေများကို သူမ ရေးထားသည်မှာ …


www.burmeseclassic.com

www.burmeseclassic.com

ကလေးမြို့ ကလောမြို့ ကြံခင်းမြို့
ဝက်လက်မြို့ ဝမ်းတွင်းမြို့
ဖျာပုံမြို့ ခင်ဦးမြို့ ရေးမြို့ ပြည်မြို့ ဒလမြို့
မင်းတုန်းမြို့ ကျောက်ဆည်မြို့(အဲဒီမြို့က ဆင်ကနဲ့
နာမည်ကြီးတယ်လေ)
မိုးကောင်းမြို့ ထီးချိုင့်မြို့ မြစ်သားမြို့
မိတ္ထီလာမြို့(မိတ္ထီလာကန်တော်အောက်က ဖားကောက်ခဲ့လေး ... )
ချောက်မြို့ သပိတ်ကျင်းမြို့ မင်းကင်းမြို့
ဝါးခယ်မမြို့(မစားသာလိုက်တာ)

သူမ ရေးထားသည့်မှာ အဲဒီလိုမျိုး စီစဉ်တကျမရှိဘဲ ရှုပ်ယှက်ခတ်နေပါသည်။ ဒါကြောင့် အဖြေနှင့်မေးခွန်းအား မိမိဘာသာမိမိ တိုက်ကြည့်စေလိုပါသည်။

(ဟီး ... စိတ်ပုပ်တာ)



## အခန်း (၄)

"သားဖွားခြင်း သုံးမျိုးရှိတယ်"

"ဟုတ်လား ... ပြောစမ်းပါဦး"

"မင်္ဂလာဆောင်ပြီး တစ်လအကြာမှာမွေးရင် အချိန်မတန်ဘဲ မွေးဖွားခြင်း။ ယောက်ျားသေပြီးတစ်နှစ်ကျော်မှ မွေးရင် နောက်ကျသော မွေးဖွားခြင်း။ ကိုယ့်မိန်းမ မဟုတ်ဘဲ အိမ်နီးချင်းအမျိုးသမီးက မွေးရင် မှားယွင်းသော မွေးဖွားခြင်း"

"ဟာ ..."

ရယ်သံတွေ သောသောညံနေသည်။ လူရှစ်ယောက်ပေါင်းစပ်ထားသော ရယ်သံတွေ ဖြစ်ပါ၏။ ဇင်ဂို၊ ကျော်ကျော်နိုင်၊ ခက်ဆစ်၊ ယုဝါ၊ ညိုမီလှိုင် ... ဒါ့အပြင် ... ဆုလဲ့ရည်ကျော်၊ နန်းခမ်းမွန်၊ ချမ်းငြိမ့်သူတို့ပါ တစ်ဝိုင်းတည်း စုထိုင်နေကြတာ ဖြစ်၏။

ညိုမီလှိုင်က အစားတွေ ပလုပ်ပလောင်း စားနေရင်းမှ ...

"ဆရာဝန်တစ်ယောက်ဟာ လူနာကို ဘာဟင်းနဲ့စားခဲ့သလဲ ဆိုတာ မေးရတယ်"

"ဘာဖြစ်လို့လဲ"

"အဲ့ဒါမှ ဆေးကုသခ ဘယ်လောက်တောင်းရမလဲဆိုတာ ခန့်မှန်းလို့ရမှာလေ"

www.burmeseclassic.com



''ဟေ ...''

ရယ်သံတွေ ဆူညံသွားပြန်၏။ သူတို့ အခုထိုင်နေကြတာကျောင်းတွင်းမှဆိုင်မဟုတ်ဘဲ ကျောင်းအဝင်ပေါက်နှင့် မျက်နှာချင်းဆိုင်တွင်ရှိသော 'ကောင်းစံ' ဆိုသောဆိုင်တွင် ဖြစ်သည်။

အရယ်ရပ်တော့ ခက်ဆစ်က သူ့ပါးစပ်ထဲမှ ပီကေ(Chewing Gum)ကို အသံမြည်အောင် ဖောက်ပြီးနောက် ...

''ကောင်းကင်ချိုက ဒီကိုလာမှာ သေချာလို့လား''

ချမ်းငြိမ့်သူက ...

''သူ့ကိုငါ ကျောင်းရောက်တာနဲ့ ဒီကိုလာဖို့ ဖုန်းဆက်ထားတယ်။ လာမှာပါ''

စကားစပြတ်တော့ ဆုလဲ့ရည်ကျော်က အတည်မေးသည်။

''ယောကျ်ားလေးဦးနှောက်နဲ့ မိန်းကလေးဦးနှောက် ဘယ်လိုကွာခြားမှုရှိလဲဟင်''

အားလုံး ငြိမ်နေကြ၏။ ဒီတော့မှ ခက်ဆစ်က ...

''ယောကျ်ားတွေရဲ့ ပျမ်းမျှဦးနှောက်အလေးချိန်ဟာ ၁.၃၆ ကီလိုဂရမ်(သုံးပေါင်) လေးတယ်။ မိန်းမတွေရဲ့ဦးနှောက်အလေးချိန်ကတော့ ၁.၂၅ ကီလိုဂရမ် (၂ပေါင်နဲ့ ၁၂အောင်စ) မျှ ရှိတယ်''

''ဟင် ... ဒါဆို မိန်းမတွေက ဦးနှောက်သေးတာပေါ့နော်''

မိန်းကလေးတွေ မအီမလည် ဖြစ်သွားကြသည်။ ခမ်းမွန်က ...

''ဒါကြောင့် ခက်ဆစ်က Roll-1 ဖြစ်ပြီးတော့ ကောင်းကင်ချိုက Roll-2 ဖြစ်တာထင်တယ်နော်''

ခက်ဆစ်က ခေါင်းကိုရမ်းပြီး ...

''ဦးနှောက်အကြီးအသေးဟာ ဉာဏ်ရည်အနိမ့်အမြင့်နဲ့ သိပ်မဆိုင်ပါဘူး။ ကျား-မ ခန္ဓာကိုယ်ဖွဲ့စည်းမှုကြောင့်ပါ။ ပြီးတော့ ဉာဏ်ရည်





မြင့်တိုင်းလည်း အကောင်းချည်း မှတ်မနေနဲ့''

''ဘာလို့လဲ''

''အမေရိကန်နိုင်ငံမှာ ကြောက်စရာကောင်းလောက်အောင် လူတွေ တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက်သတ်ခဲ့တဲ့ နာမည်ကြီးလူသတ်သမား Rodney Alcala ဆိုသူဟာ IQ အဆင့် ၁၆၀ ကျော်ရှိတယ်။ သာမန်လူတွေရဲ့ IQ က ၉၅ နဲ့ ၁၂၀ ကြားမှာပဲရှိတာ။ ၁၆၀ ဆိုတဲ့အဆင့်ဟာ တကယ့်ပါရမီရှင်တွေရဲ့ IQ အဆင့်မျိုး။ ဒါပေမယ့် အဲဒီလူက ဘယ်နေရာမှာ ပါရမီပါတာလဲတော့မသိဘူး။ အားအားရှိလူပဲသတ်နေတာ''

''ဒါဆို လူသတ်ပါရမီရှင်ပေါ့ ...''

''အေး ... အဲဒီလိုပဲ ပြောရမယ်ထင်တယ်။ သူသတ်လိုက်တဲ့လူတွေအားလုံးကလည်း အသက်ငယ်ငယ် ချောချောလေးတွေချည်းပဲ။ သူက ဓာတ်ပုံဆရာ။ UCLA ကျောင်းက ဘွဲ့ရတစ်ယောက်တည်းဖြစ်တယ်။ သူ့ကို Dating Game Killer လို့လည်း လူသိများကြတယ်။ သူ့ IQ က တရားသူကြီးတွေ ရှေ့နေတွေ ရဲတွေ အားလုံးထက် မြင့်လို့လားတော့မသိဘူး။ ၁၉၈၀ ခုနှစ်ကတည်းက သေဒဏ်ကို နှစ်ခါပြန် အပေးခံခဲ့ရတာတောင် အခုထိ သက်ရှိထင်ရှားရှိနေတုန်းပဲ တဲ့ ...''

''ဟယ် ... ကြောက်စရာကြီး''

''ငါ့ကို လာသတ်နေရင် ဒုက္ခနော် ...''

''အခမ်း ကြောက် ကြောက်''

ရော် ... ပူစရာမရှိတာ တွေးပူရှေ့ရှုတ်နေပြန်သည်။ မိန်းကလေးတွေများနော် ... ။ ဒါလည်း 'မ' သဘာဝတစ်မျိုးပါပဲလေ ... ။ ဟုဆိုတယ် ဟုတ် !!! (ကြုံဖူးလို့ပါ)

ခဏအကြာမှာ ... ကျောင်းတွင်းသို့ အဖြူရောင် CYGNUS



www.burmeseclassic.com

www.burmeseclassic.com



ကားတစ်စီး မောင်းဝင်သွားသည်။

ကျော်ကျော်နိုင်က ...

''ဟိုမှာ ... ကောင်းကင်ချိုရဲ့ကား ...''

ဆုလဲ့ရည်ကျော်က ခေါင်းခါပြီး ...

''မဟုတ်ဘူး။ အဲ့ဒါ ဇော်ရဲထက် ကား''

''အဲဒီနှစ်စီးက တူတော့ ငါတို့တောင် နံပါတ်မှတ်ထားလို့ခွဲနိုင်တာ''

ချမ်းငြိမ့်သူက ကောင်းကင်ချို၏ ကားနံပါတ်ကို ရွတ်ပြနေသည်။ အဲဒီအချိန်မှာပဲ အဖြူရောင် CYGUNUS ကားတစ်စီး ကျောင်းဝင်းအတွင်း မောင်းဝင်သွားပြန်သည်။

''အဲဒါမှ ကောင်းကင်ချိုရဲ့ကား''

တစ်စီးနှင့်တစ်စီး သိပ်မခြား ... ။ ရှေ့ဆင့်နောက်ဆင့် ... ။

''ဟိုကောင် ရွတာပါဟာ။ ဖွန်ကြောင်တာ ရိုးရိုးမကြောင်ဘူး။ ကောင်းကင်ချိုနဲ့ အဲဒီလောက် တူချင်နေရင် သူပါ မိန်းမလို လိုက်ဝတ်ပါလား။ ကြွားချင်စိတ်က များနေတာ။ မိန်းကလေးမြင်တာနဲ့ ဆံပင်သပ်တင်ရတာလည်း အမော။ ကျောင်းမပြီးခင် ထိပ်ပြောင်ကြီးဖြစ်နေမှာတော့ မြင်ယောင်ပါသေးတယ်ဟယ် ...''

ခမ်းမွန်၏ စွာစွာလန်လန် အပြောကြောင့် ရယ်သံတွေ ထွက်ပေါ်လာကြပြန်သည်။ ဇင်ဂိုက ...

''ကောင်းကင်ချိုက ယောကျ်ားတွေကို တော်တော်အမြင်မကြည်လင်ဘူးနော်။ အဲ့ဒါ ဘာလို့လဲ''

ဆုလဲ့ရည်ကျော်က ...

''ငါတို့လည်း မသိဘူးဟ။ သူနဲ့က ဒီကျောင်းရောက်မှ ပေါင်းတာလေ။ သူ့အကြောင်း ဘာမှ ကောင်းကောင်းမသိဘူး။ မေးရင်လည်း





သူက မပြောဘူးဟ''

''အေး်''

ပုစ္ဆာဆန်သော မိန်းမချောရယ်ဟုပဲ ညည်းတွားရတော့မလိုလိုပါ ... ။ ဗုက်ဖဲတွေက များလိုက်တာ ... ။

မေးခွန်းတွေ အဖြေတွေ ရယ်သံတွေနှင့် နန်းခမ်းမွန်၊ ဆုလဲ့ရည်ကျော်၊ ချမ်းငြိမ့်သူတို့ သုံးယောက်ကတော့ ခက်ဆစ်တို့အဖွဲ့နှင့် အသားကျနေပါပြီ။ သူမတို့ အမူအယာတွေကလည်း အပေါင်းအသင်းအသစ်တွေကြားမှာ စိတ်လက်ပေါ့ပါးကာ ပျော်ရွှင်နေပုံရ၏။

အစားတွေ တသွတ်သွတ်စားနေသော ညိုမြီလှိုင်ကို ကြည့်ရဘာကိုက ရယ်စရာတစ်ခုလို ဖြစ်နေသည်။

အချိန်အနည်းငယ်အကြာမှာ ကျောင်းဝင်းအတွင်းမှ ကောင်းကင်ချို ထွက်လာပြီးနောက် ကောင်းစံသို့ သူမ အေးဆေးပဲလျှောက်လှမ်းလာပါသည်။ ခရမ်းရောင်သမ်းနေသည့် အချိုးအစားကျနဆန်းသစ်သည့်ဝတ်စုံနှင့် ... ။

တည်ငြိမ်ရဲရင့်စွာ ... ။ လှပကျော့ရှင်းစွာ ... ။

''သူ့နာမည်ကို ကောင်းကင်ချိုလို့ မခေါ်ဘဲ 'မေသန့်ရှင်းဘလက်လက်တောက်ပြောင်' လို့ ခေါ်ရင် ကောင်းမယ်နော်''

ခက်ဆစ်စကားကြောင့် ချမ်းငြိမ့်သူက နှုတ်ခမ်းကိုက်ပြသည်။

''ဟိုမှာ လာနေပြီ။ တိတ်တော့ ... ။ အဲ့ဒါတွေကြောင့် နင်နဲ့ချမဖြစ်တာ''

ခက်ဆစ် ဇက်ကလေး ပုတိုပြလိုက်၏။ ဆိုင်ထဲသို့ မျက်လုံးဝင့်၍ ရှာနေသော ကောင်းကင်ချိုကို ဆုလဲ့ရည်ကျော်က လက်လှမ်းပြလိုက်ပါသည်။ ကောင်းကင်ချို မြင်သွားပြီး သူတို့ရှိရာဝိုင်းသို့ ညင်သာစွာ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ခက်ဆစ်ကိုတွေ့တော့မှ သူမ မျက်နှာထား တင်းခနဲ မာသွားပြီး ...

"နင်တို့က ဒီမှာ ဘာလုပ်နေကြတာလဲ"

ချမ်းငြိမ့်သူက ပျာပျာသလဲ ...

"ခက်ဆစ်က နင့်ကို တောင်းပန်ချင်လို့တဲ့။ အဲ့ဒါ ..."

"ဟုတ်တယ်ဟ။ သူက နင့်ကိုခေါ်ပေးပါဆိုလို့ ... ဒီကောင်က ခင်ဖို့ ကောင်းပါတယ်ဟ။ ပေါင်းကြည့်မှသိတာ။ ငပေါလေး ..."

ခမ်းမွန်ကလည်း သာသာထိုးထိုးလေး ဝင်ပြောပေးသည်။ ခက်ဆစ်ချော့တော့ နင်သွားရ၏။ အားလုံးက ကောင်းကင်ချို၏ အဆုံးအဖြတ်ကိုပဲ စိတ်ဝင်တစား မျှော်လင့်နေကြပါသည်။

ကောင်းကင်ချိုက ပန်းသွေးရောင် နှုတ်ခမ်းဖူးဖူးလေးကိုမဲ့ကာ

"ဆောရီးပဲ ... မလိုဘူး။ တောင်းပန်တိုင်း ကျေအေးတတ်တဲ့ အစားထဲမှာ ငါ မပါဘူး"

ခက်ဆစ် စိတ်ထဲ တင်းခနဲ ဖြစ်သွားမိသော်လည်း ထိန်းကာ

"ခဏတော့ ထိုင်ပါဦးဟာ။ ငါ နင့်ကို အေးအေး ရှင်းပြချင်လို့ပါ။ ပြီးတော့မှ နင် ကြိုက်သလိုဆုံးဖြတ်ပေ့ါ"

သူတို့ဝိုင်းမှာ လူစုံ ခုံပြည့်မို့ ကျောချင်းကပ်လျက်ဝိုင်းမှ ခုံတစ်ခုံကို ခက်ဆစ် လက်နောက်ပြန် လှမ်းယူပေးလိုက်သည်။ ဆုလဲ့ရည်ကျော်က ကောင်းကင်ချိုလက်ကိုဆွဲကာ ...

"ခဏတော့ ထိုင်လိုက်ပါဟာ။ ဆိုင်ထဲမှာ တခြားလူတွေနဲ့ ... မကောင်းဘူး"

ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီး နှုတ်ခမ်းကိုဖိကိုက်ကာ ခက်ဆစ် ယူပေးသောခုံမှာ သူမ ဆောင့်ဆောင့်အောင့်အောင့် ဝင်ထိုင်လိုက်ပါသည်။ အိခနဲ ... ။





ကောင်းကင်ချိုကို အနီးကပ် မြင်ရတော့ ခက်ဆစ်စိတ်တွေ ရုတ်တရက် လှုပ်ရှားသွားသည်။ သူမ မျက်နှာကို စိုက်ကြည့်ပြီး သူ့ နှုတ်မှ စကားလုံးတွေ ဆွံ့အစွာ ထွက်ကျမလာခဲ့ ... ။

သူ့အာရုံထဲမှာ တရိပ်ရိပ် ပေါ်လာတာက ... ကြယ်စင်နတ်သမီး။ ပြီးတော့ ... ပိုးပဝါ ... ၊ နောက် ... ငွေလက်စွပ်ကလေးတစ်ကွင်း ... ။

"နင် ... နင် ... ကြယ်စင်နတ်သမီးကို သိလားဟင် ..."

ထိုစဉ်မှာပင် ...

"ယောကျ်ားလေးမိတ်ဆွေ မလိုချင်ဘူးဆိုတဲ့လူက အခုကျတော့ ယောကျ်ားလေးတွေနဲ့တောင် အတူတစ်ဝိုင်းတည်းထိုင်လို့ပါလား ... ။ ဘယ်လိုလဲ Sky ... ကိုယ့်ကိုရော အဲ့လို အခွင့်အရေးမျိုးပေးမှာ လား"

ခေါင်းလိမ်းဆီ ရွှဲနစ်နေသော ဆံပင်တွေကို လက်ချောင်းတွေနှင့် တခမ်းတနား သပ်တင်လျက် ရင်ကော့ခေါင်းမော့ကာ ရောက်လာတာက စူပါကင်း ဇော်ရဲထက် ... ။

ကောင်းကင်ချိုက ထိုင်ခုံမှ ဆတ်ခနဲ ထပြီး ...

"ကိုယ့်အကန့်နဲ့ ကိုယ်နေရင်ကောင်းမယ် ဇော်ရဲထက် ... ။ မဆိုင်တာ ဝင်ပါရင် ဖယားရှုပ်တတ်တယ်လို့ နင့်ကိုငါ ပြောပြီးပြီနော်။ ကိုယ့်ဘာသာ အေးအေးနေပါ"

အဲ့သည်အချိန်မှာပဲ ...

"ကောင်းကင်ချို ... ပြန်ထိုင် ... ပြန်ထိုင် ... မြန်မြန်ပြန်ထိုင်လိုက်"

နန်းခမ်းမွန်၏ အလန့်တကြားအော်သံကြောင့် အားလုံး နဝေတိမ်တောင် ဖြစ်သွားရ၏။ သူကတော့ လုပ်ပြီ ... ။ ရှေ့မကြည့် နောက်မကြည့် ... ။

ကောင်းကင်ချိုက ဇဝေဇဝါနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



''ဘာလို့လဲ''

''နင့် ... နင့် တင်ပါးမှာ ...''

''ဟာ''

''အို''

ကောင်းကင်ချို့မျက်နှာ ရဲခနဲဖြစ်သွားသည်။ ကြည့်လိုက်မိသည့် ယောကျ်ားလေးအချို့လည်း မျက်နှာလွှဲသွားကြ၏။ ဇော်ရဲထက်ကတော့ တအံ့တဩ ကြည့်ဆဲ ... ။

မေးသောမျက်လုံးပင် ပြူးသွား၏။

ခရမ်းရောင်လုံချည်နှင့် ထိုင်ခုံကို သွယ်ဆက်ထားသော အဖြူ ရောင်ပီကေ အမျှင်တန်းလေးက အိတွဲစွာ လှုပ်လီလှုပ်လဲ့ ... ။ ကောင်းကင်ချို၏ ယိမ်းနွဲ့လှုပ်ခါတိုင်းမှာ အဖြူရောင်ကြိုးတန်းလေးက အမျှင်မပြတ်ဘဲ လူးလူးလွန့်လွန့်နှင့် လိုက်ပါလှုပ်ခါနေသည်။

အသည်းယားစဖွယ် ... ။ မြင်ကွင်းဆန်း ... ။

''ဟင် ... ဒါ ... ဒါ ... နင် ... နင် တမင်လုပ်တာ မဟုတ်လား ...''

ရှက်ဒေါသ ... ။

ပြူတစ်ပြူတစ်မှ ... ဆောင့်ထွက်အသွား ... ။

လက်ဖဝါးတစ်ဖက် လျှင်မြန်စွာရိပ်ခနဲ ... ။

ဖျောင်းခနဲ ... မြည်သံ ... ။

ပီကေကို တမြုံ့မြုံ့ဝါးနေသော ခက်ဆစ်မျက်နှာ ချာခနဲလည်ထွက်သွားသည်။ လက်ဖဝါးရိုက်ချက်ကြောင့် ပါးစပ်ထဲမှ ဝါးလက်စ ပီကေလေးပင် ခုန်ထွက်သွားရ၏။

''အဆင့်မရှိတဲ့ကောင် ... မိမဆုံးမ ဖမဆုံးမက မွေးထားတဲ့ကောင် ... အောက်တန်းစား ...''





''ဟ ... ဘလိုင်းကြီး ... နင် မဆိုင်တဲ့ ငါ့မိဘတွေကို မစော်ကားနဲ့နော်။ ဒီကိစ္စ ငါလုပ်တာ မဟုတ်ဘူး''

''နင် မလုပ်လို့ ဘယ်သူလုပ်မလဲ။ နင် ပေးတဲ့ခုံကိုပဲ ငါထိုင်တာလေ။ ဘယ်ဥကပေါက်ထားတာလဲ မသိဘူး။ အဆင့်ကိုမရှိဘူး''

''ဟာ ... နင် လွန်ပြီနော် ... ။ ငါ မလုပ်ဘဲနဲ့ ငါ့ပါးကိုလည်း ရိုက်တယ်။ ငါ့မိဘတွေကိုလည်း စော်ကားတယ်''

''အဲဒီတော့ ဘာဖြစ်လဲ ... ဘာဖြစ်ချင်လဲ ... ။ ကြိုက်သလို ရှင်းလို့ရတယ်။ နင့်လိုကောင်လောက်ကတော့ စာရင်းထဲမရှိဘူး''

ခက်ဆစ်ကို ဆွဲသူကဆွဲ ... ။ ကောင်းကင်ချိုကို ဆွဲသူက ဆွဲ ရှုန်းရင်းဆန်ခတ် ... ။

တစ်ဆိုင်လုံး၏အကြည့်တွေက သူတို့ထံမှာ ... ။

''တော်ကြပါတော့ ... လူတွေဝိုင်းကြည့်နေတာ ရှက်ဖို့ကောင်းပါတယ်။ ဒီကိစ္စ ခက်ဆစ် လုပ်တာလည်း မဟုတ်ပါဘူး။ သူ တစ်ချိန်လုံး ငါတို့အားလုံးရှေ့မှာ ရှိနေတာပဲ။ သူလုပ်ရင် ငါတို့လည်း သိမှာပေါ့။ အခု ဟာက တစ်ယောက်ယောက်နောက်ပြီး ချွန်းဂမ်းကပ်သွားတဲ့ခုံကို ခက်ဆစ်က မသိဘဲ ယူပေးလိုက်မိလို့ အခုလိုတွေ ဖြစ်ကုန်ရတာပါ''

ယုဝါက ဝင်ရှင်းပြပြီး အတင်းလူစုခွဲခိုင်းသည်။ ကောင်းကင်ချိုကို သူမ သူငယ်ချင်းတွေက ကျောင်းဝင်းထဲဆွဲခေါ်သွား၏။ ခန္ဓာကိုယ်အောက် ပိုင်းကို အိတ်နှင့်ကွယ်ကာ ဒေါသမပြေသေးသော မျက်နှာထားနှင့် ကောင်းကင်ချို ရင့်မာစွာ တရွေ့ရွေ့ ပါသွားလေသည်။

ဇင်ဂိုနှင့် ကျော်ကျော်နိုင်က ခက်ဆစ်၏ တစ်ဖက်တစ်ချက်မှာ ခံနေကြသည်။ တစ်ဖက်က မိန်းကလေးဆိုတော့ သူတို့လည်း ဘာလုပ် ရမှန်း လုပ်ရမည်မှန်း မသိတော့ ... ။

ညိုမီလှိုင်နှင့် ယုဝါကတော့ တစ်ယောက်လက်ကို တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ဆုပ်ကိုင်ထားကြပါ၏။

''တောက် ... ''

ပါးပြင်ကို ပွတ်သပ်ပြီး မထွက်စဖူး ထွက်လာသည့် ခက်ဆစ်နှုတ်က တက်ခေါက်သံ ... ။

''ငါ ပြန်မယ် ယုဝ ... ညနေမှ ကိုမျိုးကြီးကို လာကြိုခိုင်းလိုက်မယ်။ ဒီနေ့ ကျောင်းမှာဆက်နေရင် ငါ လူသတ်မိလိမ့်မယ်''

အံကို ခပ်တင်းတင်း ဖိကြိတ်ထားသည့် ခက်ဆစ်လက်သီးချက်က စားပွဲခုံပေါ်သို့ ... ဝုန်းခနဲ ... ။

ပြန်ရန်အတွက် ကားပါကင်ဆီသို့ လျှောက်အလာ ...

ကားဘောနက်ဖုံးကို ဖွင့်ပြီး ဟိုကြည့်ဒီကြည့်လုပ်နေသော ဌာနမှူး ဆရာဦးမြင့်နိုင်နှင့် တည့်တည့်တိုးပါသည်။

''ဟာ ... ခက်ဆစ်''

ဆရာက သူ့ကိုမြင်တော့ နှုတ်ဆက်သည်။ စိတ်ကိုလျှော့၍ မျက်နှာကို ချိုကာ ...

''ကား ဘာဖြစ်လို့လဲ ဆရာ''

''မသိပါဘူးကွာ ... စက်နှိုးမရလို့။ အလာတုန်းက အကောင်းကွ။ အခုမှ ဘာထဖောက်တယ် မသိပါဘူး။ ရုတ်တရက် သွားစရာပေါ်လာလို့ စက်နှိုးတော့ မရတော့ဘူး။ ငါကလည်း မောင်းရုံကလွဲပြီး ကားအကြောင်း သိပ်နားလည်တာ မဟုတ်ဘူး''





''ကျွန်တော် ကြည့်ပေးမယ်လေ ဆရာ''

ဆရာဦးမြင့်နိုင်က မျက်ခုံးပင့်၍ သူ့ကိုကြည့်ကာ ...

''မင်းက ဒါလည်း ဖြစ်တာပဲလား''

''အနည်းအပါးတော့ ရပါတယ် ဆရာ''

ကားဝပ်ရှော့မှာ စနစ်တကျ ပညာသင်ဖူးတာမို့ ဆီပျောက် မီးပျောက်နှင့် အခြေခံ သဘောတရားတို့လောက်တော့ ခက်ဆစ်အသားလေး ကျွမ်းပါသည်။ ကိုမျိုးကြီး ကျေးဇူးတွေပေါ့ ... ။

ခဏအကြာမှာ ကားစက်နှိုး၍ ရသွားသည်။ ကျေးဇူးတင် ချီးမွမ်းစကားတွေပြောပြီး ဆရာဦးမြင့်နိုင် ကားပေါ်တက် မောင်းထွက်သွားလေသည်။

ကွက်လပ်ဖြစ်သွားသော မြေနေရာ ဘေးတစ်ဖက်တစ်ချက်ဆီမှာ ရပ်ထားတာက ...

အဖြူရောင် CYGUNUS ကားနှစ်စီး ... ။

ထိုနေ့က အိမ်ပြန်ရောက်တော့ အမေ့ကို ကျောင်းမှာပြဿနာ ဖြစ်သည့်အကြောင်းတွေ ပြောပြလိုက်ပါသည်။

အမေက မာဝ်းခနဲ သက်ပြင်းချကာ ...

''အမေက စာတွေပေတွေ သိပ်မတတ်တော့ ကြီးကြီးကျယ်ကျယ်တော့ မပြောတတ်ပါဘူး သားရယ်။ ဒါပေမယ့် တရားပွဲတစ်ခုမှာ ကြားနာခဲ့တာလေးကို အမှတ်ရလို့ ပြောပြမယ်။ တစ်ခါက ... ဘုရားရှင်


www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းခံထွက်လာတော့ ပုဏ္ဏားတစ်ဦးဟာ ဆွမ်းလောင်းရမယ့်အစား ဘုရားရှင်ကို ဆဲဆိုလွှတ်တယ်။ ဘုရားရှင်က ပြုံးလျက်ပဲ ခံယူတော်မူတယ်တဲ့ ... ။ အဲဒီအခါ ပုဏ္ဏားက ဘုရားရှင်ကို ...

''ရှင်ကြီးဂေါတမ ... ငါ ဒီလောက်ဆဲဆိုနေတာတောင် နှင် ဘယ်လိုမှ မနေဘူးလား ... ။ ဘာကြောင့်လဲ'' လို့မေးတယ်။ ဘုရားရှင်က ...

''အသင် ပုဏ္ဏားကြီး ... သင် ဆွမ်းလောင်းတဲ့အခါ ငါ မခံယူရင် သင့်ဆွမ်းတွေ ဘယ်ရောက်သွားမလဲ''လို့ ပြန်မေးတယ်။ ပုဏ္ဏားက

''အို ... ရဟန်းကြီး ... ဘယ်မှမရောက် ... ငါ့ဆီမှာပဲကျန်နေမှာပေါ့'' လို့ဖြေတယ်။ ဒီတော့မှ ဘုရားရှင်က ...

''ပုဏ္ဏာကြီး ... အခုလည်း သင်ပေးတဲ့ ဆဲဆိုမှုတွေကို ငါမခံယူသဖြင့် အဲဒီဆဲဆိုမှုတွေက ငါ့ဆီမရောက် ... ၊ သင့်ဆီမှာပဲ ကျန်နေရစ်ဘယ်'' ... လို့ မိန့်ကြားတော်မူတယ်တဲ့ ... ။

ဒါကြောင့် သူများအပြစ် ကိုယ့်အပြစ် မဖြစ်ပါစေနဲ့သား ... ။ သူ့အပြစ်ကို သူ့ဆီမှာပဲထားလိုက်ပါ။ အဲဒီကိစ္စကို သားခေါင်းထဲက ထုတ်ပစ်လိုက်တာ အကောင်းဆုံးပဲ။ သား ရည်ရွယ်ချက်က ဆရာဝန်ဖြစ်ဖို့ မဟုတ်လား ... ။ ရန်ဖြစ်ဖို့ ကျောင်းတက်တာမှ မဟုတ်ဘဲ သားရယ်။ စာကိုပဲ အာရုံစိုက် ကြိုးစားစမ်းပါ။

တောင်တက်တဲ့လူဟာ ဆူးငြောင့်ခလုတ်တွေကို မာရုံရောက်နေရင်တော့ ခရီးပေါက်မှာမဟုတ်ဘူး''

အမေ့စကားတွေကြောင့် သူ့ရင်မှာ အေးချမ်းသွားလေသည်။

ထိုညက ...

အစဉ်အလာမပျက် အမေ့ကို ခြေဆုပ်လက်နယ်ပြု၍ ရှိခိုးကန်တော့သည်။ ပြီးသောအခါ ညဥ့်နက်သည်အထိ သူ စာကျက်ဖြစ်ခဲ့ပါ...





အိပ်စက်တော့လည်း အိပ်မက်တွေ အထူးသန့်စင်လေသည်...

မနက်ဖြန်ဆိုတာ ချောက်ချားစရာ ရာသီဥတုဆိုးရွားမည့် နေ့... ဘစ်နေ့ဖြစ်ကြောင်း ဇမ္ဗူဒီပါလက်ျာတောင်ကျွန်းက သြဘာနိမိတ် အရိပ် အယောင်တွေ တစိုးတစိမျှပင် မပြသခဲ့ပါ ... ။


www.burmeseclassic.com

www.burmeseclassic.com

တယ်လိုနက္ခတ်နဲ့ ယှဉ်မွေးလာလို့များ
ဝါဟာ မင်းနဲ့ပတ်သက်ရစ်
အစုလိုမျိုးတွေ ဖြစ်နေရတာလဲ
ကင်းပြီးကောက်မလေးရယ် ...

## အခန်း (၁၀)

''ကောင်းကင်ချို သေပြီ ...''

ကျောင်းရောက်တာနှင့် ကြားလိုက်ရသည့်သတင်း ... ။

''ကားအက်စီးဒင့်ဖြစ်တာတဲ့ ... ။ ဘရိတ်ပေါက်ပြီး ကားမှောက်သွားတာလို့ ပြောတာပဲ။ ကားမှောက်တဲ့နေရာမှာတင် ဒဏ်ရာအပြင်းအထန်နဲ့ ပွဲချင်းပြီးဆုံးသွားတာတဲ့ ... ။ သက်ဆိုင်ရာပုဂ္ဂိုလ်တွေ စစ်ချက်ယူတော့ ကားဘရိတ်ကြိုးမှာ မသင်္ကာစရာ ဓားဒဏ်ရာတွေတွေ့တာကြောင့် လုပ်ကြံမှုလည်း ဖြစ်နိုင်တယ်လို့ ပြောနေကြတယ်''

ကားပေါ်မှဆင်း၍ စာသင်ဆောင်သို့လျှောက်အလာ ... လမ်းမှာတွေ့သော အတန်းဖော်ကျောင်းသူတစ်ဦး၏ ပြောပြချက်ကြောင့် ခက်ဆစ်နှင့် ယုဝါမှာ ဇဝေဇဝါ ... ။ တမင်တကာ နှောက်နေတာများလားဟုပင် တွေးမိသေး၏။

စာသင်ခန်းထဲအရောက်မှာတော့ ...

''Skyကိုသတ်တာ ... အဲ့ဒီကောင် ...''

လွှားခနဲ ပြေးလာသော ဇော်ရဲထက် ... ။ သူ့လက်သီးချက်က ခက်ဆစ်မျက်နှာပေါ်သို့ ... ။

ခွပ်ခနဲ ... ။



www.burmeseclassic.com

www.burmeseclassic.com



ထိချက် ပြင်း၏။

မထင်မှတ်တာမို့ လဲပြိုလုမတတ် ခက်ဆစ် ယိုင်နဲ့သွားသည်။ ရုတ်တရက် ... တုံ့ပြန်ရန်အတွက် ခန္ဓာကိုယ်ကို ဆတ်ခနဲ မတ်ပြီး လက်သီးကို ပြင်လိုက်သည်။ ကိုယ်လည်း သွေးဆူတတ်သည့် လူငယ်ပဲလေ။

ကျစ်ကျစ်ပါအောင် ဖိဆုပ်ထားသည့် လက်သီးကို အားနှင့်လွှတ်ကာနီးမှ ...

သူများအပြစ် ကိုယ့်အပြစ် မဖြစ်ပါစေနဲ့သား ... ။

အမေ့စကား ... ။

ဒေါသ၏ နောက်ဆက်တွဲပြဿနာတွေ ... ။ ငွေကြေးမပြေလည်မှု ... ။ ကျောင်းတက်ရခြင်း၏ ရည်ရွယ်ချက် ... ။ မုန့်ဟင်းအိုးကို မွှေနေသည့် အမေ့မျက်နှာ ... ။

စိတ်ကို အနိုင်နိုင်ချုပ်ထိန်း၍ ကျစ်ကျစ်ပါအောင် ဖိဆုပ်ထားသော လက်သီးကို ဖြေလျှော့ကာ ...

''မင်းက ဘာကြောင့် ငါ့ကို အဲ့လိုပြောရတာလဲ''

ဇော်ရဲထက်က ငိုသံပါကြီးနှင့် ...

''မနေ့က ကန်တင်းမှာ လူသတ်မယ်လို့ မင်း ပြောနေတာကို ငါနားနဲ့ကြားခဲ့တာပဲ။ ပြီးတော့ Skyရဲ့ကားနားမှာ မင်းကိုငါ တွေ့လိုက်တယ်။ ကောင်းကင်ရဲ့ကားဘရိတ်ကြိုးကို မင်း ဖြတ်တာ။ အဲ့ဒါကြောင့် Skyသေရတာ''

သူ့ကို ဝိုင်းကြည့်နေသည့် တစ်ခန်းလုံးရှိ ကျောင်းသူကျောင်းသားအားလုံး၏မျက်နှာ ... ။ အကြည့်စိမ်းစိမ်းတွေ ... ။

''မဟုတ်ဘူး။ ကောင်းကင်ချို့ရဲ့ကားကို ငါ ဘာမှမလုပ်ဘူး။ မနေ့က ဆရာဦးမြင့်နိုင် ကားပျက်လို့ ငါ ကူပြင်ပေးတာပဲရှိတယ်။ ပြီးတော့ ငါ ပြန်သွားတာ''





''မယုံဘူး ... လုံးဝ မယုံဘူး ... ။ အပြစ်ကျူးလွန်သူတိုင်းဟာ ကိုယ့်အပြစ်ကိုယ် ဝန်ခံမယ်ဆိုရင် တရားဥပဒေတွေ စုံစမ်းစစ်ဆေးရေးအဖွဲ့တွေ ရှိလာမှာတောင် မဟုတ်ဘူး''

မျက်နှာထားမာမာတွေနှင့် အနားရောက်လာသည့် ချမ်းငြိမ်းသူနှင့် ဆုလဲ့ရည်ကျော် ... ။

''နင့်ကို ငါတို့က ထူးချွန်လို့ ပါရမီရှင်တစ်ယောက်လိုမျိုး လေးစားအားကျခဲ့တာ။ အဲဒီစိတ်နဲ့ပဲ ခင်ခဲ့မိတာ။ အခုတော့ နင်က ငါတို့ရဲ့ ခင်မင်မှုနဲ့ မထိုက်တန်ဘူး။ မိန်းကလေးတစ်ယောက်ကိုတောင်မှ အငြိုးတကြီးနဲ့ ရက်ရက်စက်စက် တုံ့ပြန်တယ်။ နင့်စိတ်ဓာတ် အရမ်းအောက်တန်းကျတယ်''

ရင်ထဲကို နင့်ခနဲ တွန့်ခါသွားစေသည့် စကားလုံး ... ။

''ဟာ ... မဟုတ်ဘူး။ နင်တို့ ထင်တာတွေ တစ်ခုမှမဟုတ်ဘူး''

''ဘာမှ ငြင်းမနေနဲ့ ခက်ဆစ်။ IQ အဆင့် ၁၆၀ ကျော်ရှိတဲ့သူ လူတွေ သတ်တယ်ဆိုတာကို အစကတော့ ငါ မယုံနိုင်ဘူး ဖြစ်နေတာ။ အခုတော့ ယုံသွားပြီ။ ငါ ယုံအောင် နင်က သက်သေပြလိုက်တာလေ၊ နင့်အိုင်ကျူတွေ မြင့်နေတာက အခုလိုမျိုး ပိပိရိရိ လူသတ်ဖို့ကိုး''

စကားသံတွေ ကြားရတာ အိပ်မက်ဆိုး မက်နေသည့်ပမာ ...

''ဆေးကျောင်းတက်တာ လူတွေရဲ့အသက်ကို ကယ်တင်ဖို့ လူသတ်ဖို့အတွက် မဟုတ်ဘူး။ လူသတ်တဲ့လက်နဲ့ ကျောင်းကို မလာနဲ့။ နင့်လို လူသတ်သမားကို ငါတို့ကျောင်းက အလိုမရှိဘူး''

''ဟုတ်တယ် ... ငါတို့အခန်းထဲက အခုထွက်သွားပေး''

''ဆေးကျောင်းနဲ့ နင်နဲ့မတန်ဘူး''

''အခုထွက်သွား ... ''

ချောက်ချားစရာ အသံတွေ ... ။ ဇော်ရဲထက်၊ ချမ်းငြိမ်းသူ



www.burmeseclassic.com

www.burmeseclassic.com



ဆုလဲ့ရည်ကျော် ... သူတို့နောက်မှ ... စာသင်ခန်းအတွင်းရှိ ကျောင်းသူကျောင်းသားအားလုံးနီးပါး၏ ညီညီညွတ်ညွတ် ဆန္ဒပြမှု ... ။

သွေးပျက်ရူးသွပ်မတတ် ... ။ အများနှင့်တစ်ယောက် ... ။

အားကိုးတကြီး သူငယ်ချင်းတွေကို ကြည့်လိုက်မိပါသည်။ သူ့အကြည့်နှင့် တည့်တည့်တိုးတာနှင့် မျက်နှာလွှဲသွားသည့် ဇင်ဂိုနှင့် ကျော်ကျော်နိုင် ... ။ စက်ဆုပ်ရွံရှာစရာ သတ္တဝါတစ်ကောင်ကို တွေ့သလိုမျိုး နှုတ်ခမ်းထောင့်တွေ တွန့်ကွေးကာ မဲ့သွားသည့် ညိုမီလှိုင် ... ။ **အခြား** သူတွေနှင့် ရောယှက်၍ သူ ထွက်သွားဖို့ကို တဆာဆာ ဟစ်**ကြွေးတောင်း** ဆိုနေသော နန်းခမ်းမွန် ... ။

ဇဝေဇဝါမျက်နှာထားနှင့် တွေဝေစွာ ခေါင်းငုံ့ရပ်**နေသော ယုဝ**။

ဟာ ...

သူ ထိတ်လန့်တုန်လှုပ်သွားသည်။ အမှန်တရားကလွဲပြီး ငါ့ဘက်မှာ ဘယ်သူမှ မရှိတော့ပါလား ... ။

"မဟုတ်ဘူး ... ။ ငါ လူသတ်သမား မဟုတ်ဘူး။ ငါက ဆရာဝန်လုပ်မယ့်လူလေ ... ။ လူတွေရဲ့အသက်ကို ကယ်တင်မယ့်လူလေ ..."

"သွေးရူးသွေးတန်းနဲ့ အပိုတွေ ပြောမနေစမ်းပါနဲ့ကွာ။ မင်းကို ဘယ်သူမှ အလိုမရှိဘူး။ ဒီအခန်းထဲကနေ အခုထွက်သွား"

ဇော်ရဲထက်က သူ့ကို တွန်းထုတ်သည်။ ခုခံတုံ့ပြန်ရန် အားအင်တွေ သူ့မှာ ပျောက်ဆုံးနေပါပြီ။ အခန်းရှေ့အရောက်မှာ သန်စွမ်းသူတစ်ယောက် နှံ့ချိုဖျော့တော့စွာ စိတ်ဒဏ်ရာတွေနှင့် ဒူးထောက်လဲကျသွားခဲ့ပါသည်။

ခေါင်းထဲမှာ မူးဝေ ... ၊ ရေငတ်သလို အာခေါင်တွေ ခြောက်ကပ် ... ၊ စွတ်စိုခြင်းဆို၍ မျက်ဝန်းမှာသာ ရှာဖွေတွေ့သည်။

ဝက်ဘာ့ထဲမှာ ထွက်ပေါက်ပိတ်မိနေသည့်ပမာ ... ။ မွန်းကြပ်





ဘွာ ... ။

ဒါဟာ ... ဘယ်လို ဝဋ်ကြွေးများလဲ ... ။

ဘဝကို ခါးသီးစက်ဆုပ်စွာ ... နာကြည်းမုန်းတီးစွာ ... အာခေါင်ကိုခြစ်၍ အသံကုန်အော်ဟစ်ပစ်လိုက်မိပါသည်။

"**အား** ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...

သူ့အတွက် ထွက်ပေါက်ဟူ၍ ဒါပဲ ရှိပါ၏။

သင်သည်လည်း

ထွက်ပေါက်ပိတ်မိသည့်အခါ ထိုသို့ပင် (သို့မဟုတ်) ထိုနည်းဆင်ဆင် ဖောက်ခွဲပစ်ဖူးပါလိမ့်မည် ...



www.burmeseclassic.com

www.burmeseclassic.com

''ခက်ဆစ် ... ခက်ဆစ်''

ယုဝါ၏ခေါ်သံ ... ။ ခေါင်းငုံ့လျှောက်နေသော ခက်ဆစ်နောက်သို့ အပြေးလိုက်လာသော ယုဝါ ... ။

ခက်ဆစ်ရှေ့မှ သူမ ပိတ်ရပ်ကာ ...

''နင် ဘယ်သွားမလို့လဲ ခက်ဆစ်''

''အိမ်ပြန်မလို့ပါ''

ခက်ဆစ်ကို ယုဝါ စူးစိုက်၍ ကြည့်ကာ ...

''သူတို့ပြောတာ အမှန်တွေပဲလား ခက်ဆစ်''

''နင် ဘယ်လို ထင်လို့လဲ''

''ငါ့ကို ပြန်မမေးပါနဲ့။ ငါမေးတာကိုပဲ ဖြေပါ''

ခက်ဆစ် သက်ပြင်းချ၍ အံကြိတ်ကာ ...

''ကောင်းကင်ချိုရဲ့ကားကို ငါ ဘာမှမလုပ်ဘူး။ ကောင်းကင်ချိုသေရတာ ငါ့ပယောဂ လုံးဝမပါဘူး''

သူ့နှုတ်မှ စကားက ပြတ်သားစွာ ... ။

''ဒါဆို နင် ဘယ်မှသွားစရာမလိုဘူးလေ။ နင့်စကားကို ဘယ်သူမှ မယုံရင်တောင် ငါ ယုံတယ်။ နင့်ဘက်မှာ ဘယ်သူမှမရှိရင်တောင်မှ





ငါ အမြဲရှိနေမယ်။ လာပါ ခက်ဆစ် ... ငါနဲ့အတူ စာသင်ခန်းထဲပြန်လိုက်ခဲ့ပါ''

ယုဝါက ခက်ဆစ်လက်ကို ဆွဲခေါ်သည်။ ခက်ဆစ်က ခေါင်းခါပြီး

''ငါ ပြန်တော့မယ် ယုဝါ ... ဒီနေ့လည်း ကိုမျိုးကြီးကိုပဲ လာကြိုခိုင်းလိုက်မယ်။ ပြီးတော့ ... နောက်နေ့တွေမှာလည်း ကိုမျိုးကြီးကိုပဲ လာကြိုခိုင်းလိုက်ပါ ... ''

ယုဝါလက်ကို ဆွဲဖယ်ကာ ... ကားပါကင်ဆီသို့ ခေါင်းငုံ့ကာ ဆက်လျှောက်သွားသည့် ခက်ဆစ် ... ။ သူ့ရင်မှာ နာကျင်ခံခက်ခြင်း ရှက်ဒေါသနှင့် ယူကျုံးမရခြင်းတွေက ပြည်တည်အနာသဖွယ် အတွင်းမြဲ လှိုက်စားနေလေသည်။

ကျောင်းဝင်းထဲမှ မောင်းထွက်သွားသည့် ကားလေးက တရွေ့ရွေ့ ... ။

ရပ်ငေးကြည့်နေသည့် ယုဝါ ... ။

ပျော်စရာကမ္ဘာဟာ အခုတော့ဖြင့် နာကျင်စရာ ... ။



www.burmeseclassic.com

www.burmeseclassic.com

မုန့်ဟင်းခါးဆိုင်လေး ...

"ကျွန်တော့်ကို ခွင့်လွှတ်ပါ အမေ"

ခက်ဆစ်၏တောင်းပန်စကား ... ။

"ဘာဖြစ်လို့လဲ သား"

ဒေါ်ချိုချိုခိုင်၏ မေးခွန်း ... ။

"ကျွန်တော် ... ကျွန်တော် ... ကျောင်းမတက်ချင်တော့ဘူး အမေ"

"ဘာ ..."



BURMESE CLASSIC .com

## "သူမ ... သို့ ..."

ယေလောက်အောင်
ကြေလောက်တဲ့ စကားလုံးတွေနဲ့
ဂျိရင်ကို နင် တကယ် မွှေနှောက်ခဲ့တယ်

ဂျယ်လီလို
ပျော့အိပုံရွေးတဲ့ နှုတ်ခမ်းပါးလေးဟာ
ဗျိရင်ကိုခွဲတဲ့ ဓားတစ်လက်တဲ့လားကွယ်

ဒါဟာ အမေအတွေပါ
ဒါကို နင်လည်း သိတယ်
အခြားလူ တော်တော်များများလည်း သိကြပါတယ်

အပြစ်ရှာပါ
ပြီးတော့ မစ်ခွာပါ
နယ်မြေသစ်မှာ နင် ကျင်လည်အောင်ကစားပို့



www.burmeseclassic.com

www.burmeseclassic.com


ငါ့ရင်ခွင်ကို တူးဆွကာ
အဆိပ်ဆူးတွေ ထိုးစိုက်ခဲ့လိုက်ပါ

နင့်ရဲ့မာယာဟာ
နင့်ရဲ့ခန္ဓာလိုပဲ
လှပစွာ
အကွေ့အကောက်တွေ များလွန်းတယ်

အသာမစံခင်
အနာခံနေရတဲ့ငါ
အနာမခံဘဲ
အသာစံချင်တဲ့ နင်
မသေချာမှုတစ်ခုကို ကျောခိုင်းရင်း
တစ်ခန်းရပ်ပြဇာတ်ဟာ
တစ်ဖက်သတ် ကန့်လန့်ကာ ကျသွားခဲ့ပါပြီ

ရိုးရိုးလေးပါပဲ ချစ်သူ
အမျိုးမျိုးကာ ဖြေသိမ့်ပါတယ်

ပုပ်အဲ့လွင့်ပြယ်မယ်မှန်း သိပါလျက်
အဲ့ဒီသွေးသားအစိုင်အခဲကြီးကိုပဲ
တရှိုက်မက်မက် တွယ်ဖက်ထားချင်နေခဲ့တယ်

**ရှုးသွပ်နေလား**



ငါ့ကိုယ်ငါ ပြန်ကာမေးတယ်
အသိတရားက ခေါင်းခါတယ်
နှလုံးသားက ပြောင်းဆန်အောင် နာတယ်

ငါ့ကိုယ်ငါ
ကြံဖန်နှစ်သိမ့်လိုက်ပါတယ်

ရှင်ဘုရင်မပေါ်ခင်ကတော့
ငါဟာ မင်းရဲ့ပုံပြင်တွေထဲမှာ
တောက်ပတဲ့ မင်းညီမင်းသားတစ်ယောက်
ဖြစ်ခဲ့ဖူးပါသေးတယ်
မိန်းကလေးရယ် ...

ဇွဲထင်ရှား

(ကိုယ်ရေးကိုယ်တာ အပိုင်းအစများမှ ... )


www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၁)

BURMESE CLASSIC .com

တချို့တွေက
အစက်အခဲကို အကြောင်းပြုပြီး
ဦးကျိုးတယ်။
တချို့တွေက
စံချိန်ချိုးတယ်။

(ဝီလျံအာသာဝဒ်)



www.burmeseclassic.com

www.burmeseclassic.com

အကယ်၍ ...

အကယ်၍
မင်းအသိုင်းအဝိုင်းက
တုန်လှုပ်ချောက်ချားပြီး
ဒါတွေဟာ
မင်းကြောင့်လို့
ဝိုင်းဝန်းပြစ်တင်ကြတဲ့အခါ
မင်းဟာ
ခေါင်းအေးအေးနဲ့ ရင်ဆိုင်နိုင်မယ်ဆိုရင် ...

အကယ်၍
အားလုံးက မင်းကို
မယုံသင်္ကာဖြစ်လာတဲ့အခါ
သူတို့ကို နားလည်စွာခွင့်လွှတ်ရင်းနဲ့
မင်းကိုယ်မင်း ယုံကြည်မှုအပြည့်ရှိမယ်ဆိုရင် ...

အကယ်၍
မင်းရဲ့အမုန်းစကားတွေကို





လူလိမ်လူညစ်တွေက
လှည့်စားပြောင်းလဲပြီး
မုသားအဖြစ် ထောင်ချောက်ဆင်ညစ်တဲ့အခါ
မင်းဟာ
တည်ငြိမ်စွာနဲ့ နားကြားနိုင်မယ်ဆိုရင်
ဒါမှမဟုတ်
မင်းဘဝတစ်ခုလုံးပေးပြီး
အရိပ်တကြည့်ကြည့် ပြည့်ဆည်းခဲ့ရတဲ့ အရာရာကို
ဖျက်ဆီးခံလိုက်ရပြီးတဲ့နောက်မှာ
အင်မတန်သေးငယ်တဲ့ တန်ဆာပလာ အရာရာနဲ့
ပြန်လည်တည်ဆောက်နိုင်မယ်ဆိုရင် ...

အကယ်၍
မင်းနိုင်ခဲ့သမျှတွေ အားလုံးဟာ
ကြွေတစ်လှည့် ကြက်တစ်ခုန်ပမာ
တစ်လှည့်တစ်ခါတည်းနဲ့ ဆုံးရှုံးသွားခဲ့ရင် ...
ပြီးတော့
အစကနေ ပြန်စနိုင်မယ်ဆိုရင် ...
ပြီးတော့တစ်ခါ
ဆိုးလှတဲ့ကံကြမ္မာရယ်လို့
ဘယ်သောအခါမှ ညည်းညူမနေဘူးဆိုရင် ...

အကယ်၍
သူများတကာ လုပ်ပြီးသွားကြလို့ အချိန်အတော်ကြာမှ

လင်းလက်အိမ်ဇာဝေ

www.burmeseclassic.com



မင်းအလှည့် ရောက်လာတဲ့အခါ
မင်းတစ်ယောက်တည်းနဲ့ပဲ
အားနဲ့မာန်နဲ့ ဇွဲသတ္တိရှိရှိ ဆက်ကြိုးစားမယ်ဆိုရင် ...
အဲဒီလိုပဲ
မင်းမှာ စိတ်အင်အားကလွဲလို့
ဘာဆိုဘာမှ မရှိတော့တဲ့အခါ
အဲဒီစိတ်ဓာတ်အင်အားကို
ခိုင်မာစွာနဲ့ပဲ ဆက်လက်ဆုပ်ကိုင်ထားမယ်ဆိုရင် ...

အကယ်၍
မင်း စောင့်သင့်တဲ့အချိန်ကို စောင့်နိုင်ပြီး
အဲဒီအတွက်လည်း မမောမပန်းနေနိုင်မယ်ဆိုရင် ...
ဒါမှမဟုတ်
မင်းရဲ့အကြောင်း
မဟုတ်တရား မုသားစကား ကြားရတဲ့အခါ
မင်းကလည်း အလိမ်အညာတွေနဲ့
မတုံ့ပြန်ဘူးဆိုရင် ...
ဒါမှမဟုတ်
မင်းကို လူတကာက ဝိုင်းဝန်းမုန်းတီးတဲ့အခါ
မင်းဟာ အမုန်းတွေ ပြန်မပွားဘူးဆိုရင် ...
ပြီးတော့ ...
မင်းကိုယ်မင်း လူတော်တစ်ယောက်ရယ်လို့ မမြင်ဘဲ
ပညာရှိစကားတွေလည်း မပြောဘူးဆိုရင် ...





အကယ်၍
စိတ်ကူးယဉ် အိပ်မက်တွေဟာ
မင်းအပေါ် မလွှမ်းမိုးစေဘဲ စိတ်ကူးနိုင်မယ်ဆိုရင် ...
အတွေးအခေါ် စိတ်ကူးတွေဟာ
မျှော်မှန်းချက်သက်သက်သာ မဖြစ်စေဘဲ တွေးခေါ်မယ်နိုင်ဆိုရင်

အကယ်၍
အောင်မြင်မှုသုခနဲ့ ဆုံးရှုံးဒုက္ခတွေကို ကြုံတွေ့ရတဲ့အခါ
တူညီသော လောကဓံ တရားတွေပါလားရယ်လို့
ခံယူထားနိုင်မယ်ဆိုရင် ...

အကယ်၍
လူတွေနဲ့ ထိတွေ့ပြောဆိုဆက်ဆံရတဲ့အခါ
ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းနိုင်မယ်ဆိုရင် ...
ဒါမှမဟုတ်
မင်းကေရာဇ်တွေနဲ့အတူ လမ်းလျှောက်နေရပေမယ့်
မာန်မာန သွေးမကြွဘူးဆိုရင် ...

အကယ်၍
ရန်သူကဖြစ်စေ၊ မိတ်ဆွေက ဖြစ်စေ
မင်းကို သိပ်ပြီး နာကျည်းအောင် မလုပ်နိုင်စေရင် ...

အကယ်၍
လူတိုင်းကို တန်ဖိုးထားလေးစားရပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

စွဲလမ်းမှု သံယောဇဉ်တွေ ထားမနေဘူးဆိုရင် ...

အကယ်၍
တိုတောင်းလှတဲ့ မပစ်ပယ်နိုင်တဲ့ တစ်မိနစ်အတွင်းမှာ
အဓိပ္ပာယ်ရှိလှတဲ့ စက္ကန့်ခြောက်ဆယ်အဖြစ်
အသုံးချနိုင်မယ်ဆိုရင် ...

မင်းဟာ
အရာရာရှိတဲ့၊ အရာရာဖြစ်တဲ့
ကမ္ဘာကြီးကို ဆုပ်ကိုင်လို့
အရာရာ ဘာမဆို မင်းစွမ်းနိုင်ပြီပေါ့ ...
အဲဒီတော့ မင်းဟာလည်း
ယောကျ်ားကောင်းတစ်ယောက်ပဲပေါ့ ... ။

RUDYARD KIPLING

(အထင်ကရပုဂ္ဂိုလ်တစ်ဦး၏ ဘဝနှင့်ရင်း၍ ဘာသာပြန်ဆိုထားမှုမှ ... )



## အခန်း (၁၁)

"ဘယ်လို ... ကောင်းကင်ချိုနဲ့တွေ့ခဲ့တယ် ... ဟုတ်လား"

ယုဝါ၏အထိတ်တလန့်မေးခွန်း ... ။ ဒါဟာ သွေးပျက်လောက်ရော အခြေအနေတစ်ရပ်ပဲလေ ... ။

ဆီပိတ်နေသော ကားတစ်စီး၏ ဖစ်တာဘူးကို ဖြုတ်နေရာမှ ခက်ဆစ် ခေါင်းညိတ်ပြ၏။

"ဟုတ်တယ် ... မနေ့က ငါ ကားပစ္စည်းတွေ လိုတာနဲ့ သွားဝယ်ရင်း အပြန်မှာ တွေ့ခဲ့တာ"

"ဟင် ... ဒါ ... ဒါဆို ... ကောင်းကင်ချို မသေဘူးပေါ့"

ယုဝါ တအံ့တသြ ဖြစ်နေသည်။ ခက်ဆစ်က မည်သို့မျှ တုံ့ပြန်ခြင်းမပြုဘဲ သူ့အလုပ် သူဆက်လုပ်နေပါသည်။

"နင် လူမှားတာများ ဖြစ်နေမလားဟယ်"

ခက်ဆစ်က စဉ်းစားဟန်ဖြင့် ...

"သူ့နှုတ်ကနေ သူဟာ ကောင်းကင်ချိုပါလို့လည်း ထုတ်ပြောတယ်။ ရုပ်ရည်ကော ကိုယ်လုံးကိုယ်ထည် ပြောဟန်ဆိုဟန်ကပါအစ အားလုံးချွတ်စွတ်ပဲ။ သူ့လည်တိုင်က စကော်ပီယံရုပ်ပုံတက်တူးပါ ပြင်အောင် သေချာပြလိုက်သေးတယ်"


www.burmeseclassic.com

www.burmeseclassic.com

''ဟာ ... ဒါဆို ကောင်းကင်ချို အစစ်ပေါ့''

ယုဝါ ရှော့ခ်ရသလို ဖြစ်သွားသည်။ ဒါတောင်မှ မျက်မြင်ကိုယ်တွေ့ မဟုတ်သေး။ မျက်မြင်ကိုယ်တွေ့ ကြုံလိုက်ရသည့် ခက်ဆစ်ခများ ထိုခဏတာမှာ ရုတ်တရက် ဆံပင်မွေးများထောင်၍ ဖျဉ်းခနဲ ကြက်သီးများပင် ထ၏။ (မရှက်တမ်း ဝန်ခံကြေးဆို ယောကျ်ားလည်း ကြောက်စရာရှိရင် ကြောက်တာပါပဲ ... ကိုယ့်သိက္ခာကိုယ် ကာကွယ်ဖို့အတွက်နဲ့ ဦးရာလူစနစ်မှာ လူရှိန်အောင်သာ ဖိန့်နဲ့နေနေကြတာပါ ... )

(ငြင်းချင်ပါသလား ... အလိုတူလျှင် စမ်းသပ်ပြချင်ပါသည်)

ကိုယ်တွေ မမြင်ဖူးလိုက်သည့် (ဖတ်စာအုပ်ထဲတွင်တော့ အထင်ကြီးလောက်စရာ) ရာဇဝင်ထဲမှ သူရဲကောင်းတွေတောင် သူတို့ကို သူရဲဘောကြောင်သည်ဟု အထင်ခံရမှာ ကြောက်ကြသေးသည်ပဲလေ။

(အဲဒီစိတ်နဲ့ပဲ သူတို့ခမျာ ဆုံးပါးသွားရတာ ... မှန်မြတ်သည့် စိတ်ရင်းအခံနှင့် ကောင်းကျိုးတွေပြုခဲ့လို့သာ သူရဲကောင်းအဖြစ် မှတ်တမ်းဝင်ကျန်ရစ်နေတာပါ)

သိပ္ပံပညာအရ ပြောရလျှင် ...

ကြက်သီးထခြင်းဆိုသည်မှာ ရုတ်တရက် လေအေးက အမွေးအမှင်ကလေးများ၏ အောက်ခြေရှိ ကြွက်သားများကို တင်းပြီးရုန်းစေသောကြောင့် ကိုယ်အရေးပြားပေါ်တွင် အဖုကလေးများ ထလာခြင်းဖြစ်သည်။ ထိုအခါ အရေပြားပေါ်မှ အမွေးအမှင်ကလေးများ အထက်သို့ ထောင်တက်လာပြီး ၎င်းတို့အကြား၌ ဖိညှပ်ပေးထားခြင်းဖြင့် ကိုယ်ခန္ဓာကို အအေးဒဏ်မှ ကာကွယ်ပေးလေသည်။

ဘာကြောင့် ဆံပင်မွေးများ ထောင်ရသလဲဆိုတော့ ...

လူသည် ကြောက်ရွံ့သောအခါ ကျောထဲမှ စိမ့်သွား၏။ ထိုခံစားမှုကို လည်ပင်းမှ ကျောအထိ ခံစားရသည်။ ထိုသို့ဖြစ်သဖြင့် ဆံပင်မွေးများ အဖျားထိအောင် ထောင်သွားသည်။ ဆံပင်မွေးထောင်ရခြင်းမှာ ဆံချည်တစ်ပင်ချင်း၏ အရင်းမှ ကြွက်သားများကြောင့် ဖြစ်ပေသည်။





(ဆံပင်မွေးထောင်ခြင်းကို လူများ၌ သိသိသာသာ မမြင်တွေ့ရသော်လည်း ကြောင်ကဲ့သို့သော သတ္တဝါများ ကြောက်စိတ်ဝင်လာသောအခါ အမွေးများထောင်လာသည်ကို ထင်ရှားစွာတွေ့မြင်နိုင်ပါသည်။ သူတို့ ကိုယ်ပေါ်တွင် အမွေးများ ထောင်လာသောကြောင့် ရင်ဆိုင်တိုက်ခိုက်မည့် သတ္တဝါက သူတို့အား ကိုယ်ခန္ဓာအရွယ်ကြီးမားသည်ဟု ထင်မှတ်ရစေသည်။ လေ့လာကြည့်ပေါ့ ... )

မိတ်ဆွေ ...

သင်ကော ဘဝမှာ

ဘယ်နှကြိမ် ဘယ်နှခါလောက်များ

အမွေးတွေ ထောင်ဖူးပါသလဲ ... ? ? ? ...

(မကွယ်မဝှက် တိုးတိုးလေးပဲ ဖြေကြည့်ပါ)

''သမီး ... ယုဝါ ... ကျောင်းမသွားသေးဘူးလား''

အနားရောက်လာသည့် ယုဝါ၏ဖခင် ဦးကြူခင် ... ။

ယုဝါက ဆတ်ခနဲ ခေါင်းညိတ်ပြီး ...

''သွားတော့မှာပါ အဖေ ... ဒီမှာ ခက်ဆစ်နဲ့ ခဏ စကားပြောနေလို့ပါ''

ဦးကြူခင်က ကားဖစ်တာဘူးကို ဆေးကြောနေသော


www.burmeseclassic.com

www.burmeseclassic.com

အားကြည့်ကာ သက်ပြင်းမွှမွှချ၏။

''ခက်ဆစ် ... မင်းကိုငါက လူတွေရဲ့ကျန်းမာရေးကို စောင့်ရှောက်တဲ့ ဆရာဝန်တစ်ယောက်အနေနဲ့ပဲ မြင်ချင်တာ။ ကားတွေရဲ့ကျန်းမာရေးကို ပြုပြင်တဲ့ လူတစ်ယောက်အနေနဲ့ မျှော်လင့်ထားတာ မဟုတ်ဘူး။ ဒီအလုပ်ဟာ မင်းအတွက် ခဏတာ စိတ်ဖြေမှုပဲ ဖြစ်သင့်တယ်။ တစ်ဘဝစာအတွက် ရွေးချယ်မှုမျိုးတော့ မဖြစ်သင့်ဘူး။ ဒီလိုပုံစံမျိုးနဲ့ လည်း မင်းကိုငါ မမြင်ချင်ဘူးကွာ''

''ဟုတ်ကဲ့ပါ ဦးလေး ... ဦးလေးရဲ့စေတနာကို ကျွန်တော် နားလည်ပါတယ်''

အလုပ်လုပ်နေရင်းမှ ခေါင်းငုံ့လျက်ပဲ ခက်ဆစ် ဖြေသည်။ အကျိုးအကြောင်း အားလုံးနီးပါး သိရှိထားသည့် ဦးကြူခင်လည်း ဘာမှထပ်မပြောတော့ချေ။

ယုဝါက ကားစက်ဆီတွေ ပေကျံနေသော ခက်ဆစ်၏ လက်ချောင်းသွယ်သွယ်တွေကိုကြည့်ကာ ဟင်းခနဲ သက်ပြင်းချ၏။ ပြီးနောက် ကိုမျိုးကြီး မောင်းပို့ပေးသော ကားနှင့်ပင် သူမကျောင်းသို့ထွက်သွားလေသည်။

ခက်ဆစ်ကတော့ ဝပ်ရှော့မှာသာ ... ကျန်ရစ်လျက် ... ။

ဒီကြားထဲမှာ ပုဒ်မ(၃၀၇) နှင့် ခက်ဆစ် တရားစွဲဆိုခြင်းခံရပါသေးသည်။ တစ်ဖက်မှာက ဂုဏ်တွေ ငွေတွေ အပေါင်းအသင်း ရောင်းရင်းတွေ အထွေးလိုက် ... ၊ အမှန်တရားတစ်ခုသာ စွဲကိုင်ထားနိုင်သည့် သူ့ဘက်မှာတော့ ယုဝါနှင့် ဆရာဦးမြင့်နိုင်သာ ရှိပါသည်။

ထိုရက်တွေမှာ အမေ့ခမျာ မျက်ရည်နှင့်မျက်ခွက် ... ။

သက်သေအထောက်အထား မခိုင်လုံသဖြင့် အမှုမှ သူ လွတ်မြောက်ခွင့်ရခဲ့သော်လည်း သူ မျှော်လင့်သည့် ယုံကြည်ခင်မင်မှုတွေကို





ပြန်မရခဲ့။ ပိရိသေသပ်သည့် စနစ်တကျ လုပ်ကြံမှုတစ်ခုဟုသာ အထင်တွေနှင့် ယိုးစွပ်ကြမြဲ ... ။ သည်းခြေပျက်စေမတတ် အမုန်းရောင်သမ်းနေသည့် စကားလုံးနာနာတွေနှင့် မညှာမတာ ပစ်ပေါက်ကြဆဲ ... ။

ဒီလိုနှင့်ပင် တစ်ခါက တွယ်တာစရာ ကျောင်းတော်ကြီးမှာ အခုတော့ဖြင့် သူ့အတွက် ကြောက်လန့်စရာ ဘုံဗိမာန်ကြီးတစ်ခုသဖွယ် ဖြစ်နေပါတော့သည်။ ကန္တာရဆန်သောဘဝမှာ ခရောင်းလမ်းကို ဆူးတွင်လျှောက်လှမ်းရင်း ပန်းတိုင်မရောက်မီ သူ ခြေခေါက်လဲ၏။

ဘယ်လောက်ပဲ အေးဆေးနေတတ်တယ်ပြောပြော လူဆိုတာ အဖော်မင်သတ္တဝါမဟုတ်လား ... ။

ရေဘူးနှင့်ဖိနပ်မပါ နွေအခါမှသိမည်။ ထို့အတူ မိတ်ဆွေစစ်မစစ်ဆိုတာလည်း အခက်အခဲ အကြပ်အတည်းနှင့်ကြုံမှ သိပါလိမ့်မည်။ လူတစ်ယောက်ဘဝမှာ မိတ်ဆွေသူငယ်ချင်းဟူသည် ဘယ်လောက်အရေးပါသလဲဆိုတာ အထီးကျန်မှုကို ခံစားဖူးသူတို့သာ စာနာနားလည်နိုင်လိမ့်မည် ထင်ပါသည်။

အခုတော့ဖြင့် ... သူ့ဘဝက အများ၏စွန့်ပစ်ခံ ... ။

သွေးပျောက်ဒဏ်ရာတွေ အလူးလူးနှင့် မထူးဇာတ်ခင်းချင်နေသော သူ့အနားမှာ မားမားမတ်မတ် ရပ်တည်ပေးသည့် သွေးဝိမ်းသူဟူ၍ တစ်ယောက်တည်းသာ ကျန်ရှိနေပါသည်။

ထိုသူက ... ယုဝါ ... ။ သူ၏ တစ်ခုတည်းသော အသက်ရှုပေါက်ကလေး ... ။

မိတ်ဆွေသူငယ်ချင်းအစစ်ဆိုတာ ... ဒါမျိုးကို ဆိုလိုတာလား ... ??? ...


www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေသူငယ်ချင်းနှင့် ပတ်သက်၍ A မှ Z အထိ အဓိပ္ပာယ်ဖွင့်ဆိုချက်ကလေးတွေကို အမှတ်ရမိပါ၏။

A = Accepts you as you are.
(သင့်ကို အရှိအတိုင်း လက်ခံသူ)

B = Believes in "you"
(သင့်ကို ယုံကြည်သူ)

C = Calls you just to say "Hi".
('နေကောင်းရဲ့လား' ဟု နှုတ်ခွန်းဆက်သလေ့ရှိသူ)

D = Don't give up on you.
(သုံးလို့မရပါဘူးဟု စွန့်ပယ်မပစ်တတ်သူ)

E = Envisions the Whole of you.
(even the unfinished parts)
(သင့်လုပ်ဆောင်ချက်များအားလုံး (မပြီးသေးသော အစိတ်အပိုင်းများအပါအဝင်) မှန်းမျှော်ပီတိဖြစ်နေသူ)

F = Forgives your Mistakes.
(သင့်အမှားကို ခွင့်လွှတ်တတ်သူ)

G = Gives unconditionally.
(ခြွင်းချက်မရှိသော မေတ္တာစေတနာကို ပေးတတ်သူ)

H = Helps you.
(ကူညီပေးမသူ)

I = Invites you over.
(နွေးထွေးစွာ ကြိုဆိုဖိတ်ခေါ်တတ်သူ)

J = Just "be" with you/
(သင်နှင့်အတူရှိနေပေးသူ)





K = Keeps you close at Heart.
(ရင်ဘတ်ချင်းနီးကပ်စွာ ခင်မင်သူ)

L = Loves you for who you are.
(သတ်မှတ်ချက်ကင်းသော ချစ်ခြင်းဖြင့် ချစ်ခင်သူ)

M = Makes a difference in your life.
(သင့်ဘဝမှာ သူရှိနေသည့်အတွက် အပြောင်းအလဲဖြစ်စေသူ)

N = Never judges.
(အပြစ်တင်ဝေဖန်ခြင်း မပြုသူ)

O = Offer Support.
(သင့်ဘက်မှ ရပ်တည်ထောက်ခံပေးမည့်သူ)

P = Picks you up.
(ဝမ်းနည်းအားငယ်ခြင်းကို ဖြေသိမ့်ပေးမည့်သူ)

Q = Quiets your fears.
(ကြောက်ရွံ့စိတ်ကို ပြေပျောက်စေသူ)

R = Raises your spirits.
(စိတ်ဓာတ်မြှင့်တင်ပေးသူ)

S = Says nice things about you.
(သင့်ရဲ့ ကောင်းကွက်လေးများကိုသာ ရွေးချယ်ပြောသည့်သူ)

T = Tells you truth when you need to hear it.
(လိုအပ်ပါက အမှန်အတိုင်းသိစေရန် စေတနာဖြင့်ပြောကြားမည့်သူ)

U = Understand you.



www.burmeseclassic.com

www.burmeseclassic.com



(သင့်ကို နားလည်သူ)

V = Values you.

(သင့်ကို တန်ဖိုးထားသူ)

W = Walks beside you.

(သင့်အနားမှာ လျှောက်လှမ်းပေးမည့်သူ)

X = Xplains thing you don't understand.

(သင်နားလည်လာသည်အထိ ရှင်းပြပေးမည့်သူ)

Y = Yells when you won't listen.

(သူ့စကားကို နားမထောင်ပါက အော်တတ်သူ)

Z = Zups you back to reality.

(သင့်အား အမှန်တရားဘက်သို့ ပို့ဆောင်ပေးမည့်သူ)

သင့်မှာ ...
ထိုကဲ့သို့သော မိတ်ဆွေသူငယ်ချင်းမျိုး
ရှိပါသလား ... ? ? ? ...



ဆောင်းခေါင်ခေါင် ...

အမှောင်ပျောက်နေသော ည၏ မြို့ပြအလင်းရောက်အောက်မှာ လျှောက်၍ အိမ်ဆီသို့ သူ ပြန်အလာ ... ပေတရာလမ်းမတစ်နေရာ၌ ရပ်နားထားသော ကားတစ်စီးအား တွေ့၏။

ထိုကားအနီးတွင် ပစိပစပ်များနေသော စုံတွဲတစ်တွဲရှိပါသည်။

"အဲ့ဒါ ကို ရှလို့လေ။ အခု အိမ်ပြန်နောက်ကျတာ အပွမ်ခံရတော့မယ်"

"ဒီနေရာရောက်မှ ကားဘီးကပေါက်သွားတာ ကိုယ်လည်း ဘယ်တတ်နိုင်ပါ့မလဲ ဇာခြည်ရယ် ..."

"ဇာခြည်လို့ မခေါ်ပါနဲ့ဆို။ အားတုံလို့ပဲခေါ်။ အဲဒီ ဇာခြည်ဝင်းထိန်ဆိုတဲ့နာမည်ကို ကြိုက်ကိုမကြိုက်တာ"

"ဆောရီးကွာ ... ကိုယ် အမှတ်တမဲ့ဖြစ်သွားလို့ပါ အားတုံရယ်"

ရော် ... ဇာခြည်ဝင်းထိန်က ဇာခြည်ဝင်းထိန်ပဲပေါ့ ... ။ ဘာအားတုံလဲ ... ။ လူတွေများ ခက်သားနော် ... ။

ကောင်မလေးမှာ တရှုတ်သွေးစပ်ပုံရ၏။ ခရုသင်းစွဲသလို အသားအရေ ဖြူဆွတ်ဆွတ်နှင့် ကိုယ်ခန္ဓာက မြင့်မြင့်လုံးလုံးလေး ... ။



www.burmeseclassic.com

www.burmeseclassic.com



အားတုံဆိုသော အမည်နှင့်စာလျှင် 'မဖြူဆွတ်မြင့်လုံး' ဆိုသော အမည်ကမှ မိုက်ဦးမည်။

လူကတော့ တကယ့် အလန် ...။ (ဘာလန်သလဲတော့မသိပါ)

ကောင်မလေးနှင့်စာလျှင် အမျိုးသားလူရွယ်က အသက်အနည်းငယ် ကြီးပုံရသည်။ အရပ်မြင့်မြင့် သားနားသပ်ရပ်သည့် ရုပ်ရည်အပြင်အဆင်နှင့် ခန္ဓာကိုယ် အနည်းငယ် ဖိုင့်သည်။

ထိုစုံတွဲအနားသို့ ခက်ဆစ် တိုးကပ်သွားလိုက်ပါသည်။

ထိုစဉ် ...

အဖြူရောင် CYGUNUS ကားတစ်စီး **အနီးမှ ဖြတ်မောင်း**သွားသည်ကို သူ မသိလိုက်။



## အခန်း (၁၂)

မုန့်ဟင်းခါးဆိုင်လေး ...။

အခုရက်ပိုင်း အမေ ကျန်းမာရေးမကောင်းသဖြင့် ဝပ်ရှော့သို့ ခက်ဆစ် မသွားဖြစ်ဘဲ မုန့်ဟင်းခါးဆိုင်မှာသာ အထိုင်များနေသည်။ အစဉ်သဖြင့် အမေ့မျက်နှာက တမှိုင်မှိုင်တတွေတွေ။ အရင်လို လန်းဆန်း တက်ကြွမှုတွေ အမေ့ဆီမှာ မတွေ့မြင်ရတော့။

စိတ်ထောင်းလို့ ကိုယ်ကြေ ဖြစ်နေပြီလား အမေရယ် ...

မုန့်ဆိုင်မှာ အထိုင်များသဖြင့် ပုံမှန်စားသုံးသူ ဖောက်သည်တွေနှင့်ပါ ခက်ဆစ် ရင်းနှီးနေပြီဖြစ်သည်။ အမေ့လက်ရာနှင့်စေတနာကြောင့် ဘကူးတက လာရောက်စားသုံးသူတွေပင် ရှိကြ၏။

စိတ်ကသိကအောက် ဖြစ်စရာဆို၍ မုန့်ဆိုင်နားမှာ ညနေတိုင်း လာရောက်ဘောလုံးကန်ကြသည့် ကလေးငယ်တစ်စုရှိပါ၏။ သူတို့၏ ဘာဘုန်းဘုန်းတဒိုင်းဒိုင်း အစွမ်းပြမှုတွေကြောင့် ဖုန်တွေသဲတွေ ပလူပျံကာ စားသုံးသူတွေမှာ စိတ်အနှောင့်အယှက် ဖြစ်ရလေသည်။

တစ်နေ့တော့ ... စားသုံးသူ အဒေါ်ကြီးတစ်ဦးက ပြော၏။

''အဲဒီကလေးတွေကို မင်းအမေက အားနာလို့ မပြောတာတဲ့ ဒီနေရာမှာ မကစားဖို့ သွားပြောလိုက်ပါလားကွယ်။ တချို့က အအေးအေး



www.burmeseclassic.com

www.burmeseclassic.com

ဆေးဆေး အနားယူရင်း စားချင်တာ။ ကြာရင် မိတ်ပျက်ကုန်မယ်။ မင်း မပြောချင်ရင် အဒေါ် သွားပြောပေးရမလား''

ခက်ဆစ်က စဉ်းစား၍ ...

''နေ ... နေ ... အဒေါ် ... ကျွန်တော် အဆင်ပြေအောင် လုပ်လိုက်ပါ့မယ်''

ထိုကလေးတွေ ကစားနေတာကို ခက်ဆစ် ပြုံး၍ အသာကြည့်နေလိုက်သည်။ ကစားတာ ခဏနားတော့ သူတို့ထံ ခက်ဆစ် သွားကာ

''ညီလေးတို့ ဘောလုံးကန်တာ အရမ်းကြည့်ကောင်းတာပဲကွာ။ အစ်ကို့ကိုကော အစ်ကို့ဆိုင်က စားသုံးသူတွေကိုပါ ဖျော်ဖြေပေးနေသလိုပဲ။ ညီလေးတို့ကြောင့် အစ်ကိုတို့ဆိုင်လည်း ရောင်းအားတက်နေတာ။ အဲ့ဒါကြောင့် ညီလေးတို့ကို ဆုချတာ''

အိတ်ထဲမှ ငါးရာတန်တစ်ရွက် ခက်ဆစ် ထုတ်ပေးလိုက်သည်။ ကလေးတွေ ဟေးခနဲ အော်ကာ ပျော်သွားကြ၏။

''နောက်လည်း အခုလို ပုံမှန်လာလာပြီး ဖျော်ဖြေပေးပါကွာ။ အစ်ကို မင်းတို့ကို ဆုချပါ့မယ်''

''ဟုတ်တဲ့ ... အတို ... သိပ်ချ ... နော်တို့ ဒီထက်ပိုပြီး အချွမ်းပမယ်''

''နော်တို့ကို လာကြည့်တဲ့ မိတ်နဲ့တင် အဲ့ကို့ဆိုင် ဒီထက်ပိုပြီး ရောင်းအားကျက်ချေရမယ်''

ဂျီးထူလေးတွေ အားကြိုးမာန်တက်ပင် ပို၍အစွမ်းပြကြလေသည်။ ခက်ဆစ် လုပ်ရပ်ကို မည်သူမှ နားမလည်ကြ။ မေးတော့လည်း ခက်ဆစ်က မဖြေ။ ပြုံး၍သာနေသည်။

ဒီကိစ္စဘယ်လိုမျိုး အဆုံးသတ်လေမလဲဆိုတာ သိချင်စိတ်နှင့် ညနေပိုင်းဆို လာရောက်ကြည့်ရှုသူတွေပင် ရှိကြ၏။ (စပ်စုတာပေါ့နော်)





ထိုကလေးတွေကို ခက်ဆစ်က ညနေတိုင်း မုန့်ဖိုးငါးရာပုံမှန်ပေး၏။ ကလေးတွေကလည်း ''ရောင်းအားကျက်လား၊ ရောင်းအားကျက်လား''ဟု ပြန်မေးကြသည်။

သုံးလေးရက်ကြာတော့ ခက်ဆစ်က မုန့်ဖိုးငွေ နှစ်ရာကျပ်ပဲ ပေးတော့သည်။

''ငါ့ဆိုင် သိပ်ဝင်ငွေမကောင်းတော့လို့ကွာ။ မင်းတို့ကို ၂၀၀ပဲ ဆုချနိုင်တော့မယ်''

''ဟုတ်ရှိလားဂျာ။ ဒီလောက် ရောင်းအားတွေ ကျက်နေတာ''

''ရောင်းအားတက်ပေမယ့် အမြတ်မကျန်ဘူးကွ''

''အေးပါဂျာ ... ထားပါတော့ ... ၂၀၀ ချိုတော့လည်း ကျပ်ငါးက ၂၀၀ ဖိုးပဲ အချွမ်းပရတော့မှာပေါ့''

မအီမလည်နှင့်ပင် ကလေးတွေ လက်ခံလိုက်ကြသည်။ ခက်ဆစ်ကို သိပ်တော့မကြည်။ ကစားတာပင် အရင်လို တက်တက်ကြွကြွမရှိတော့။

ညနေပင် မစောင်း။ စောစောစီးစီး ပြန်သိမ်းသွားကြ၏။

နောက်ရက်ကျတော့ ခက်ဆစ်က ...

''ငါ စီးပွားရေးမပြေလည်လို့ မင်းတို့ကို တစ်ကျပ်မှ ဆုချနိုင်မှာမဟုတ်တော့ဘူးကွ။ ဒါပေမယ့် ငါ့ဆိုင်နားမှာ အရင်လိုပဲ လာပြီး ဖျော်ဖြေကြပါဦးကွာ ... နော် ...''

တောင်းပန်ခယသံနှင့် ပြောတော့ ကလေးတွေ ပေါက်ကွဲကြလေသည်။

''ဘာဂျ ... တစ်ကျပ်မှမရဘဲ ချော်ချေပေးရမယ် ဟုတ်လား။ ချော်ချေမပေးနိုင်ဘူးဂျာ''

''ဟုတ်တယ် ... အလကားချို ဒီနားမှာ မဂျားတော့ဘူး။


www.burmeseclassic.com

www.burmeseclassic.com



တချားနေရာမှာပဲ တွားဂျားတော့မယ်''

''နာတို့ကြောင့် သူ့ချိုင် ရောင်းအားကျက်မှ ပုန်တန်တာ''

''ကျေးဂျူးရှင်တို့ ဂျေးချွတ်တာ''

ပွစိပွစိနှင့် ဘောလုံးကိုပိုက်ပြီး ကလေးတွေ ထွက်သွားကြလေသည်။ ဒီတော့မှ စားသုံးသူတွေမှာ ရယ်ရယ်မောမောနှင့် ခက်ဆစ်လုပ်ရပ်ကို နားလည်သွားကြတော့၏။

(ရှိုးရှိုးပြောလည်း ရတာကို ... ကွန့်တာ ...။ တော်တော်ရှုပ်တဲ့ကောင်)

စားသုံးသူလူရွယ်တစ်ဦးက ခက်ဆစ်ထံလာပြီး ချီးကျူးသည်။

''ကလေးတွေကို ညီ ကိုင်တွယ်လိုက်ပုံက မိုက်တယ်ကွာ။ အရပ်နေ့တွေထဲက အစ်ကို စောင့်ကြည့်နေတာ။ ညီက လူတွေရဲ့ဆိုက်ကိုသဘောကို တော်တော်နားလည်တာပဲ''

ခက်ဆစ် ပြုံး၍ပဲနေလိုက်သည်။

ထိုစဉ်မှာပင် ...

အဖြူရောင် CYGUNUS ကားတစ်စီး ဆိုင်ရှေ့လမ်းပေါ်မှ ဖြတ်မောင်းသွားလေသည်။ အမှတ်တမဲ့ အကြည့် ... ကားပြတင်းမှ မြင်လိုက်ရသည့်မျက်နှာက ခက်ဆစ်ကို ရုတ်တရက် ရှော့ခ်ရသွားစေ၏။

အရိပ်တစ္ဆေလား ...

တစ္ဆေ၏ အရိပ်ပေပဲလား ...



အမြင်မှားတာတော့ မဖြစ်နိုင်ပါ။

အဖြူရောင် CYGUNUS ကားတစ်စီး ဆိုင်ရှေ့မှာထိုးရပ်၏။ ကားပေါ်မှ ဆင်းလာမည့်သူကို တစ္ဆေတစ်ကောင်အား မျက်ဝါးထင်ထင်တွေ့မြင်ရတော့မည်ကဲ့သို့ သူ ကြောက်လန့်တကြား စောင့်မျှော်ကြည့်ရှုနေမိပါသည်။

သူမပဲလား ...။

သို့သော် ... သူထင်သလို မဟုတ်ပါ။ ကားပေါ်မှ ဆင်းလာတာက ဇော်ရဲထက် ...။

ဆံပင်တွေကို သပ်တင်လျက် ...

''မုန့်ဟင်းခါး ပါဆယ်လိုချင်လို့ပါ''

မှာပြီးမှ ခက်ဆစ်ကို ဇော်ရဲထက် သတိပြုမိသွားသည်။

''ဟင် ... မင်း ... မင်းက ... ဒီမှာ ဘာလုပ်နေတာလဲ''

''ဒါ ငါ့အမေဆိုင်လေ။ အမေ နေမကောင်းလို့ ငါရောင်းနေတာ''

ခက်ဆစ်က အေးဆေးပဲ ဖြေသည်။ ဇော်ရဲထက် မျက်ခုံးပင့်သွားပြီး မဲ့ပြုံးပြုံးကာ ...။

''ဩော် ... လက်စသတ်တော့ မင်းက မုန့်ဟင်းခါးသည်ပဲသားကိုး။ အင်း ... အခုမှ လူမှန်နေရာမှန် ပြန်ရောက်သွားတာ''



www.burmeseclassic.com

www.burmeseclassic.com



ခက်ဆစ် ဒေါသစိတ်ကို အနိမ့်ပါးဆုံးအထိ လျှော့ချထားလိုက်သည်။ ဘဝပေးကိုက ဒီလိုမျိုး ကျင့်သားရဖို့ ဖြစ်လာသည်ပဲလေ။

ကောင်းရောင်းကောင်းဝယ် အလုပ်မှန်လျှင် မည်သည့်အလုပ်မဆို ရှက်စရာမလိုဟု အသိပညာနှင့် ယှဉ်တွဲခံယူကာ သူ့ကိုယ်သူတည်ဆောက်ထားပါ၏။

''လိုအပ်တာပဲ ပြောကွာ။ မင်း ပါဆယ်ယူမှာ မဟုတ်လား''

ဇော်ရဲထက်က ခေါင်းခါပြီး ...

''တော်ပြီ ... မယူတော့ဘူး။ ဒီဘက်ရောက်ခိုက်တုန်း အမေကမုန့်ဟင်းခါးစားချင်လို့ ဝယ်ခဲ့ပါလို့ ဖုန်းလှမ်းဆက်တာကြောင့် လမ်းကြုံတာနဲ့ ဒီမှာ ဆင်းဝယ်မိတာ။ မင်းဆိုင်မှန်းသိရင် မလာပါဘူး။ အမေ့ကိုလမ်းဘေးစာတွေ မကျွေးချင်တာနဲ့ အတော်ပဲ။ အိမ်မှာပဲ သန့်သန့်ရှင်းရှင်း ချက်စားခိုင်းလိုက်တော့မယ်။ မင်းလို လူသတ်သမားရဲ့ဆိုင်ကဝယ်ပြီး ငါ့အမေကို ကျွေးရမှာ မသတီဘူး။ အော်ဂလီဆန်တယ်''

မင်္ဂလာသုတ် 'ဂါရဝေါစ' ဟူသော ပုဒ်၌ မိမိကိုယ်ကို နှိမ့်ချခြင်းသည်လည်း တစ်ပါးအပါအဝင်ဖြစ်ကြောင်း၊ သူ မသိလို့ ဖြစ်မှာပါဟုခက်ဆစ်ဖြေတွေးတွေးလိုက်သည်။

ကျောခိုင်းထွက်သွားသော ဇော်ရဲထက်ကို ကြည့်နေရင်းမှ တစ်ခုတစ်ခုအား သတိရပြီး ...

''ဟိတ်ကောင် ... ဇော်ရဲထက် ... ကောင်းကင်ချို မသေဘူးပြန်ပေါ်လာပြီ''

ဇော်ရဲထက် လှမ်းလက်စခြေလှမ်း ရပ်တန့်သွားသည်။ ခန္ဓာကိုယ်ပင် ဆတ်ခနဲတုန်သွားသည်ဟု ထင်မိ၏။

သူ့ဘက်သို့ ချာခနဲ မျက်နှာပြန်လှည့်လာပြီး ...

''ဘာ ... Sky မသေဘူး ... ဟုတ်လား ... ။ မင်း ကယော





ကတမ်းနဲ့ မဟုတ်တာတွေ လျှောက်ပြောမနေနဲ့။ ကောင်းကင်ရဲ့ အသုဘကို ငါတို့ကိုယ်တိုင် လိုက်ပို့ခဲ့တာ။ သူ့ခန္ဓာကိုယ် မီးသဂြိုဟ်ကော်ထဲ ရောက်တဲ့အထိ ငါ အစအဆုံး ကြည့်နေခဲ့တာ''

''အဲ့ဒါတော့ ငါ မသိဘူး။ ငါကတော့ ကောင်းကင်ချိုကို အရှင်လတ်လတ် မျက်စိနဲ့ မြင်ခဲ့ရတာ။ ခုကနတောင် ဆိုင်ရှေ့ကနေ သူ ဖြတ်သွားသေးတယ်''

''ဟာ''

ဇော်ရဲထက်က ခက်ဆစ်ကို အလန့်တကြားကြည့်သည်။ ပြီးတော့ သက်ပြင်းချ၍ ခေါင်းကို ဘယ်ညာရမ်းခါကာ ကားပေါ်တက်မောင်းထွက်သွားလေသည်။

ခက်ဆစ်သာ တုံဏှိဘာဝေ ဖြစ်ကျန်ရစ်ခဲ့၏။

အမှန်တရားတိုင်းဟာ သူ့အတွက် အမြဲတမ်း အမှားတွေချည်းဖြစ်နေမှာပဲလား ... ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဆရာဦးမြင့်နိုင်က သူနှင့်တွေ့ချင်သည်ဟု ယုဝါကတစ်ဆင့် ပြောသောကြောင့် ချိန်းဆိုထားရာဆိုင်မှာ ခက်ဆစ် ထိုင်စောင့်နေလိုက်ပါသည်။

မသောက်ချင်ပေမယ့် ယဉ်ကျေးမှုအရ မှာထားရသော ဖျော်ရည်ခွက်ကို ရှေ့ချ၍ သူ စဉ်းစားတွေးတောနေမိ၏။ ကောင်းကင်ချိုနှင့် ပတ်သက်၍ဖြစ်သည်။ အခုတလော သူ့ကို အရိပ်လိုလိုက်နေသူမှာ ကောင်းကင်ချိုအစစ်ပဲလား ...။ ကောင်းကင်ချို အမှန်တကယ် သေဆုံးသွားခြင်းဆိုပါက သူ့နောက်ကို တကောက်ကောက်လိုက်နေတာ ဘယ်သူလဲ ...။ ကောင်းကင်ချို သေဆုံးတာ သွေးရိုးသားရိုးကော မဖြစ်နိုင်ဘူးလား ...။ တမင်တကာ လုပ်ကြံမှုဆိုလျှင် ဘယ်သူက ဘယ်လိုအကြောင်းကြောင့် လုပ်ကြံရတာလဲ ...။

ဒါမှမဟုတ် ... ဒီကိစ္စတွေအားလုံးဟာ အကွက်ချစီမံထားသည့် လှည့်စားမှုသက်သက်ကော မဖြစ်နိုင်ဘူးလား ...။

ထိုစဉ်မှာပင် ...

''ဟင်''

ခေါင်းငုံ့စဉ်းစားနေ[illegible] သူ့ရှေ့ရှိ ဖျော်ရည်ခွက်အား ပန်းသွေးရောင် ဖောင်းဖောင်းအိအိ လက်ကလေးတစ်ဖက်က ဖျတ်ခနဲ တင်းတင်း





ကြပ်ကြပ် လာရောက်ဆုပ်ကိုင်၏။

ထိုလက်ကလေးကို ကြည့်၍ သူ့ရင်မှာ လှပ်ခနဲ ဖြစ်သွားကာ လူတစ်ကိုယ်လုံး လေဟာနယ်ထဲ ရောက်ရှိသွားသလို ခံစားလိုက်ရလေသည်။

သိစိတ် အာရုံထဲမှာလည်း တဖျတ်ဖျတ် ...

လေထုထဲမှာ ကိုယ်သင်းရနံ့တစ်ခု လွင့်ပါလာသလို ...

''ငါ သေသလို နင်လည်း သေစေရမယ်''

အေးစက်စက် စကားသံ ...။

ခေါင်းပေါ်မှ အပီအပြင် လောင်းချခံလိုက်ရသည့် ဖျော်ရည်တွေက သူ့ခန္ဓာကိုယ်တစ်လျှောက် အလိုက်သင့်စီးမျောသွားလေသည်။ ပြုံးလျက်ပဲ သူ ခေါင်းမော့ကြည့်လိုက်ပါ၏။

မျက်ဝန်းဖြူတွေနှင့် အံကြိတ်ထားသည့် မျက်နှာလေး။

''နင် ပိုလှလာတယ်နော်''

မျက်နှာပြင်ပေါ်မှ ဖျော်ရည်တွေကို မသုတ်ဘဲ အပြုံးနှင့်ဘဲ သူ ပြောလိုက်သည်။ ခွမ်းခနဲ ... သူမလက်ထဲမှ ဖန်ခွက်လေး လွတ်ကျကွဲကြေသွား၏။ ပြီးနောက် ... ဆတ်ခနဲ သူမလှည့်ထွက်ပျောက်ကွယ်သွားလေသည်။

ပုစ္ဆာတစ်ပုဒ် အဖြေထုတ်ယူလိုက်နိုင်သလို ...၊ ကျပျောက်သွားသော အရုပ်ကလေးအား ပြန်လည်ကောက်ရလိုက်သလို ...

အပျော်တွေနှင့် ခက်ဆစ် ပီတိဖြာဝေ ကျေနပ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

‘‘ကောင်းကင်ချို ပြန်ပေါ်နေတယ်ဆိုတာ တကယ်ပဲလား ခက်ဆစ်’’

ဆရာဦးမြင့်နိုင်မေးတော့ ခက်ဆစ်က အပြုံးနှင့် ...

‘‘ဟုတ်ပါတယ် ဆရာ။ အတိအကျ ပြောရမယ်ဆိုရင်တော့ ကောင်းကင်ချိုနဲ့ ရုပ်ချင်းခွဲမရအောင်တူတဲ့လူပါ။ ခုကနတောင် ကျွန်တော့်ဆီ သူလာပြီး ခေါင်းပေါ်ကနေ ဖျော်ရည်တွေနဲ့ လောင်းချသွားသေးတယ်’’

ယုဝါက ခက်ဆစ်ကို အသေအချာကြည့်ပြီး ...

‘‘နင့်ကိုယ်ပေါ်မှာ ဘာမှ ပေကျံမနေပါလား။ ဖျော်ရည်နဲ့ အလောင်းခံရတာဆိုရင် နင် စိုရွှဲနေရမှာပေါ့’’

ခက်ဆစ်က သူ့ကိုယ်သူ ငုံ့ကြည့်ပြီး ...

‘‘ငါ သန့်စင်ခန်းသွားပြီး သန့်ရှင်းထားလို့ပါ။ အဲကွန်းခန်းထဲမှာမို့ စိုနေတာတွေ အမြန်ခြောက်သွားတာထင်တယ်။ သူ့လက်က လွတ်ကျတဲ့ ဖန်ခွက်အကွဲစတွေတော့ ရှိဦးမှာပါ။ ငါပြမယ်’’

ခေါင်းငုံ့ပြီး ခက်ဆစ် ရှာသည်။ ယုဝါနှင့် ဆရာဦးမြင့်နိုင်လည်း ယောင်တောင်ပေါင်တောင် လိုက်ကြည့်ကြ၏။

သို့သော် ... ဘာမှမတွေ့။

‘‘ငါ သန့်စင်ခန်းဝင်နေတုန်း ဝိတ်တာတွေ လာရှင်းသွားပြီထင်





တယ်။ ဖန်ခွက်ဖိုးတောင် အလျော်တောင်းလို့ ပေးလိုက်ရသေးတယ်ဟဲ့’’

ရယ်ကျဲကျဲဖြစ်နေသော ခက်ဆစ်ကို အကဲခတ်ကြည့်ရှုလိုက်တစ်ယောက်ကိုတစ်ယောက် မသိမသာ မေးဆတ်ပြလိုက်နှင့် ... ယုဝါနှင့် ဆရာဦးမြင့်နိုင် တိတ်တဆိတ် အလုပ်ရှုပ်နေကြပါသည်။

ဆရာဦးမြင့်နိုင်က သက်ပြင်းကို ကြိတ်ချကာ ...

‘‘မင်း ကျောင်းပြန်မတက်ဘူးလား ခက်ဆစ်။ မင်းလို ကျောင်းသားတစ်ယောက်ကို ဆုံးရှုံးလိုက်ရတာမျိုး အဖြစ်မခံနိုင်တာကြောင့် ငါလိုက်လာပြီး တွေ့တာ။ ကြာရင် မင်းစိတ်တွေ ပိုလေသွားလိမ့်မယ်နော်။ လောကနီတိမှာပါတယ်။ တတ်လှစွာသော စောင်းသမားဟာ ဝံရက်မှု စောင်းနဲ့ကွာမှု ပျက်တယ်။ ထက်လှစွာသော လေးသည်တော်ဟာ နှုတ်ရက်မျှ လေးနဲ့ကင်းမှု ပျက်တယ်။ တော်လှစွာသော မယားတော်လင်ယောကျ်ားနဲ့ တစ်လဝေးရင် ပျက်တတ်တယ်။ တပည့်ဆိုတာ ဆရာနဲ့ လဝက်လောက်ခွဲနေရုံမျှနဲ့ ပျက်တတ်တယ် ... တဲ့ ...’’

ခက်ဆစ်က ခေါင်းညိတ်၍ ...

‘‘ဟုတ်ကဲ့ပါ ဆရာ ... ကျွန်တော့်စိတ်ကို အတတ်နိုင်ဆုံး ငြိမ်စားပြီး ထိန်းပါတယ်။ ဒီပြဿနာတွေအားလုံး ရှင်းသွားရင် ကျွန်တော် ကျောင်းပြန်တက်မှာပါ’’

ယုဝါက ...

‘‘အခုလည်း နင် တရားခံမဟုတ်ကြောင်းကို ဥပဒေဘောင်အတွင်းကနေ ရှင်းပြီးသွားပြီပဲ။ အချိန်ကုန် စိတ်ဆင်းရဲခံပြီး ကိုယ့်ကိုယ်ကို နှစ်မွန်းအောင် လုပ်မနေပါနဲ့ ခက်ဆစ်ရယ်။ အမြန်ဆုံး ကျောင်းပြန်တက်စမ်းပါ’’

ခက်ဆစ်က ခေါင်းခါပြီး ...



www.burmeseclassic.com

www.burmeseclassic.com

''ဥပဒေဘောင်အတွင်းမှာ ရှင်းပြီးသွားပေမယ့် ငါနဲ့ထိတွေ့ဆက်ဆံရမယ့် လူ့အသိုင်းအဝိုင်းက လက်မခံကြဘူးလေ။ အမှန်တရားဆိုတာ ကိုယ်တစ်ယောက်တည်း လက်မထောင်ပြနေလို့ ရတာမျိုးမဟုတ်ဘူးဆိုတာ ငါ့ဘဝနဲ့ရင်းပြီး သိလိုက်ရပြီ။ လူဆိုတာ အသိုင်းအဝိုင်းမရှိဘဲ တစ်ကိုယ်တည်း ရှင်သန်ဖို့ မလွယ်ဘူးဆိုတာလည်း ငါ အလူးအလိမ့် ခံစားဖူးသွားပြီ။ ဒါကြောင့် အားလုံးရင်မှာ ကွက်ကွက်ကွင်းကွင်း ရှင်းလင်းသွားတဲ့ တစ်နေ့မှပဲ ငါ ရဲရဲဝံ့ဝံ့ ကျောင်းပြန်တက်တော့မယ်လို့ ဆုံးဖြတ်ထားတာ''

''အဲဒီနေ့က ဒီတစ်သက် ဖြစ်မလာရင်ကော ... ။ နင့်ဘဝကို ဒီအတိုင်းပဲ အဆုံးသတ်လိုက်တော့မှာလား''

ယုဝါမေးခွန်းက လေးနက်မှု ပြည့်ဝလှသည်။ ခက်ဆစ်က ပြုံး၍ ...

''ငါ့အထင် ... အဲဒီနေ့က သိပ်မဝေးတော့လောက်ပါဘူး''

ဆရာဦးမြင့်နိုင်က ...

''မင်း ဘာသဲလွန်စတွေ ရထားလို့လဲ''

''အစလေးပဲ ရှိပါသေးတယ် ဆရာ။ မသေချာသေးလို့ ဘာမှ မပြောတာပါ။ အားလုံး ရေရေရာရာသိအောင် ကျွန်တော်လည်း ဆက်ကြိုးစားရဦးမှာပါ''

ခက်ဆစ် မျက်လုံးတွေကို ဆရာဦးမြင့်နိုင်က တည့်တည့်မတ်မတ် စိုက်ကြည့်၏။ ပြီးမှ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ...

''မင်းအတွက် အထောက်အကူဖြစ်မလားတော့မသိဘူး။ ငါ သိသလောက် ပြောပြရရင် ကောင်းကင်ချိုဟာ ဆေးကျောင်းမရောက်ခင် ရည်းစားနှစ်ယောက် ထားခဲ့ဖူးတယ် ... တဲ့''

''ဗျာ ... ဟုတ်ရဲ့လား ဆရာ။ သူက ယောကျ်ားတွေဆို ချဉ်





ဖတ် သိပ်ဖြစ်တာ''

''အဲဒီလို ယောကျ်ားတွေကို ချဉ်ဖတ်ဖြစ်သွားတာ သူ့ရဲ့ရည်းစားတွေနဲ့ သက်ဆိုင်လိမ့်မယ်ထင်တယ်။ ကောင်းကင်ချိုဟာ ပထမရည်းစားနဲ့လည်း ဘာကြောင့်မှန်းမသိဘဲ ပြတ်သွားတယ်။ နောက် ... သူ့ကို ချဉ်းကပ်လာတဲ့တစ်ယောက်နဲ့ တွဲပြန်တယ်။ အဲဒီတစ်ယောက်လည်း သိပ်မကြာဘဲ ပြတ်သွားပြန်တယ်။ ဘာကြောင့်လဲဆိုတာတော့ မသိကြဘူး''

ခက်ဆစ်က မဝံ့မရဲနှင့် ...

''ဒီအကြောင်းတွေကို ဆရာက ဘယ်လိုကြောင့် သိနေရတာလဲ''

ဆရာဦးမြင့်နိုင်က ...

''ငါ့သမီး ဇင်ဇင်မိုးမြင့်နိုင်က တက္ကသိုလ်ဝင်တန်းတွေ ဖြေပြီးတော့ အင်္ဂလိပ်စာသင်တန်းတက်တယ်။ အဲဒီသင်တန်းမှာ ကောင်းကင်ချိုနဲ့ဆုံတာ။ ကောင်းကင်ချို သေဆုံးတဲ့အကြောင်းပြောရင်း စကားစပ်မိပြီး သူပြောပြလို့ ဒီအကြောင်းတွေသိရတာ။ သူနဲ့ ကောင်းကင်ချိုကလည်း သင်တန်းတစ်ခုထဲမို့ မျက်မှန်းတမ်းမိရုံပဲရှိတယ်။ သိပ်မရင်းနှီးကြဘူး ... တဲ့။ ကောင်းကင်ချိုက သင်တန်းမှာလည်း Star ဆိုတော့ လူပြောများလို့သာ သူ့သတင်းတွေကို ကြားမိတာ ... တဲ့။ ကောင်းကင်ချို ထားခဲ့တဲ့ ရည်းစားနှစ်ယောက်လုံးဟာ သူ့ထက် အသက်ကြီးတယ်လို့တော့ ယံရဘယ်''

''အဲဒီလူတွေရဲ့ နာမည်ကော မသိဘူးလား ဆရာ''

ယုဝါ မေးခွန်းကြောင့် ဆရာဦးမြင့်နိုင် စဉ်းစား၍ ...

''ပထမတစ်ယောက်နာမည်တော့ အမှတ်တမဲ့ပဲ။ ဒုတိယတစ်ယောက်ကတော့ ... ကျော်ဘိုဘိုအောင် ... တဲ့ ... ''

''ဗျာ ... ကျော်ဘိုဘိုအောင် ... ဟုတ်လား ...''



www.burmeseclassic.com

www.burmeseclassic.com



ခက်ဆစ် အလန့်တကြား ထအော်သည်။ ယုဝါနှင့်ဆရာဦးမြင့်နိုင် ပင် နဝေတိမ်တောင်ဖြစ်သွားရ၏။

"နင် သိလို့လား"

ယုဝါ မေးတာကို ခက်ဆစ် ပြန်မဖြေ။ ထိုင်နေရာမှ ရုတ်တရက် ထ၍ ...

"ငါ သွားလိုက်ဦးမယ် ယုဝါ။ ဆရာ ... ကျွန်တော့်ကိုခွင့်ပြုပါဦး"

နှစ်ယောက်စလုံး တအံ့တသြ။

ဆရာဦးမြင့်နိုင်က ...

"ဘယ်ကို သွားမှာလဲ"

ခက်ဆစ်က ကသုတ်ကရက် ... ။

"ကျော်ဘိုဘိုအောင့်ဆီကိုပါ"

ပြေးထွက်သွားသော ခက်ဆစ်ကိုကြည့်၍ ယုဝါနှင့် ဆရာဦးမြင့် နိုင် ကိုယ်စီကိုယ်င သက်ပြင်းချကြ၏။

"သူ insomnia (စိတ်ကစဉ့်ကလျားရောဂါ) ဖြစ်နေတာတော့ မဟုတ်လောက်ပါဘူးနော် ... ဆရာ ..."

ယုဝါ၏ စိုးရိမ်မှု လေသံပျပျလေး ... ။

ဆရာဦးမြင့်နိုင်က ...

"အဲဒီလို မဖြစ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ။ မသေဘဲ ပြန်ပေါ် လာတယ်ဆိုတဲ့ ကောင်းကင်ချိုဟာ သူ့စိတ်မှာ အရိပ်ဖြစ်ပြီး သူ့ကို





ခြောက်လှန့်နေတာမျိုး၊ သူတစ်ယောက်တည်း တွေ့မြင်နေရတာမျိုး မဟုတ်ဘဲ တခြားလူတွေနဲ့ပါ တည့်တည့်တိုးပြီး မြင်ခွင့်ရရင်တော့ အကောင်းဆုံးပေ့ါ။ ဒီပုံစံအတိုင်းသာ ဆက်သွားနေမယ်ဆိုရင်တော့ ကြာ ရင် Depression (စိတ်ကျရောဂါ) ပါ ဝင်ပြီး သူ့အခြေအနေ ပိုဆိုးသွား လိမ့်မယ်"

ယုဝါ မျက်ရည်ဝဲလာသည်။

"ခက်ဆစ်က ဘဝမှာ နာစရာတွေ အခါခါရခဲ့တာ ဆရာရဲ့"



www.burmeseclassic.com

www.burmeseclassic.com

လိပ်စာကတ်ကလေးကို ကိုင်၍ ခက်ဆစ်စိတ်တွေ ယောက်ယက်ခတ်နေသည်။

ညတစ်ည ... အိမ်ဆီသို့ သူပြန်အလာ ... ဘီးပေါက်နေသော ကားတစ်စီးအား စပယ်ယာဘီးအပိုနှင့် ဖြုတ်ချိန်းတပ်ဆင်၍ အခက်အခဲဖြစ်နေသော စုံတွဲတစ်တွဲအား အဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့ဖူး၏။ အမျိုးသားက ငွေပေးတော့ သူ မယူ။ ထိုသို့ဖြင့် မသွားမီ သူ့အား ကျေးဇူးတင်စကားဆိုကာ လိပ်စာကတ်ကလေးတစ်ကတ် ထုတ်ပေးခဲ့လေ၏။ အကူအညီလိုလျှင် လာခဲ့ပါဟုလည်း ဆိုသည်။

အခု ... သူ ... အကူအညီလိုပြီ။ လိပ်စာကတ်မှာပါသောအမည်က ... ကျော်ဘိုဘိုအောင် ...။ လူတုမရှား အမည်တူမရှားဆိုသောစကားမှာ နားရည်ဝနေပေမယ့် ရေနစ်သူအတွက် ကောက်ရိုးနွယ်တစ်မျှင်သဖွယ် ကျော်ဘိုဘိုအောင်ရှိရာ သူ အရောက်လာခဲ့ပါသည်။ အိမ်တွင်းအလှဆင်ပစ္စည်းတွေ ‌ရောင်းချသည့် ကျော်ဘိုဘိုအောင်၏ဆိုင်မှာ ခမ်းနားလှပါပေသည်။

သူ့ကိုတွေ့တော့ ကျော်ဘိုဘိုအောင်က အမှတ်ရစွာ လှိုက်လှိုက်လှဲလှဲပင် ဆီးကြို၏။

''ကိုယ် ဘာကူညီရမလဲ ညီ ... ပြော ...''





''ကောင်းကင်ချိုနဲ့ပတ်သက်ပြီး သိချင်တာလေးတွေ မေးချင်လို့ပါ''

ကျော်ဘိုဘိုအောင် မျက်ခုံးမြင့်တက်သွားသည်။

''ညီက ကောင်းကင်ချိုနဲ့ ဘယ်လိုပတ်သက်လို့လဲ''

ဒီလောက်ဆို သေချာပြီ။ သူ့ရှေ့ရှိပုဂ္ဂိုလ်မှာ ကောင်းကင်ချို၏ ဒုတိယမြောက်ရည်းစား ...။

အဖြစ်သနစ် အလုံးစုံကို ခက်ဆစ် အကျဉ်းချုံ့ပြောပြလိုက်ပါသည်။ ရိုးသားမှုသည် တစ်ခါတစ်ရံတော့ ကံကောင်းတတ်မှာပါ။

သူ ရင်ဆိုင်နေရသည့် ပြဿနာတွေကို သိသောအခါ ကျော်ဘိုဘိုအောင်က လေပူတစ်ချက် မှုတ်ထုတ်ပြီး ...

''ဒီကိစ္စတွေကို ကိုယ်ဘာမှမသိဘူး ညီ။ ကောင်းကင်ချို သေဆုံးသွားခဲ့တယ်ဆိုတာလည်း အခု ညီပြောမှသိတာ။ သူ သေတုံးက ကိုယ့်ပယောဂ မပါဘူးဆိုတာလည်း ရဲရဲကြီးအာမခံဝံ့ပါတယ်။ သူနဲ့ကိုယ်ပြတ်သွားတည်းက ထပ်မတွေ့တာ ဒီနေ့အထိပဲ။ ပွင့်ပွင့်လင်းလင်းပြောရရင် ကိုယ်လည်းေ နာက်အသစ်တစ်ယောက်နဲ့ အခြေကျနေလို့ သူ့ဘက်ကို အာရုံမရောက်တော့တာ။ ညီနဲ့တွေ့တဲ့ညက ပါလာတဲ့တစ်ယောက်လေ။ အဲဒါ ကိုယ့်ကောင်မလေးအသစ်ပဲ''

လင်းလင်းချင်းချင်းမှာ သေချာကြည့်မှ အင်္ဂါရုပ်ဖတ်နည်းအရဆို ဒီလူ့ရုပ်က နာဘူးရုပ်ပဲ ... ဟု ခက်ဆစ် မညာမတာ တွေးမိလိုက်သည်။ နှာခေါင်းလေး တပွတ်ပွတ်နှင့် ...။

ဆေးသမားများလား ...။

''ကောင်းကင်ချိုဟာ အစ်ကို့အရင်မှာ ရည်းစားတစ်ယောက်ထားခဲ့ဖူးတယ်နော်။ အဲဒီသူ့ကိုတော့ အစ်ကိုသိလား''

ကျော်ဘိုဘိုအောင်က သိပ်အရေးမပါဟန်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



''အဲဒီကောင်ကို ကိုယ်တွေ့ဖူးပါတယ်။ ကောင်းကင်ချိုနဲ့ ကိုယ်တွဲနေချိန်မှာတောင် အရက်ကလေးတမြမြနဲ့ နောက်က တကောက်ကောက်လိုက်ပြီး ကောင်းကင်ချို သူ့ကိုမဖြတ်ဖို့ တဖွဖွတောင်းဆိုနေတာ၊ ကဗျာဆရာယောင်ယောင် ဘာယောင်ယောင်နဲ့ အဖြစ်ရှိမဲ့ပုံမပေါက်တာကြောင့် ကောင်းကင်ချိုက သူ့ကို ဖြတ်ပစ်လိုက်တာတဲ့။ ကောင်းကင်ချိုက ရည်မှန်းချက်သိပ်ကြီးတာ။ အဲ့လိုကောင်မျိုးကို သူ ရေရှည်ဘယ်တွဲချင်ပါ့မလဲ''

ကျားကြောက်လို့ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက်ဆိုး ဆိုသောစကားပုံကို သတိရမိကာ ...

''အစ်ကိုနဲ့ကကော ဘယ်လိုကြောင့် ပြတ်သွားတာလဲ''

မေးပြီးမှ ခက်ဆစ် အားတော့နာသွားသည်။ ကျော်ဘိုဘိုအောင်မျက်နှာ ကွက်ခနဲပျက်သွားပြီး ...

''အဲဒီကောင် ရန်ကိုကြောက်လို့ ကိုယ်က ကောင်းကင်ချိုကိုကားတင်ပြီး ခိုးပြေးဖို့ ကြိုးစားတယ်။ အဲဒီမှာ သူ အလိုမတူဘဲ ပြဿနာတွေတက်ပြီး ပြတ်သွားတာ''

''သြော်''

ကောင်းကင်ချို ဘာကြောင့် ယောက်ျားမုန်းတီးရေးဝါဒီစွဲကပ်နေသလဲဆိုတာ အခုမှပဲ ခက်ဆစ် ဆက်စပ်တွေး၍ သဘောပေါက်သွားတော့သည်။ မာတိကာဆန်သော ဆယ်ကျော်သက် စိတ်ကစားစအရွယ်မှာတင် တစ်ဘဝစာကျေညက်ဖို့ သင်ခန်းစာတွေ သူမ တပွေ့တပိုက်တွေ့ရှိလိုက်ပုံရ၏။

''အဲဒီကဗျာဆရာ ဘယ်မှာနေတာလဲ အစ်ကို သိလား''

''ကိုယ်တော့မသိဘူး။ အဲ ... ဒါပေမယ့် ကောင်းကင်ချိုနဲ့ သင်တန်းမှာတွဲတဲ့ သူငယ်ချင်းတစ်ယောက်တော့ သိလိမ့်မယ်ထင်တ[illegible]





နဲ့ ပတ်သက်ပြီး ကောင်းကင်ချိုနဲ့ အဲဒီကောင် ကြိုက်သွားတာတဲ့။ အဲဒီကောင်မလေးက အဝေးသင်တက်ရင်း အခု ကိုယ့်သူငယ်ချင်းကုမ္ပဏီမှာ အလုပ်ဝင်နေတာ။ ညီ သိချင်ရင် ကိုယ်မေးထားပေးပါမယ်။ သိရင် ညီ့ကိုဘယ်လိုဆက်သွယ်ရမလဲ။ ဖုန်းနံပါတ်ဖြစ်ဖြစ် ပေးခဲ့ပါလား''

''ကျွန်တော့်မှာတော့ ဖုန်းမရှိဘူး အစ်ကို။ ကျွန်တော် အလုပ်လုပ်တဲ့ ကျွန်တော့်သူငယ်ချင်း အိမ်ဖုန်းနံပါတ် ပေးခဲ့မယ်။ အဲဒီမှာ ကျွန်တော်ရှိတတ်ပါတယ်။ ကျွန်တော်မရှိရင်လည်း မှာခဲ့လို့ရပါတယ်''

ယုဝါတို့ အိမ်ဖုန်းနံပါတ်ကို ခက်ဆစ် ရွတ်ပြလိုက်သည်။ ကျော်ဘိုဘိုအောင်က သူ့လက်ကိုင်ဖုန်းထဲမှာ လိုက်မှတ်၏။

ပြီးသောအခါ ...

''အဲဒီကဗျာဆရာနာမည် ဘယ်လိုခေါ်လဲ အစ်ကို''

ခက်ဆစ်မေးတော့ ကျော်ဘိုဘိုအောင်က ခနဲ့တဲ့တဲ့ပြုံးပြီး ...

''နာမည်ကတော့ အမိုက်စားပဲကွ။ ဇွဲထင်ရှား ... တဲ့ ...''



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

''ခေတ်ဆီဈေးတွေတက်တော့ စိတ်ညစ်တယ်ကွာ''

''ဘာဖြစ်လို့လဲဗျ။ ခင်ဗျားတို့ ကျွန်တော်တို့မှာ ကားမှမရှိဘဲ''

''ကားမရှိပေမယ့် မီးခြစ်ရှိတယ်လေကွာ''

''ဟာ''

ကိုမျိုးကြီးစကားကြောင့် ခက်ဆစ် ရယ်မိ၏။ ကိုမျိုးကြီးက ဝတ်ထားသော ရှပ်အင်္ကျီနွမ်းဖတ်ဖတ်၏အိတ်ကပ်ထဲမှ မီးခြစ်ကိုထုတ် နားသယ်စပ်မှာ ညှပ်ထားသော ဆေးပေါ့လိပ်တိုတိုကိုယူကာ မီးညှိသည် ပြီးတော့ အားပါးတရဖွာရှိုက်သည်။

ခက်ဆစ်က ...

''ဆေးလိပ်မှာပါတဲ့ နီကိုဒင်းတစ်စက်ဟာ မြင်းတစ်ကောင် တောင် တုန်းခနဲ လဲစေနိုင်တယ်တဲ့နော် ... ကိုမျိုးကြီး ... သတိလ ထားဦး''

ကိုမျိုးကြီးက ခက်ဆစ်ကို ရှုသိုးသိုးကြည့်ကာ ...

''မင်း ငါ့ကို ဆေးလိပ်မသောက်နဲ့ ... ကျန်းမာရေးထိခိုက်လိ မယ်လို့ ပြောချင်ပြောကွာ။ လူကိုတော့ မြင်းနဲ့လာမနှိုင်းနဲ့''

''အဲ''





ခက်ဆစ် ဘာဆက်ပြောရမှန်းမသိဘဲ ဖြစ်သွားသည်။ ကိုမျိုးကြီး က တစ်ခါတစ်ခါ အဲဒီလိုတော့ ခွကျကျနိုင်၏။ ဝပ်ရှော့မှာ အားလပ်သဖြင့် သူတို့နှစ်ဦး နားနေကြတာ ဖြစ်သည်။

ဆေးပေါ့လိပ်တိုတိုကို ဖွာရှိုက်ရင်း ကိုမျိုးကြီးအကြည့်တွေ လမ်းမ ပေါ်သို့ရောက်သွားပြန်သည်။ ခက်ဆစ်လည်း ငေးမိငေးရာ လိုက်ကြည့်မိ ၏။ လမ်းမထက်မှာ ရာစုသစ်၏ သမီးပျိုတွေ လုပ်ကြံမှုပါစွာ ရွေ့လျားနေ ကြချေ၏။

ဒီဘက်ခေတ်မိန်းကလေး အတော်များများ လိမ်တတ်ညာတတ် လာကြသည်။ မရှိတာကို အရှိလုပ်ပြချင်ကြသည်။ ပါးတာကို ထူသည်ဟု အထင်ခံချင်ကြသည်။ ခုံမြင့်ဖိနပ်ကိုစီး၍ လမ်းလျှောက်တာတွေက အစ ... ကော့ညွတ် ကော့ညွတ်နှင့် ... ။

မျောက်ကို ချိုင်းထောက်ထားသလို ... ။

တိုးတက်မှုနှင့်အပြိုင် အတုအယောင်တွေလည်း စုံလင်များပြား လာသည်။ ဘာဖြစ်လဲ ... ကိုယ့်မှာမရှိတာ မရှိဘူးပေါ့ ... နော် ... ။

ဒါ ... ရှက်စရာလား ...

အသိပညာ အတတ်ပညာတို့ကိုသာ အပေါယံအခွံဖြည့်သလို ရှုတစိုက်ပြည့်အောင် ဖြည့်နေမည်ဆိုပါက ဘဝတွေ တကယ် ကြွတက် သွားမည်မှာ အမှန်။

''ငါ မိန်းမယူရင် ကောင်းမလားမသိဘူးကွာ''

ဆိုင်းမဆင့် ဗုံမပါ ပြောလိုက်သော ကိုမျိုးကြီးစကားကြောင့် ခက်ဆစ်က ပြုံး၍ ...

''ငါးတွေဟာ ရေထဲကနေ ပိုက်ထဲကို တိုးဝင်ချင်ကြတယ်။ ပိုက် ထဲရောက်တော့ ရေထဲ ပြန်ဆင်းချင်ကြတယ်။ အိမ်ထောင်ရေးဆိုတာ လည်း အဲဒီသဘောအတိုင်းပဲတဲ့''



www.burmeseclassic.com

www.burmeseclassic.com

''ငါကတော့ ပိုက်ထဲမတိုးဘူးသေးတော့ တိုးကြည့်ချင်မိတယ်ကွာ''

ခက်ဆစ်က ရယ်၍ ကိုမျိုးကြီးကိုကြည့်ကာ ...

''ပိုက်ထဲက နောက်မှတိုးဗျာ။ အခုလောလောဆယ် ကုမ္ပဏီ မီးလောင်နေပြီ''

''ဘာလဲဟ။ ဘယ်ကုမ္ပဏီ မီးလောင်တာလဲ''

''ခင်ဗျားပါးစပ်က ကုမ္ပဏီလေ''

''ဟေ''

ဒီတော့မှ အငေးလွန်နေသော ကိုမျိုးကြီး သူ့ပါးစပ်မှာ ခဲထားသော ဆေးပေါ့လိပ်တိုကို သတိပြုမိသွားပြီး ကမ်းကတမ်းချွတ်၍လွှတ်ချ၏။

''မယားဆို ပျိုမှ ... ဆေးလိပ်ဆို တိုမှ ... ကွ ...''

ခက်ဆစ် ရယ်မြဲရယ်နေလိုက်သည်။ သူ့ဆေးလိပ်ကြီးကဖြင့် အတိုလွန်ကာ ဖင်စီခံစက္ကူပတ်ရှိ '...' စပယ်ရှယ် ဆေးပေါ့လိပ် ဆိုသော အမည်စာတမ်းကိုပင် မီးစွဲလောင်နေပြီ ဖြစ်၏။

''ငါ မိန်းမယူရင် ဘယ်လိုမိန်းမမျိုးကို ယူရင်ကောင်းမလဲကွ ဟေ ...''

ခက်ဆစ်က စဉ်းစား၍ ...

''မယားအပြား ၇-ပါးရှိတယ် ... တဲ့''

''ခုနစ်ပြား ... ဟုတ်လား ...။ ဘာပြားတာလဲ''

''ခုနစ်ပါးဗျ။ အပြားဆိုတာကလည်း အပါးဆိုတာနဲ့ အဓိပ္ပာယ်အတူတူပဲ။ မယားအပြားဆိုတာက သုဇာတာကို အကြောင်းပြုပြီး ဘုရားရှင် ဟောဝေ[illegible]။ ဟောထပ်တောင်ရှိသေးတယ်''

''ဘာတဲ့လဲ''





''အကျင့်တန်မှု မမြတ်၊ သူသတ်နှင့်ခိုးသူ၊ အရှင်နှင့်တမျိုးတွေမှာ အကျိုးမှုငရဲ။ မိနှင့်မ, ကျွန်မိတ်ဆွေဝယ်၊ လွန်စိတ်ဆွေ မွန်မြတ်လို့ကဲ မနုဿဒေဝခွင်၊ သေကြလျှင် ရောက်မြဲ။ ကတိမှာ ဖောက်မလွဲပြီဟု အောက်ငရဲ ဝေးကွာ။ ယောကျ်ားလင် သခင်လှရာဖြင့်၊ အစဉ်ပ ကိုင်းညွှတ်လေတာ။ ဣတ္ထိယ ထိုလေးဖြာကို၊ ဟိုရှေးခါ မြတ်ဘုရားရယ်က မှတ်သားဘို့သုဇာတာ၊ ဟောမိန့်ခဲ့ပါ။ အဂ္ဂုတ္တရနိကာယ်လာတယ်၊ သိ ဘွယ်ရာ ခုနစ်ကွဲ့လေး ... တဲ့''

ကိုမျိုးကြီးက ခေါင်းတညိတ်ညိတ်နှင့် ...

''အေးကွာ ... နားထောင်လို့တော့ ကောင်းသား။ ဒါပေမယ့် ငါ ဘာမှ နားမလည်ဘူး''

''ဟင်''

ခက်ဆစ် နင်သွားသည်။ (နီးစပ်လျှင် ရေခပ်ပေးလိုက်ကြပါ)

''သူသတ်နှင့်တူသော မယား၊ ခိုးသူနှင့်တူသောမယား၊ အရှင်နှင့်တူသောမယား၊ မိခင်နှင့်တူသော မယား၊ နှမနှင့်တူသော မယား၊ ကျွန်နှင့်တူသောမယား၊ မိတ်ဆွေနှင့်တူသော မယား ... ဆိုပြီး မယားအပြားခုနစ်ပါးရှိတာမှာ ... သူသတ် ခိုးသူ အရှင်နှင့်တူတဲ့ မယားသုံးမျိုးက အကျင့်မမြတ်တာကြောင့် ငရဲလားဖို့သာ အကျိုးမြင်တယ်။ အမိ နှမ ကျွန် မိတ်ဆွေနဲ့တူတဲ့ မယားလေးမျိုးကတော့ စိတ်သဘောထား အလွန်မွန်မြတ်တာကြောင့် ငရဲမကျနိုင်ဘူးတဲ့။ သူတို့ဟာ ကိုယ့်ရဲ့လင်ယောကျ်ားကိုလည်း အစဉ်သဖြင့် ကိုင်းညွှတ်ရှိသေတာကြောင့် ခင်ဗျား အိမ်ထောင်ပြုမယ်ဆိုရင်တော့ အမိ နှမ ကျွန် မိတ်ဆွေနဲ့ ပမာတူတဲ့ မယားမျိုးကိုသာ ရှာယူဗျာ''

''အေးကွာ ... နောက်နေ့ကစပြီး အားလပ်ချိန်ရတာနဲ့ ရှာတော့မယ်''



www.burmeseclassic.com

www.burmeseclassic.com



ခြေဘ် ... သူကလည်း ဇွတ်ပဲနော် ...။

''ရှောင်ကြဉ်အပ်သော မိန်းမများဆိုပြီးတော့လည်း ရှေးဆရာတွေ မိန့်မှာခဲ့တာ ရှိသေးတယ်ဗျ''

''ဘာတွေလဲဟ ... လုပ်စမ်းပါဦး''

''၁။ ရန်သူနှင့်တူသော မိန်းမမျိုး

၂။ အရှင်နှင့်တူသော မိန်းမမျိုး

၃။ ခိုးသူနှင့်တူသော မိန်းမမျိုး

၄။ မြူးသော မိန်းမမျိုး

၅။ သားယောကျ်ားမရသော မိန်းမမျိုး

၆။ နူနာရှိသော မိန်းမမျိုး

၇။ ကြွေးကြမ်း ဟောရမ်းသော မိန်းမမျိုး

၈။ လင်ကိုမချစ်သော မိန်းမမျိုး

၉။ ဝန်တိုစဉ်းလဲသော မိန်းမမျိုး

၁၀။ သဏ္ဍာတရားမရှိသော မိန်းမမျိုး

၁၁။ အရှက်ကင်းသော မိန်းမမျိုး

၁၂။ အကြောက်ကင်းသော မိန်းမမျိုး

၁၃။ ရန်ငြိုးဖွဲ့တတ်သော မိန်းမမျိုး

၁၄။ ပျင်းရိသော မိန်းမမျိုး

၁၅။ ညစ်ပတ်သော မိန်းမမျိုး ... တဲ့ ...''

ကိုမျိုးကြီး ခေါင်းကုတ်၍ ညည်း၏။

''ဟာင်း ... ရှားလိုက်တာ''



ထိုစဉ်မှာပင် ...

ကားတစ်စီး ထိုးဆိုက်လာ၏။ ကားပေါ်မှ ဆင်းလာသူကို ခက်ဆစ် ကောင်းစွာမှတ်မိနေပါသည်။

''အောက်ဆီတွေကျဲနေလို့ အင်ဂျင်ဝိုင် ဖောက်လဲချင်လို့ပါ''

ထိုသူက ခက်ဆစ်ကို မြင်တော့ အံ့သြဟန်နှင့် ...

''ညီက ဒီမှာလည်း အလုပ်လုပ်တယ်လား''

''ဟုတ်ကဲ့ခင်ဗျ''

''မုန့်ဆိုင်ကကော''

''အခု အမေ ပြန်ထိုင်ပါတယ်။ အရင်နေ့တွေက အမေ နေမကောင်းလို့ ကျွန်တော် ရောင်းတာပါ''

မုန့်ဆိုင်မှာ လာစားရင်း ကလေးတွေနှင့် ပတ်သက်၍ ခက်ဆစ်ကို ချီးကျူးသော လူရွယ်ဖြစ်သည်။ ကိုမျိုးကြီးက ဂွင်းတွေဂွတွေယူနေရင်းမှ ...

''ဒီကောင့်ကို ဒီအလုပ်တွေလုပ်နေလို့ ပေ့ါမတွက်နဲ့ဗျ။ ဆေးကျောင်းသား''

ထိုသူက အံ့သြဟန်နှင့် ...

''ဟုတ်လား ... အစ်ကိုလည်း ဆေးကပဲ''

ခက်ဆစ်က ခေါင်းညိတ်၍ ...

''ဟုတ်ကဲ့ ... အစ်ကို့ကို ကျွန်တော် ကျောင်းမှာလည်းမြင်ဖူးပါတယ်''



www.burmeseclassic.com

www.burmeseclassic.com


''ဒါဆို ညီလည်း ဆေး–၂ကပဲပေါ့။ နာမည် ဘယ်လိုခေါ်လဲ''

''ခက်ဆစ်ပါ''

ထိုသူ မျက်ခုံးအစုံ မြင့်တက်သွားပြီး ...

''ဩော် ... ခက်ဆစ်ဆိုတာ ညီလေးကိုး ...''

ခက်ဆစ်က မျက်မှောင်ကြုတ်၍ ...

''ဘာဖြစ်လို့လဲဗျ''

ထိုသူက ...

''ဘာမှမဖြစ်ပါဘူး။ ညီက ကျောင်းမှာ နာမည်ကြီးဆိုတော့ ညီ့အကြောင်း လူပြောများလို့ ကြားဖူးနေတာပါ''

ခက်ဆစ်က မချိပြုံး ပြုံးကာ ...

''လူသတ်သမားဆိုပြီး နာမည်ကြီး လူပြောများနေတာ မဟုတ်လား ...''

ထိုသူက အားနာဟန်ဖြင့် ...

''အဲ့လိုလည်း မဟုတ်ပါဘူး။ သိပ်ထူးချွန်တဲ့ ကျောင်းသားတစ်ယောက်အနေနဲ့ ညီ့နာမည်ကို ကြားဖူးနေတာကြာပါပြီ။ အခုတလော ကျောင်းမှာ ဆရာဆရာမတွေကော ကျောင်းသူကျောင်းသားတွေကော အမျိုးမျိုး ထင်ကြေးပေးနေကြတဲ့ ညီနဲ့ပတ်သက်တဲ့ သတင်းတွေကိုလည်း ကြားတော့ကြားမိပါတယ်။ ဘယ်သတင်းကအမှန် ဘယ်သတင်းကအမှား ဆိုတာတော့ အစ်ကိုလည်း မခွဲခြားတတ်ဘူးပေါ့''

ကိုမျိုးကြီးက အင်ဂျင်ဝိုင်အဟောင်းတွေကို ဖောက်ချရင်းမှ

''ဒီကောင့်အဖြစ်က ဆိုးပါတယ်ဗျာ။ ကျွန်တော်တို့တွေဆို ရင်ထုမနာပဲ။ သူ့အမေဆို ရူးမတတ်ဗျ။ တစ်ဦးတည်းသောသားလေးကို ဆရာဝန်ဖြစ်စေချင်လွန်းလို့ မုန့်ဟင်းခါးရောင်းပြီး ကျောင်းထားပေးတဲ့ လင်သေမုဆိုးမကြီး ... အခုဆို သားစိတ်နဲ့ အိပ်ရာထဲ ဘုန်းဘုန်းလဲတဲ့ အထိပဲ။ ကျွန်တော်ကတော့ ဒီကိစ္စမှာ ခက်ဆစ်ကို ယုံတယ်။ မိန်းမတစ်



ယောက်ကို အောက်လမ်းနည်းနဲ့ ခိုးကြောင်ခိုးဝှက် လုပ်ကြံရလောက်တဲ့ အထိ ဒီကောင့်စိတ်ဓာတ် အောက်တန်းမကျဘူးဗျ''

ကိုမျိုးကြီးက အလုပ်မပျက် ခက်ဆစ်အကြောင်းတွေကို စုံစီနဖာ ပြောပြနေသည်။ ကူညီလုပ်ကိုင်ရင်း ခက်ဆစ် နှုတ်ဆိတ်နေလိုက်ပါ၏။ ရပ်နားထောင်နေသော လူရွယ် နဖူးမှ ချွေးသီးတို့စို့လာ၏။ ခန္ဓာကိုယ်ပင် တဆတ်ဆတ် တုန်ခါလာသည်။

ဒါကို ... ခက်ဆစ်တို့ သတိမပြုမိကြ ...။

အင်ဂျင်ဝိုင်အဟောင်းတွေ ကုန်စင်၍ အင်ဂျင်ဝိုင်ဘူးအသစ် ဖောက်ကာ ကားထဲဖြည့်ပြီးချိန်မှာပဲ ...

ဝပ်ရှော့ရှေ့တည့်တည့် လမ်းမပေါ်တွင် ကားတစ်စီးထိုးရပ်၏။ သိပ်မဝေးတာကြောင့် ကားစက်သံကြားသဖြင့် သုံးယောက်သား လှမ်းငဲ့ကြည့်လိုက်မိကြပါသည်။ အဖြူရောင် CYGUNUS ကား ...။

ထိုကားအမျိုးအစား အဖြူရောင်တွေမြင်တိုင်း သွေးလန့်နေတတ်သည့် ခက်ဆစ် ...။ ဒီတစ်ခါတော့ မျှော်လင့်ချက်ကြောင့် သူ ပျော်သလိုလို ... ကြည်နူးသလိုလို ...။

ကားမှန်က လှပ်ခနဲ လျှောကျလာသည်။ လည်တိုင်မှာ Scorpion ရုပ်ပုံ tattoo ရေးထိုးထားသည့်မိန်းမပျို ...။

''ဟင်''

ခက်ဆစ် ရင်တွေတလှပ်လှပ် ဖြစ်ရပြန်သည်။ မက်မောစရာ ရုပ်ပုံကားချပ်တစ်ခုကို တွေ့သလိုမျိုး ... သူ ငေးမောကြည့်ရှုနေမိပြန်၏။

ထိုစဉ်မှာပင် ...

''ဟာ''

သူ့နံဘေးမှာ ရပ်နေသည့်လူရွယ် ဘိုင်းခနဲ လဲကျသွားလေ၏။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

''အဲဒီကောင် ဝေါက်နေပြီဟ။ ကောင်းကင်ချို မသေဘဲ ပြန်ပေါ်လာသလိုလို ... သူပဲ အရှင်လတ်လတ် မြင်နေရသလိုလိုတွေ ပြောနေတာ။ အိုင်ကျူမြင့်လှပါတယ်ဆိုတဲ့ကောင် အခုတော့ မုန့်ဟင်းခါးရောင်းရင်း ချီးဘရိန်းဖြစ်နေပြီဟေ့ ...''

ကျောင်းရှေ့ရှိ ကောင်းစံမှာ ဟောင်ဖွာဟောင်ဖွာနှင့် ပြောနေသော ဇော်ရဲထက် ... ။ သူ့စကားကို လူအများက စိတ်ဝင်တစားနားထောင်နေကြပါသည်။

မခံချိမခံသာနှင့် ကြားနေရသည့် ယုဝါ ... အံကြိတ်လျက်သာ သူမ သက်ပြင်းချမိ၏။

''လူတစ်ယောက်ဟာ သိပ်တော် သိပ်ထက်မြက်လွန်းရင် ဝေါက်သွားတတ်တယ်။ အဲ့ဒါကြောင့် ငါ အရမ်းမကြိုးစားတာပေါ့။ အင်း ... Sky သာ မသေရင် အခုချိန်လောက်ဆို ငါ့ရဲ့ချစ်သူတွေ ဖြစ်နေကြလောက်ပြီ။ Kingနဲ့ Queen လောက် လိုက်ဖက်ညီတာ ဘာရှိဦးမှာလဲ။ အခုတော့ကွာ ... ဟိုခွေးသူတောင်းစားကြောင့် ... တောက် ...''

ယုဝါ ဆတ်ခနဲ ဇော်ရဲထက်အနား ရောက်ရှိသွားပြီး ...





''နင့်မှာ ဘာသက်သေအထောက်အထားတွေရှိလို့ ခက်ဆစ်ကို အပုပ်ချစွပ်စွဲနေရတာလဲ။ တရားဥပဒေကတောင် စစ်ဆေးပြီး သူ့မှာ အပြစ်မရှိတာ သေချာလို့ လွှတ်ပေးလိုက်ပြီပဲ''

ဇော်ရဲထက်က နဖူးပေါ် ဝဲကျနေသော ဆံပင်တွေကို လက်ချောင်းတွေနှင့် ရွရွလေး သပ်တင်လိုက်ကာ ...

''ဥပဒေဘက်တော်သားတွေ မမြင်မတွေးမိတဲ့ ရှုထောင့်က ငါ တွေးမိမြင်မိတာတွေရှိလို့ပေါ့ဟာ။ ကောင်းကင်ချို သေသွားတာ အသိသာကြီး။ အဲ့ဒါကို ဟိုဝေါက်ကြောင်က Sky မသေဘဲ ပြန်ပေါ်လာသလိုလို တွေလျှောက်ပြောနေတာ။ အရူးချေးပန်းစကားတွေ။ Sky ဘာကြောင့် သေရတယ်ဆိုတာ ငါ အသိဆုံးပေါ့''

မဲ့ကျင့်မရှိသော ယုဝါမျက်နှာလေး မဲ့သွားကာ ...

''အပိုတွေ မကျွပ်တိုင်တက်ပြမနေစမ်းပါနဲ့ ဇော်ရဲထက်ရယ်။ နင်သိတယ်ဆိုရင် တရားရုံးမှာတည်းက အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ တင်ပြပါလား။ နင် တင်ပြတဲ့အချက်တွေ ခိုင်လုံတိကျမှု သေချာမှု မရှိလို့ ရုံးတော်ကတောင် ပယ်ချခဲ့ပြီးပြီပဲ။ အခုမှ အသံကောင်းဟစ်ကြွေးမနေစမ်းပါနဲ့။ ကောင်းကင်ချိုအတွက် အမှုမှန်ပေါ်ချင်တာက နည်းနည်းရယ် ... ကျောင်းမှာ နင့်ထက် တော့ပ်ဖြစ်နေတဲ့ ခက်ဆစ်ကို နင် ဂျေဝင်နေတာ ငါသိပါတယ်။ ကောင်းကင်ချို ဘာကြောင့် သေရတယ်ဆိုတာ နင် အသိဆုံးဆိုတော့ ... ဘာလဲ ... ကောင်းကင်ချိုကို နင်သတ်လိုက်တာမို့လို့လား''

ဇော်ရဲထက် မျက်နှာပျက်သွားပြီး ...

''အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့နော်။ Skyကို ငါ အရမ်းချစ်တာ။ ငါက ဘာကြောင့် သတ်ရမှာလဲ။ Skyကိုသတ်တာ ခက်ဆစ် ... သူ့ပါးကိုရိုက်လို့ ကားဘရိတ်ကြိုးကိုဖြတ်ပြီး အဲဒီကောင် ပြန်လုပ်ကြံတာ''



www.burmeseclassic.com

www.burmeseclassic.com



ဇင်ဂိုက သူတို့နှစ်ဦးကြား ဝင်ရပ်ပြီး ...

''ဘယ်သူမှ အတိအကျ မပြောနိုင်တဲ့ ကိစ္စတစ်ခုအတွက် အချင်းများမနေကြပါနဲ့တော့။ အမှုမှန်ပေါ်ချင်ရင် သေချာအောင်စုံစမ်း။ ဝင်မပါချင်ရင် ဘေးထွက်နေလိုက်။ မခိုင်လုံဘဲနဲ့တော့ တစ်ယောက်ကို တစ်ယောက် မစွပ်စွဲကြတာ အကောင်းဆုံးပဲ''

ထိုစဉ်မှာပင် ...

''ဟာ ... ဟိုမှာ ကောင်းကင်ချို''

ကျော်ကျော်နိုင်၏ အလန့်တကြား အော်သံကြောင့် သူ့ကြည့်နေရာဆီ အားလုံးလိုက်ကြည့်မိကြ၏။ လမ်းတစ်ဖက်ရှိ ကုက္ကိုပင်အောက်မှာ အဖြူရောင် CYGUNUS ကား ... ။ ထိုကားကိုမှီ၍ နွဲ့နှောင်းစွာရပ်နေသောမိန်းမပျို ... ။

အကြည့်တွေက တိမ်ခိုးမျှင်တွေသဖွယ် ... ဟိုဟိုဒီဒီ ဝဲဝေ့လျက်။

''ဒီလောက်ဆို လူနာအခြေအနေက စိုးရိမ်စရာမရှိတော့ပါဘူး။ ရိုးတွင်းချဉ်ဆီမကောင်းလို့ သွေးအားနည်းပြီး ဖြစ်သွားတာပါ။ အချိန်မီ ပို့ဆောင်ပေးတဲ့အတွက်ကော၊ လူနာအတွက် အရေးပေါ် လိုအပ်နေတဲ့ သွေးအမျိုးအစားကို လှူဒါန်းပေးတဲ့အတွက်ကော အထူးပဲကျေးဇူးတင်ပါတယ်။ မောင်ရင်လည်း ပင်ပန်းနေပြီ။ လူနာရှင် မိသားစုကိုလည်း အကြောင်းကြားထားပြီပဲ။ အိမ်ပြန်နားလိုက်ပါလား''

ဆရာဝန်ကြီး၏စကားကြောင့် ဆေးရှိန်ဖြင့်မှိန်း၍ အိပ်ပျော်နေသော လူ့ရွယ်ကို ခက်ဆစ် ကြည့်လိုက်၏။ စိတ်ချရလောက်ပြီဖြစ်သော





အခြေအနေနှင့် ပတ်ဝန်းကျင်မှာမို့ အခန်းစောင့်နပ်စ်ကို ကားသော့အပ်ကာ သူ ပြန်လာခဲ့ပါတော့သည်။

မှောင်ရီဖျိုးဖျ ...

အမေ့ကို ဆိုင်ကူသိမ်းရဦးမည်လေ ...

ယုဝါတို့အိမ်ဖုန်းမြည်လာ၏။

''ဟယ်လို''

အိမ်ပြန်ရောက်နေပြီဖြစ်သော ယုဝါ ဖုန်းခွက်ကိုကိုင်၍ ထူးလိုက်ခြင်း ဖြစ်သည်။

တစ်ဖက်မှ ...

''ခက်ဆစ်နဲ့ စကားပြောချင်လို့ပါ''



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"မနေ့က ကောင်းကင်ချိုကို ငါ တွေ့လိုက်တယ်"

ဝပ်ရှော့သို့ သူ ရောက်ရောက်ချင်း အနားသို့ အပြေးတစ်ပိုင်း ရောက်လာပြီးပြောသော ယုဝါ၏စကားကြောင့် ခက်ဆစ်ရင်မှာ ပူစွာ အသစ်တစ်ပုဒ် ဖြစ်တည်လာ၏။

"ဘယ်မှာတွေ့တာလဲ"

"ကျောင်းရှေ့မှာ။ ငါတို့က ကောင်းစံမှာ ထိုင်နေချိန် လှမ်းမြင်လိုက်ရတာ။ သူက ကားကိုမှီပြီးရပ်နေတာ။ ငါတို့တွေ သူ့ဆီသွားမလို့ ကားလမ်းကူးနေချိန်မှာပဲ သူက ကားပေါ်တက်မောင်းထွက်သွားတာဟ"

"ဘယ်အချိန်လဲ။ အတိအကျမှတ်မိလား"

"အေး ... မှတ်မိတယ်"

ယုဝါက လက်မှနာရီကိုတစ်ချက်ကြည့်ပြီး အချိန်အတိအကျ ပြောပြ၏။ ခက်ဆစ်မျက်နှာပြုံးသွားသည်။ တစ်စုံတစ်ခုကို သူ တွေးမိသိရှိသွားသလိုမျိုး ... ။

ယုဝါက အခုမှ သတိရဟန်ဖြင့် ...

"မနေ့က နင့်ဖုန်းလာသေးတယ်"

"ဘယ်ကလဲ"





"ကျော်ဘိုဘိုအောင်တဲ့"

ခက်ဆစ် မျက်လုံးတွေ စူးလက်သွားကာ ...

"ဘာပြောလဲ ... သူက ... "

"နင်နဲ့ ပြောချင်တာတဲ့။ နင် မရှိဘူးဆိုတော့ နင့်ကို သူ့ဆီလာခဲ့ပါလို့ ပြောပေးဖို့ မှာခဲ့တယ်။ ဘယ်ကို လာရမှာလဲဆိုတော့ သူ့ဆိုင်ကိုပဲ လာခဲ့ပါတဲ့။ သေချာအောင် ငါတောင် လိပ်စာမေးထားလိုက်သေးတယ်။ ရေးမှတ်ထားတာရှိတယ်။ သွားယူပေးရမလား"

"နေ ... နေ ... ငါ မှတ်မိတယ်"

ခက်ဆစ်က ဟိုဟိုဒီဒီကြည့်ပြီး ...

"ကိုမျိုးကြီးကော"

"နောက်ဖေးဘက် ဝင်သွားတယ်။ သန့်စင်ခန်းဝင်နေတာထင်တယ်။ ဘာလို့လဲ"

"ငါ အပြင်သွားမလို့။ အဲ့ဒါ သူ့ကို ပြောပေးစမ်းပါ"

"နင် ကျော်ဘိုဘိုအောင့်ဆီကို သွားမှာလား"

"ဟုတ်တယ်။ နည်းနည်းကြာရင်လည်း ကြာလိမ့်မယ်"

ယုဝါ မျက်မှောင်တွန့်၍ ...

"နင် ဘာတွေ လျှောက်လုပ်နေတာလဲ ခက်ဆစ်။ အခုဆို ကောင်းကင်ချို ပြန်ပေါ်နေပြီပဲ။ သူ မသေတာကို နင်က ဘာတွေခေါင်းရှုပ်ခံနေဦးမှာလဲ။ ကောင်းကင်ချိုရဲ့ အိမ်လိပ်စာကိုစုံစမ်းပြီး သူနဲ့သွားတွေ့လိုက်။ ပြီးရင် အားလုံး မျက်နှာစုံညီ ထိပ်တိုက်ဖြေရှင်းလိုက်ရင် ပွဲက ပြီးနေတာကို"

ခက်ဆစ်က ခေါင်းခါ၍ ...

"နင် ပြောတာလည်း ဟုတ်ပါတယ်။ ဒါပေမယ့် ငါ သိချင်တာတွေ ရှိသေးလို့ပါ။ ဒီပြဿနာရဲ့နောက်ကွယ်မှာ ငါတို့မသိတဲ့ [illegible]တွေ



www.burmeseclassic.com

www.burmeseclassic.com

ရှိနေသေးတယ်။ အဲ့ဒါတွေကို ငါ စိတ်ဝင်စားတယ်။ အရေးကြီးဆုံးအဓိက အစိတ်အပိုင်းကို ဆွဲမထုတ်နိုင်သေးတာကလွဲလို့ တစ်ချို့တစ်ဝက်ကိုတော့ ငါ သဘောပေါက်နေပါပြီ။ အဖြေအားလုံး သိတဲ့တစ်နေ့ နင် အပါအဝင် အားလုံးကို ငါ ပြောပြမှာပါ''

ယုဝါ စောဒက မတက်တော့ဘဲ ...

''အဲ့ဒါဆိုလည်း နင် ကားယူသွားလိုက်လေ။ ဒီနေ့ ငါ ကျောင်းမှ မသွားရတာ''

''နေပါ ... ငါ လိုင်းကားနဲ့ပဲ သွားလိုက်မယ်''

''ယူသွားစမ်းပါဟာ။ အပြန်ကျရင်လည်း ငါ့ဖို့ ကြေးအိုးတစ်ပွဲ ဆွဲလာခဲ့။ လိုင်းကားနဲ့ဆိုရင် နင်ယူရတာ ဘယ်အဆင်ပြေမလဲ''

ယုဝါက ကားသော့နှင့် ပိုက်ဆံယူပေးသည်။ ခက်ဆစ် မငြင်းတော့ဘဲ ပိုက်ဆံကို အိတ်ထဲထည့်၍ ကားပေါ်တက် မောင်းထွက်သွားလေသည်။

ယုဝါကတော့ ပြုံးပြုံးလေး ... ။ ခက်ဆစ် လိုအပ်ချက်တွေကို ဘတ်စွမ်းသလောက် ဖြည့်ဆည်းပေးခွင့်ရရင်ပဲ သူမ ပျော်နေတာ ... ။

ကောင်းကင်ချိုကို သူမအပါအဝင် အခြားလူများပါ မြင်တွေ့လိုက်ရသဖြင့်လည်း သူမ ကျေနပ်နေသည်။ ခက်ဆစ်ကို Depression ဝင်နေသည့် insomnia ရောဂါဝေဒနာသည်တစ်ယောက်လို ထင်မြင်ယူဆချက်တွေကို လက်တွေ့ကျကျ ငြင်းချက်ထုတ်လိုက်နိုင်၍ ဖြစ်၏။

ခက်ဆစ် ထွက်သွားပြီး သိပ်မကြာမီမှာပင် ဝပ်ရှော့သို့ ကားဘစ်စီး ထိုးဆိုက်ရောက်ရှိလာ၏။ ကားပေါ်မှဆင်းလာသည့် လူရွယ်၏ မျက်လုံးတွေက တစ်စုံတစ်ခုကို ရှာဖွေနေသလိုမျိုးမို့ ...

''ဘာကိစ္စရှိလို့လဲရှင့်''

ယုဝါ မေးလိုက်တော့ ထိုလူရွယ်က ...





''ခက်ဆစ် မရှိဘူးလား။ ခက်ဆစ်နဲ့တွေ့ချင်လို့ပါ''

''သူ အပြင်သွားတယ်''

ထိုစဉ်မှာပင် ...

''ဟာ ... ညီလေး''

အနားရောက်လာသော ကိုမျိုးကြီးက လူရွယ်ကိုတွေ့တော့ ...က်ဆက်ကာ ...

''မနေ့က အခြေအနေ ဘယ်လိုလဲ။ အခု သက်သာသွားပြီ ...ား''

လူရွယ်က ခေါင်းညိတ်၍ ...

''ခက်ဆစ် ကျေးဇူးကြောင့်ပေါ့ဗျာ။ မဟုတ်ရင် မလွယ်ဘူး။ ရုတ် ...ရက် သွေးလိုတော့လည်း သူပဲ သွေးလှူသွားတာ''

''ကျန်းမာရေး သိပ်မကောင်းရင် အိမ်မှာ နားနေပေါ့။ ဘာလို့ ...က်လာတာလဲ''

''ခက်ဆစ်နဲ့တွေ့ချင်လို့ပါ။ အဲ့ဒါကြောင့် အိမ်ကလူတွေတားတဲ့ ...ကြားက အတင်းထွက်လာခဲ့တာ။ မနေ့က သူ့ကိုကျေးဇူးတင်စကား ...တောင် မပြောလိုက်ရဘူးလေ။ ပြီးတော့ ... သူနဲ့လည်း စကားပြောချင် ...လို့ပါ''

ကိုမျိုးကြီးက ...

''ခက်ဆစ် မရောက်သေးဘူးထင်တယ်''

ယုဝါက ...

''ရောက်ပြီ။ သူ ကိစ္စရှိလို့ အပြင်ထွက်သွားတာ။ နည်းနည်း ...ကြာရင် ကြာလိမ့်မယ်တဲ့။ ကိုမျိုးကြီးကိုတောင် ပြောပေးဖို့မှာသွားသေး ...တယ်။ ကားယူသွားဆိုတာ မယူဘူးလုပ်နေလို့ ယုဝါက အပြန်ကျ ကြေးအိုး ...ယ်ခဲ့။ ကြေးအိုးထုပ်ကြီးနဲ့ဆို လိုင်းကားနဲ့ အဆင်ပြေမှာ မဟုတ်ဘူးဆို



www.burmeseclassic.com

www.burmeseclassic.com

ပြီး ညာတာပါတေးနဲ့ ကားအတင်းပေးလိုက်ရတယ်''

ကိုမျိုးကြီး မျက်လုံးပြူးသွားပြီး ...

''ဘယ်ကားကိုပေးလိုက်တာလဲ''

''အိမ်ကကားပေါ့''

''ဆလွန်းကားလား''

''ဟုတ်တယ်လေ။ ဘာလို့လဲ''

''ဟာ ... သွားပြီ''

ကိုမျိုးကြီး သူ့နဖူးသူ ဖျောင်းခနဲ လက်ဝါးနှင့်ရိုက်၏။

''အဲဒီကား တာယာတွေ ပါးနေလို့ ဆရာသမားက ငါ့ကိုလဲ ခိုင်းထားတာ''

ယုဝါက အေးဆေး ... ။

''ဘာဖြစ်လဲ။ သူပြန်လာမှ လဲလိုက်ပေါ့''

ကိုမျိုးကြီးက မျက်နှာပျက်ပျက်နှင့် ...

''မဖြစ်ဘူး။ ငါ ... ငါ ... အိမ်သာတက်ချင်လို့ ... ထားခဲ့တာ။ အဲဒီကား ... အဲဒီကား ... ဘီးနပ်တွေက ဖြုတ်လက်စကြီး''

''ဟင်''



## အခန်း (၁၇)

ခက်ဆစ် ကားကို ဖြည်းဖြည်းမှန်မှန်ပဲ မောင်းနှင်နေသည်။ သူ့နောက်မှ အဖြူရောင် CYGUNUS ကားက အရိပ်လို လိုက်နေသောကြောင့် ဖြစ်၏။

ဘက်မှန်တွင် တွေ့မြင်နေရသော ကားပုံရိပ်ကလေးကိုကြည့်၍ သူ့ရင်မှာ နွေးထွေးနေသည်။ သူမကို အလုံးအထည်လိုက် မတွေ့မြင်ရချင်တောင် သူ့အနီးအပါးမှာ သူမ ရှိနေသည်ဆိုသောအသိက ခံစားချက်တွေကို လတ်ဆတ်စေ၏။

အခုဆိုလျှင် နှိုးစက်မလိုသော နံနက်ခင်းတွေကို သူ ပိုင်ဆိုင်ပြီ။ သူမ မပေးသော လန်းဆန်းတက်ကြွမှုများကို သူ ရရှိ၏။ ဆိုးရွားသော ဥတုရာသီမှာပင် သူမက သူ့အတွက် အားကောင်းစေသော သာယာမှုကလေးတစ်ခု ဖြစ်၏။

အသက်ခြွေမည်ဟု ကြွေးကြော်ထားသူကိုပင် လက်ကမ်းကြိုချင်နေသည့်အဖြစ် ... ။

အဲ့ဒါ ... အချစ်လား ...

ကျော်ဘိုဘိုအောင်၏ ဆိုင်ခန်းရှေ့ရောက်သောအခါ ကားကို ရပ်၍ သူ အထဲဝင်သွားလိုက်သည်။ စောင့်နေရစ်ပေဦးတော့ အရိပ်


www.burmeseclassic.com

www.burmeseclassic.com



ကလေးရေ ... ။

ကျော်ဘိုဘိုအောင်က သူ့ကိုတွေ့တာနှင့် ...

''ညီ သိချင်တဲ့ လိပ်စာ သိရပြီ''

ဇွဲထင်ရှားဆိုသူ၏ လိပ်စာပြောပြသည်။ သူ တုန်လှုပ်သွားမိ၏။

''ညီ သွားလည်း အပိုပဲကွ။ အဲဒီကောင်က အခု ရှောသွားပြီတဲ့''

''ဗျာ ... ဘာရှောတာလဲ''

''သေသွားတာကို ပြောတာလေ''

''ဩော်''

သူ့အတွက် ပဟေဠိအသစ်တွေ ထပ်မံတွေ့ရှိလိုက်ရပြန်၏။ မြို့စဉ်ကို အစအဆုံး ဆက်စပ်တွေးတောကြည့်လိုက်သည်။

ထိုစဉ်မှာပင် ...

''ဟေး ... ကို ... ''

လွင့်လွင့်ခါခါနှင့် ဖလန်းဖလန်းရောက်လာတာက 'မဖြူဆွတ်မြင့်လုံး' ... ။ ကျော်ဘိုဘိုအောင် ငေါက်ခနဲဖြစ်သွားသည်။

''ချစ်လေး ... ဇာခြည်ဝင်းထိန်''

''ဟာကွာ ... အဲ့ဒီနာမည်ကြီး မခေါ်ပါနဲ့ဆို။ စိတ်ကောက်လိုက်မှာနော်''

''စတာပါ ချစ်လေးအားတုံ့ရယ် ... ''

ဘာရယ်ကြောင့် အားတုံ့ဟုပဲ အခေါ်ခံချင်နေသလဲတော့ မသိပါ။ ခုတ်လိုက်သလို အကြောဆွဲမတတ် လှုပ်ခါမှုကြောင့် တစ်ကိုယ်လုံးဘာအားတုန်နေတာတော့ သတိပြုမိ၏။

မတအားတုန်က ခက်ဆစ်ကို မြင်တော့ ...





''ဟယ် ... ဖာ ... ဖာ ... ''

''ဗျာ''

''ကားဘီးဖာပေး ... အဲ ... ကားဘီးလဲပေးတဲ့လူလို့ပြောမလို့ပါ''

''ဩော် ... ဟုတ် ဟုတ်ကဲ့''

မှတ်မိတာပဲ ကျေးဇူးတင်ရမလိုပါ။ ငရဲပြာလူး ဆတ်ဆလူးဆိုင်နှင့် ... ။ ဒါကိုပဲ ကျော်ဘိုဘိုအောင်ကြီး အကြိုက်တွေ့နေဟန်ရှိ၏။

(ယောက်ျားတွေများနော် ... )

ဆက်နေလည်း အကျိုးထူးမည့် အနေအထားမရှိတာမို့ ခက်ဆစ်အလိုက်တသိပဲ နှုတ်ဆက်ပြီး ထပြန်လာခဲ့ပါတော့သည်။

လွတ်လပ်စွာ နေကြစေ ...

(နေကြာစေ့ မဟုတ်ပါ)

ဆိုင်ခန်းထဲမှ ခက်ဆစ်ထွက်လာတော့ သူ စီးလာသော ဆလွန်းကားအနီးမှာ ကုန်းကုန်းကွကွ ဖြစ်နေသော အရိပ်ကလေးအား တွေ့ရ၏။

ခြေသံကြောင့် လှည့်အကြည့် ... သူ့ကိုတွေ့တော့ သူခိုးလူမိသလို သူမ မျက်နှာလေး အမ်းသွား၏။ ကုန်းကွနေရာမှ ခန္ဓာကိုဆန့်၍ မျက်နှာကို ချာခနဲ တစ်ဖက်သို့ လှည့်သည်။

သူမလက်ထဲမှ လက်ခနဲ ... ။



www.burmeseclassic.com

www.burmeseclassic.com



ခက်ဆစ် မြင်ဖြစ်အောင် မြင်လိုက်သည်။ ဓားပါးလေးတစ်လက်။

သူပြုံး၍ ကားဘရိတ်ကြိုးတွေကို စစ်ဆေးကြည့်လိုက်၏။ ပြီးမှ သူမနှင့် မျက်နှာချင်းဆိုင်လိုက်ကာ ... ။

''ကားဘရိတ်ကြိုး ဘယ်လို ဖြတ်ရမယ်ဆိုတာ မသိလို့လား။ သင်ပေးရမလား''

သူမက တုံ့ပြန်စကားမဆိုဘဲ သူနှင့်မျက်နှာချင်းမဆိုင်ချင်သလို တစ်ဖက်သို့ မျက်နှာလွှဲသွားပြန်သည်။

ခက်ဆစ်က သူ့ခန္ဓာကို သူမနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် အပ်မံပြုပြင်လိုက်၏။ ပြီးနောက် သူမကို စူးစူးနက်နက်စိုက်ကြည့်ကာ

''နှင် ဘယ်သူလဲဆိုတာ ငါ သိပါတယ်''

သူမခန္ဓာကိုယ် သိမ့်ခနဲ တုန်သွားသည်။

''နှင် ငါ့ကို အရမ်း သေစေချင်နေသလား''

ခက်ဆစ်မေးတော့ သူမ မဖြေ။

''နှင် ငါ့ကို အရမ်းသေစေချင်နေတယ်ဆိုရင် အခု နှင့်လက်ထဲမှာ ကိုင်ထားတဲ့ ဓားနဲ့ ငါ့ကို ထိုးသတ်လိုက်ပါလား''

သူမ မလှုပ်မယှက်။ ခက်ဆစ်က ...

''လူတစ်ယောက်ဟာ အခြားလူတစ်ယောက်ကိုသေစေအောင် သတ်ဖြတ်လုပ်ကြံဖို့ဆိုတာ လုံလောက်တဲ့ အမုန်းအာဃာတရှိဖို့ လိုအပ်တယ်။ ဒေါ်တန်ရုံစိတ်နဲ့ မဖြစ်နိုင်ပါဘူး။ ကောင်းကင်ချိုနဲ့ ငါ့ကြားမှာ အဲဒီလောက်ကြီးမားတဲ့ အမုန်းအာဃာတတွေ မရှိခဲ့ဘူး။ သေခြင်းတရားဟာမထူးဆန်းပါဘူး။ ဘယ်လိုအကြောင်းကြောင့် သေဆုံးရတယ်ဆိုတာတွေကသာ ထူးဆန်းနေတာပါ။ အခက်အခဲကြောင့် အဓိပ္ပာယ်မဲ့ သေခြင်းတရား လိုလားတာကို ဖွဲ့လျော့စိတ်ခေတ်ပျက်ပြားခြင်း၊ ကိုယ့်အပေါ် ပုံကျလာတဲ့ ပြဿနာကို အလွယ်တကူ လည်စင်းပေးတာကို သူရဲဘော





ကြောင်ခြင်းလို့ ငါ ခံယူထားတယ်။

အဲ့ဒါကြောင့် ...

အဓိပ္ပာယ်မဲ့ ငါ မသေချင်ဘူး။ လိပ်ပြာသန့်သန့်နဲ့ နေချင်လို့ ငါ့အပေါ်ပုံကျနေတဲ့ ပြဿနာကိုလည်း ဖြေရှင်းနိုင်ဖို့ ကြိုးစားနေတာ။ ဒီပြဿနာတွေ ပြေလည်သွားတဲ့ တစ်နေ့မှာ အခွင့်အရေးရမယ်ဆိုရင်တော့ နှင်နဲ့ အေးဆေးစကားပြောချင်ပါသေးတယ်။ အခုတော့ ... ကိစ္စရှိသေးလို့ ငါ သွားလိုက်ဦးမယ်။ ငါ့နောက်ကို အရိပ်လို သိပ်မလိုက်ပါနဲ့။ နှင် ပင်ပန်းမှာစိုးလို့ပြောတာပါ''

လှည့်ထွက်ခါနီး ခက်ဆစ်က ဓားပါးလေးကို ဆုပ်ကိုင်ထားသော သူမ လက်ချောင်းဖောင်းဖောင်းအိအိလေးတွေကို ကြည့်ကာ ...

''နှင့်ရဲ့ ပဝါလေးကိုလည်း ငါ သေချာသိမ်းဆည်းထားပါတယ်''

လျှောင်တစ်ခုပမာ သူမ ခန္ဓာကိုယ် တုန်ယင်သွား၏။

ခက်ဆစ် ကားမောင်းထွက်သွားတော့ ဓားပါးလေးကို ဆုပ်ကိုင်၍ သူမ တွေဝေနေမိသည်။

သူမ နားထဲမှာ ထပ်ဖန်တလဲလဲ ပြန်ကြားနေမိတာက ခက်ဆင်စကားသံတွေ ... ။

ထိုစဉ်မှာပင် ...

လူနှစ်ဦး သူမ အနား ကတိုက်ကရိုက် ရောက်ရှိလာ၏။ လူရွယ်တစ်ဦးနှင့် မိန်းမငယ်တစ်ဦး။

လူရွယ်က သူမကိုတွေ့တော့ တုန်လှုပ်သွားဟန်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



''မင်း ... မင်း ... ဘယ်သူလဲ''

သူမ မဖြေမိ။ မိန်းမငယ်က ပျာပျာသလဲ ...

''ခက်ဆစ် ... ခက်ဆစ်ကောဟင် ... ။ သူ ... သူ ... ဒီကို ရောက်လာသေးလား ...''



## အခန်း (၁၈)

သူ့နောက်မှ ကားနှစ်စီး အလောတကြီး လိုက်လာနေသည်ကို ခက်ဆစ် မသိ။

ကားမောင်းရင်း သူ့မျက်နှာက ပြုံးနေသည်။ သူ့စိတ်အာရုံတွေက အတိတ်ဆီ တောင်ပံမဲ့ လွင့်ပျံနေသည်။ မြတ်နိုးဖွယ်ရာ သကော်တတွေ ချိတ်ဆွဲထားသော နေ့စွဲတစ်ခု ... ။

အထက်တန်းကျောင်းသားဘဝတုန်းကပေါ့ ... ။

စုံညီပွဲတော်နေ့မှာ ယုဝါကို စနောက်ပြီး သူ ထွက်အပြေး ... ။ အဲဒီမှာ ကောင်မလေးတစ်ယောက်နှင့် ဝင်တိုက်မိ၏။ ဆံနွယ်ခက်တွေ အုပ်မိုးထားသော သူမ ဦးခေါင်းလုံးလုံးလေးနှင့် ထိတိုက်မိကာ သူ့နှုတ်ခမ်းပေါက်ပြဲသွေးစို့သွားခဲ့ရ၏။

ကောင်မလေးက သူမ ကိုင်ဆောင်ထားသော လက်ကိုင်ပဝါလေး သူ့အားပေးသည်။

''နင့်နှုတ်ခမ်း သွေးထွက်နေတယ်။ အဲ့ဒါနဲ့ အာဖုထိုးလိုက်''

''ငါ့နှုတ်ခမ်းကို နင်ပဲ အာဘွားပေးလိုက်ပါလားဟာ''

''ဘာ''

မျက်လုံးလေးပြူး၍ ခါးထောက်အော်ပုံက ချစ်စရာ သူရယ်၍



www.burmeseclassic.com

www.burmeseclassic.com



''ငါက စတာပါဟာ။ နင့်ခေါင်းလည်း နာသွားမှာပေါ့။ နင့်ခေါင်းကို သက်သာအောင် အရင်လုပ်လိုက်လေ''

''ရပါတယ်။ ငါက သိပ်မနာဘူး။ ဘာမှဖြစ်ပါဘူး''

လက်ကိုင်ပဝါလေးကိုယူ၍ သူ့နှုတ်ခမ်းသူ အာဖုထိုးဖြစ်သည်။ မျက်ဝန်းရောင်ကြည်တောက်တောက်လေးနှင့် ကောင်မလေးကိုကြည့်ကာ ...

''နင့်ကိုငါ ဒီကျောင်းမှာ မမြင်ဖူးပါဘူး။ နင်က ဘယ်ကလဲ''

''ငါက အခြားကျောင်းကပါ။ ဒီကျောင်းကို သူငယ်ချင်းတွေနဲ့ လာလည်တာ။ အခု သူတို့နဲ့ လူစုကွဲသွားလို့ လိုက်ရှာနေတုန်း နင်နဲ့ တိုက်မိတာ''

တိုက်ပုံအင်္ကျီအနက်၊ တောင်ရှည်ပုဆိုး ဖိုးရိုးဖားရားနှင့် နှုတ်ခမ်းမွေးကားကားကြီး တပ်ဆင်ထားသောသူ့ကိုကြည့်၍ သူမပြုံးကာ

''နင့်နာမည်က ဂျိုဝီ မဟုတ်လား''

သူ အံ့သြသွားကာ ...

''နင်က ဘယ်လိုသိလဲ''

''စင်ပေါ်မှာ နင် မောင်ရွှေရိုးကတုန်းက ငါကြည့်နေတာလေ။ အဲဒီတုန်းက စင်အောက်က လူတွေက ပါလေရာငါးပိချက် ဂျိုဝီ ဆိုပြီး အော်နေကြတာ ကြားလို့ပါ''

''သြော် ... အင်း ... အဲ့ဒါ ငါ့ရဲ့နာမည်ပြောင်လေ''

''နင့်ကို ဘာလို့ ပါလေရာ ငါးပိချက်လို့ ခေါ်တာလဲဟင်''

''ငါ့ထမင်းဘူးထဲမှာက အမြဲတမ်း ငါးပိချက်ပဲလို့ပေါ့ဟာ''

သူမ ခစ်ခနဲရယ်၏။ မာန်မာနကင်းစင်သည့် အဖြူရောင်မျက်နှာသားလေး။

''နင့်နှုတ်ခမ်းမွေးကြီး ဖြုတ်လိုက်ပါလားဟင်''





''ဘာလို့လဲ။ သူများလှတာ မနာလိုလာဖြစ်နေတယ်''

ခစ်ခနဲ ... သူမ ရယ်ပြုန်၏။ ပြီးမှ ... ရယ်သံခက်ထက်နှင့် ...

''မနာလိုလို့ မဟုတ်ပါဘူးဟယ်။ နှုတ်ခမ်းမွေးက တစ်ဖက်တည်းဆိုတော့ တစ်မျက်နှာထဲမှာ မြေးအဘိုးနှစ်ယောက်ကို တွေ့နေရသလိုဖြစ်နေတယ်''

''အင်''

ဒီတော့မှ သူ ပြန်စမ်းမိ၏။ နှုတ်ခမ်းမွေးက တစ်ဖက်မရှိတော့။ သူမနှင့် တိုက်မိတာမှာ ပြုတ်ကျသွားပုံရ၏။

ကျန်တစ်ဖက်ကိုလည်း သူ ဖြုတ်ပစ်လိုက်ပြီး ...

''ဘယ်လိုလဲ။ အခုကျတော့ မြေးတစ်ယောက်တည်း ဖြစ်သွားပြီမို့လား''

''ဟင့်အင်း ... အဘိုးတစ်ယောက်တည်း ဖြစ်သွားတာ''

''ဟာကွာ''

နှစ်ဦးသားရယ်ဖြစ်ကြ၏။ ဤသို့ဖြင့် ... အမှတ်မထင် ဆုံစည်းရာမှ သူတို့နှစ်ဦး ရင်းနှီးသွားခဲ့ကြလေသည်။ ကျောင်းဝင်းထဲမှာ သူမသူငယ်ချင်းတွေကို သူပါကူရှာပေးသည်။

သို့သော် ... မတွေ့ ... ။

ဆရာဆရာမတွေ ရောင်းသော မုန့်ကတ်ကလေးတွေနှင့် သူမကို သူ မုန့်ဝယ်ကျွေးဖြစ်သည်။ သူမကလည်း ပါလာသော ငွေကြေးနှင့် သူ့ကို မုန့်ပြန်ဝယ်ကျွေး၏။ ပြီးတော့ ... နှစ်ဦးအတူ ကစားရာဌာနတွေမှာ သွားရောက်ကစားကြလေသည်။

ဒါတွေဟာ ... တကယ့် အမှတ်တရ ... ။

နေ့တစ်ဝက်ကျိုး၍ သူမ သူငယ်ချင်းတွေကိုလည်း ရှာတွေ့သည့်အဆုံး၌ ...



www.burmeseclassic.com

www.burmeseclassic.com



‘‘သူတို့ပြန်သွားကြပြီထင်တယ်။ ငါလည်း ပြန်တော့မယ်နော်’’

သူ့ရင်ထဲမှာ ဝမ်းနည်းသလိုလို …။ လက်ကိုင်ပဝါလေးကို ပြန်ပေးတော့ သူမ မယူ။

‘‘နင်ပဲ ယူထားလိုက်ပါ။ အမှတ်တရပေါ့’’

‘‘သူများပစ္စည်းကို ငါ အလကားမယူချင်ဘူး’’

‘‘ယူပါဟယ် … နင်ကလည်း … ဘာဖြစ်လဲ …။ နင့်နှုတ်ခမ်းက ရောင်နေတာ။ လက်ကိုင်ပဝါလေးရှိတော့ အဆင်ပြေတာပေါ့။ အပိုင်မယူချင်ရင် နောက်တစ်ခါတွေ့တော့မှ ပြန်ပေးလေ’’

‘‘နင်နဲ့ငါက တွေ့ဦးမှာမို့လို့လား’’

‘‘တွေ့မှာပေါ့ဟ’’

‘‘ဘယ်လိုတွေ့မှာလဲ’’

‘‘ပါလေရာဝါးပိချက်ဂျိုဝီနဲ့ တွေ့ချင်လို့ပါဆိုပြီး နင့်ကျောင်းကို ငါ လာလည်မှာပေါ့’’

‘‘နင်တကယ်ပြောတာလား’’

‘‘တကယ်ပေါ့ဟ’’

ထိုကတိစကားက သူ့ကို နေ့ရက်များစွာတိုင်အောင် မျှော်လင့်တတ်စေခဲ့၏။ လက်သူကြွယ်မှာ ဝတ်ဆင်ထားသော ငွေလက်စွပ်ကလေးကို သူ ချွတ်ကာ …

‘‘ဒါဆို … နင်လည်း ဒီလက်စွပ်ကလေးကို ယူသွားလေ။ နောက်တစ်ခါတွေ့မှ ငါတို့ပစ္စည်းချင်း လဲကြတာပေါ့’’

သူပေးတော့ မငြင်းဘဲ သူမ ယူသည်။ ငွေလက်စွပ်ကလေးက သူမ လက်သူကြွယ် သေးသေးသွယ်သွယ်မှာ ချောင်နေသည်။ လက်ခလယ်မှာ ဝတ်ဆင်လိုက်မှ အဆင်ပြေ၏။

သူ ပြုံးကာ …





‘‘စွယ်စုံကျမ်းတစ်အုပ်မှာ ငါ ဖတ်ဖူးတယ်’’

‘‘ဘာလဲ’’

‘‘ရှေးဂရိရာဇဝင်မှာ ချစ်သူတွေက ကိုယ်ချစ်တဲ့သူရဲ့လက်ခလယ်မှာ အချင်းချင်း လက်စွပ်တွေ ဝတ်ဆင်ပေးကြတယ်။ ဘာလို့လဲဆိုတော့ လက်ခလယ်မှာရှိတဲ့ သွေးကြောတစ်ချောင်းဟာ နှလုံးနဲ့တိုက်ရိုက်ဆက်သွယ်ထားလို့ပဲ။ ဒါကြောင့် လက်ခလယ်မှာ ဝတ်ဆင်တဲ့ လက်စွပ်ရဲ့ အဓိပ္ပာယ်က နှလုံးသားရဲ့အာမခံချက် … တဲ့ …။ သစ္စာရှိမယ်ဆိုတဲ့ သဘောပေါ့’’

‘‘အောင်မာ … ငါက တခြားလက်ချောင်းတွေမှာ မတန်လို့ ဝတ်တာပါနော်။ နင်က သူများပစ္စည်းကို အလကားမယူထားချင်ဘူးဆိုလို့သာ ဒီလက်စွပ်ကို ယူသွားတာ။ နောက်တစ်ခါတွေ့ရင် ပြန်ပေးမှာ’’

‘‘အေးပါဟာ … ငါ စတာပါ’’

‘‘နင်ကလည်း … စပဲ စနေတာပဲ’’

သူမကို ကျောင်းရှေ့အထိ သူ လိုက်ပို့ပေးသည်။ ကျောင်းရှေ့မှာ ရပ်၍ သူ့ကို သူမ စိုက်ကြည့်၏။ သူ အနေခက်လာသည်။

နာနေသောနှုတ်ခမ်းကို လက်ကိုင်ပဝါနှင့်အုပ်ကာ …

‘‘အခုတော့ လက်ကိုင်ပဝါလေးနဲ့ပဲပေါ့ဟာ။ နောက်တစ်ခါတွေ့ရင်တော့ နင်ကိုယ်တိုင် ငါ့ကို အာဘွားပေးရမယ်နော်’’

သူမ ဘာမှပြန်မပြော။ ရုတ်တရက် ကားငှား၍ ကားပေါ်တက်သွားလေသည်။ သူ နားမလည်နိုင်ဖြစ်သွားရ၏။

ကားထွက်ခါနီးမှ …

‘‘ဂျိုဝီ … နင်က ငါ့ကို စပဲစနေတာနော်။ ငါ့နာမည်နဲ့ ငါ ဘယ်မှာနေတာလဲဆိုတာကိုကျတော့ လုံးဝမမေးဘူး။ နင့်ကိုငါ အရမ်းမုန်းတာ …’’



www.burmeseclassic.com

www.burmeseclassic.com



မှန်ချထားသော ကားပြတင်းမှ ခေါင်းပြူ၍ ပြောလိုက်သော သူမစကားကြောင့် သူ့ရင်မှာ တုန်ခတ်သွား၏။ ဒီတော့မှ အလန့်တကြား သတိရပြီး ...

''ဟာ ... ဟုတ်သားပဲ ... ငါ ... ငါ ... မေ့နေတာ ... ။ နင့်နာမည် ဘယ်လိုခေါ်လဲ ... နင် ဘယ်မှာနေတာလဲဟင်''

''မပြောဘူး။ ပြောမှသိ ထိမှနာ သာမှခင် သေမှသွားဆိုတာ နင့်လိုလူစားမျိုးပဲ။ နင့်ကိုတောင် ငါးပိချက်တစ်ခုပဲ ငါသိရတာ။ ငါ့ကိုလည်း ကြယ်စင်နတ်သမီးလို့ပဲ နင် မှတ်ထားလိုက်''

''ဟင်''

သူ့နာမည်ကျတော့ အကောင်းစားကြီး ပြောသွားသည်။ ငါ ကတော့ ငါးပိချက် ... ။

ကားက မောင်းထွက်သွားလေပြီ။ လက်ကိုင်ပဝါလေးကို ဝှေ့ရမ်း၍ လက်ပြရင်း အောင့်သက်သက်နှင့် ခက်ဆစ် ကျန်ရစ်ခဲ့၏။ သူမ အပြုအမူကြောင့် သူ့ရင်မှာ ပျော်သလိုလို ... ၊ ဝမ်းနည်းသလိုလို ... ။

ခိုးလိုးခုလုနှင့် နေ့ညများစွာ သူ့ကို သူမ ချယ်လှယ်စိုးမိုးထားပါသည်။ တစ်ဖက်သတ်ဆန်သော ပြန်ဆုံခွင့်က သူမဌ်သာ မူတည်တာမို့ မျှော်ကိုးစောင့်စားခြင်းတစ်ခုတည်းသာ သူ့အဖို့ တတ်နိုင်စွမ်းခဲ့၏။ လွတ်လပ်စွာ ရှင်သန်ခွင့်မရသော ဆယ်ကျော်သက် ရင်ခုန်သံသည် သူမ ဖြစ်၏။

အခု ... ပြန်ဆုံတွေ့တော့လည်း ...

အဖြစ်က ...





တားမြစ်နယ်မြေမှာ ဆက်တိုက်ထွက်ပေါ်နေသော ကားဟွန်းသံ အပွမ်ပွမ်ကြောင့် ဘက်မှန်သို့ သူ ကြည့်လိုက်၏။

အဲသည်အခိုက်မှာပဲ ...

ရှေ့ဘီးတစ်ဖက်ပြုတ်ထွက်လွင့်စင်၍ ကားသည် ပြေးလမ်းအတိုင်း တရွတ်တိုက် ပါသွားလေသည်။ သူ ပြာဝေသွား၏။ လူစည်ကားရာ နေရာ ... ။

စတီယာရင်ကို ထိန်းမရဖြစ်နေစဉ်မှာ ...

ကားတစ်စီးက မိုက်မိုက်ကန်းကန်း နောက်မှကျော်တက်ပြီး သူ့ကားရှေ့တည့်တည့်တွင် ကန့်လန့်ဖြတ်ပိတ်ရပ်၏။ အဖြူရောင် CYGUNUS ကား ... ။

သူ ရှောင်၍မရတော့ ... ။

''ဂျိန်း''ခနဲ ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

''ဒီပြဿနာတွေရဲ့ အဓိကတရားခံက ကျွန်တော်ပါ။ အခု ကောင်းကင်ချိုလည်း မသေဘူးဆိုတော့ အားလုံးကို အမှန်အတိုင်းပဲ ကျွန်တော် ဝန်ခံပါတော့မယ်။ ကျွန်တော့်နာမည် မြတ်စိုးပါ''

မြတ်စိုးဆိုသော လူရွယ်၏စကားကို အားလုံးပဲ စိတ်ဝင်တစား နားစွင့်နေကြ၏။ မြတ်စိုးက ...

''ကျွန်တော့်မှာ ဖွဲ့ထင်ရှားဆိုတဲ့ ညီတစ်ယောက်ရှိပါတယ်။ ကျွန်တော့်ညီဟာ အနုပညာကို ဘဝပါပုံအပ်ပြီး ခုံမင်တဲ့ ကဗျာဆရာ တစ်ယောက်ပါ။ ကဗျာတွေသာ မက်မောတတ်တဲ့ ကျွန်တော့်ညီဟာ ကောင်းကင်ချိုကိုတွေ့ချိန်မှာ အရူးအမူးစွဲလမ်းသွားခဲ့တယ်။ ကောင်းကင် ချိုနဲ့သူ ချစ်သူဖြစ်ခွင့်ရတော့ သူ့ဘဝဟာ ပြီးပြည့်စုံနေသလို သူ လန်း ဆန်းတက်ကြွနေတာတွေ ကျွန်တော် မြင်ရတယ်။ ဒါပေမယ့် ခဏပါပဲ။ သိပ်မကြာခင်မှာပဲ ကောင်းကင်ချို သူ့ကို ဖြတ်သွားတယ်လို့ ကျွန်တော် သိလိုက်ရတယ်။ ဒါဟာ ခံစားမှုအရ ကောင်းကင်ချိုအတွက် အသေး အမွှားသာဖြစ်နိုင်ပေမယ့် ကျွန်တော့်ညီအတွက်တော့ ကမ္ဘာပျက်သလို ပါပဲ''

မှိုင်းညို့ဝေရီနေသော မြတ်စိုး၏မျက်လုံးတွေက ညီကြစ်ဘူကို





...မ်းတလွမ်းဆွတ်နေသယောင် ... ။

''အဲဒီအချိန်ထိ ကောင်းကင်ချိုကို ကျွန်တော် အပြစ်မမြင်ပါ ဘူး။ မချစ်လို့ လမ်းခွဲတာ ... ရှေ့ဆက်မတွဲချင်လို့ အဆက်ဖြတ်လိုက်တာ ...တွေဟာ ချစ်သူရည်းစားဘဝမှာ သိပ်မှမထူးဆန်းတာပဲ။ ဒါပေမယ့် သိပ်ကို ထိရှလွယ်တဲ့ သိပ်ကိုခံစားတတ်တဲ့ ကျွန်တော့်ညီအတွက်တော့ အကြီးအကျယ် ထူးဆန်းသွားခဲ့တယ်။ အရက်မသောက်တတ်တဲ့ ကျွန် တော့်ညီဟာ အရက်သမားလုံးလုံး ဖြစ်သွားခဲ့တယ်။ အဲဒီအချိန်ထိလည်း ကောင်းကင်ချိုအပေါ်မှာ အမုန်းအာဃာတတွေ ကျွန်တော် မထားဖြစ် သေးပါဘူး။ ကိုးကွယ်မှုမှားနေတဲ့ ကျွန်တော့်ညီကိုပဲ ပျော့ညံ့သူတစ်ယောက် လို့ သတ်မှတ်မိပါတယ်။ ဒါပေမယ့် ...''

မြတ်စိုးအသံတွေ တုန်ယင်အက်ကွဲလာသည်။ သူ့မျက်ဝန်းမှာ မျက်ရည်စတွေ ဝေ့ဝဲလာသလို ... ။

''တစ်နေ့ ... အရက်ကြောင့် အစာအိမ်ရောဂါအခံရှိတဲ့ ကျွန် တော့်ညီဟာ အစာအိမ်အချဉ်ပေါက်ပြီး ဆေးရုံတက်ရတယ်။ အရက်တွေ အလွန်အကျွံသောက်သုံးထားတဲ့ဒဏ်ကြောင့် သူ အသက်ဆက်ရှင်ခွင့် ရဖို့ဆိုတာ မသေချာတော့ဘူး။ အဲဒီအချိန်မှာ ကောင်းကင်ချိုကို သူ အရမ်း တွေ့ချင်တယ်လို့ ပြောတယ်။ သားဖြစ်သူရဲ့ နောက်ဆုံးဆန္ဒကို ဖြည့်ဆည်း ပေးချင်စိတ်နဲ့ အမေဟာ ကောင်းကင်ချိုကို သူကိုယ်တိုင်သွားခေါ်ဖို့ ဆုံး ဖြတ်လိုက်တယ်။ ကျွန်တော်က ကားမောင်းပြီး အမေ့ကို ကောင်းကင်ချို ရှိတဲ့ သင်တန်းကို လိုက်ပို့ပေးရတာပေါ့။ ကျွန်တော်ပါရင် လူငယ်ချင်း ကတောက်ကဆဖြစ်မှာစိုးလို့ အမေက ကျွန်တော့်ကို ကားထဲမှာပဲ စောင့် နေခိုင်းတယ်။ မျက်ရည်စက်လက်နဲ့ အမေဟာ ကောင်းကင်ချိုကို အမျိုး မျိုး တောင်းပန်ခယပြီးခေါ်ပေမယ့် ကောင်းကင်ချိုကတော့ ကျွန်တော့်ညီ နဲ့ တွေ့ရမှာကို မတူမတန်သလို အကြောက်အကန်ငြင်းတယ်။ အဲ့ဒါတွေ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို ကားထဲကနေ ကျွန်တော် မြင်နေရတယ်။ နောက်ဆုံးတော့ သက်လျော့ပြီး အမေ လှည့်ပြန်လာခဲ့တယ်။ ကျွန်တော့်ညီ သေဆုံးတော့ နှလုံးရောဂါအခံရှိတဲ့ အမေဟာလည်း သားစိတ်နဲ့ပဲ ဆုံးပါးသွားခဲ့ရတယ်''

အားလုံးပဲ ဇာတ်ရည်လည်စပြုလာသည်။ မြတ်စိုးက ...

''ဣတ္ထိရုပ် ခန့် ... တဲ့ ...။ မိန်းမတွေရဲ့အဆင်းဟာ ဂုဏ်ဒြပ်တစ်ခုဖြစ်ပေမယ့် မာန်တက်ပြစရာ ပိုင်ဆိုင်မှုတစ်ခုတော့ မဟုတ်ပါဘူး။ ကောင်းကင်ချိုကို ကျွန်တော် အရမ်းနာကြည်းသွားမိတယ်။ ဆေးကျောင်းမှာ သူနဲ့ပြန်ဆုံတော့ သူက ကျွန်တော့်ကို မသိဘူး။ အဲ့ဒါကို အခွင့်ကောင်းယူပြီး ကောင်းကင်ချိုကို ချဉ်းကပ်ဖို့ ကျွန်တော် ကြိုးစားပါသေးတယ်။ ဒါပေမယ့် ယောကျ်ားတွေကို ရွံရှာစရာသတ္တဝါတွေလို သတ်မှတ်ဆက်ဆံနေတဲ့ သူ့ကို ကျွန်တော် ဝင်ရောလို့ မရခဲ့ဘူး။ အဲ့ဒါကြောင့် သတိပေးစာတစ်စောင်နဲ့ သူ့စိတ်ကိုချောက်လှန့်ပြီး အခွင့်အရေးရတဲ့တစ်နေ့မှာ သူ့ကားဘရိတ်ကြိုးကို ကျွန်တော်ကိုယ်တိုင် ဓားနဲ့လှီးထားခဲ့တာပါ''

မြတ်စိုးက ပတ်တီးဖြူတွေနှင့် ခက်ဆစ်ကိုကြည့်ကာ ...

''ကျွန်တော့်အပြစ်တွေအတွက် ခေးစားခံဖြစ်ခဲ့ရတာက ခက်ဆစ်ပါ။ ကျောင်းထဲမှာ လူသတ်သမားအဖြစ် ခက်ဆစ်နာမည်ကြီးနေတော့ ငါ့လုပ်ရပ်ကို ဘယ်သူမှမသိဘူးဆိုပြီး ကျွန်တော် ကျေနပ်နေမိသေးတယ်။ ဒါပေမယ့် မဟုတ်တာလုပ်ထားသူတွေရဲ့ ထုံးစံအတိုင်း ကျွန်တော် စိတ်မသိုးမသန့်ဖြစ်ပြီး ခက်ဆစ် အရိပ်အခြေကို သိချင်လို့ မသိမသာ စုံစမ်းလေ့လာရင်း ခက်ဆစ် ဘဝကိုပါ သိလိုက်ရတယ်။ အဲဒီမှာ ကျွန်တော် အရမ်းစိတ်မကောင်းဖြစ်သွားမိတယ်။ ငါ့ကြောင့် အပြစ်မရှိတဲ့ ရိုးသားကြိုးစားတဲ့ လူငယ်တစ်ယောက် ဒုက္ခရောက်ရပါလားဆိုပြီး ကိုယ့်လုပ်ရပ်ကိုလည်း နောင်တရမိတယ်။ ဒီကြားထဲမှာ ခက်ဆစ်က ကျွန်တော်ရဲ့ အသက်သခင်ကျေးဇူးရှင်လည်း ဖြစ်သွားပါသေးတယ်။ ကျွန်[illegible]





ကိုယ်ထဲမှာ စီးဆင်းနေတဲ့ ခက်ဆစ်ရဲ့သွေးတွေကို ခံယူရင်း ကျွန်တော့်စိတ်တွေ ကယောင်ချောက်ချားဖြစ်လာတယ်။ ကောင်းကင်ချိုကိုတွေ့လိုက်ရချိန်မှာလည်း ကျွန်တော် နှလုံးသွေးရပ်မတတ် ထိတ်လန့်သွားမိတယ်။ အဲ့ဒါကြောင့် လိပ်ပြာသန့်သန့်နဲ့နေချင်လို့ အခုလို အမှန်အတိုင်း ဖွင့်ပြောတာပါ''

မြတ်စိုးသည် ဖွဲ့ထင်ရှားနှင့် ပတ်သက်မှုရှိကြောင်း ကျော်ဘိုဘိုအောင်၏ ဆိုင်ခန်းမှာကတည်းက ခက်ဆစ်သိခဲ့ပါသည်။ မြတ်စိုး မူးလဲတော့ သူ့အိမ်ကို အကြောင်းကြားဖို့ လိပ်စာနှင့် ဖုန်းနံပါတ်ပေးရာတွင် ထိုလိပ်စာက ကျော်ဘိုဘိုအောင် ပြောပြသော ဖွဲ့ထင်ရှား၏အိမ်လိပ်စာနှင့် တစ်ထပ်တည်းဖြစ်နေကြောင်း မှတ်ဉာဏ်တွေက ခက်ဆစ်ကိုသတိပေးသည်။

ခက်ဆစ် သက်ပြင်းချ၍ မြတ်စိုးကိုကြည့်ကာ ...

''ကျွန်တော်လည်း အစ်ကို့အတွက် စိတ်မကောင်းပါဘူး။ အစ်ကို ထင်တာတစ်ခုမှားနေတယ်''

မြတ်စိုး နားမလည်ဟန်ဖြင့် ...

''ဘာမှားတာလဲ ညီ''

ခက်ဆစ်က ...

''ကောင်းကင်ချိုလို့ အစ်ကို ထင်နေတဲ့သူဟာ ကောင်းကင်ချိုအစစ်မဟုတ်ပါဘူး။ နိုင်ငံခြားမှာ ကျောင်းသွားတက်နေရာက ခဏပြန်လာတဲ့ ကောင်းကင်ချိုရဲ့အမြွှာညီမ တာရာဖြူပါ။ ကောင်းကင်ချိုဟာ ဘာကယ်ပဲ သေဆုံးသွားခဲ့ပါပြီ''

''ဟာ''



www.burmeseclassic.com

www.burmeseclassic.com

ကြမ်းကျွံလျှင်သာ နှုတ်၍ရသည်။
စကားကျွံလျှင်မူ နှုတ်၍မရ။



## ပုဒ်မ –၃၀၇

## လူသတ်မှုကို ကျူးလွန်ရန် အားထုတ်ခြင်း

ပြုလုပ်မှုတစ်ခုခုကို ပြုရာတွင် သေခြင်းကိုဖြစ်စေခဲ့သော် လူသတ်မှုမြောက်နိုင်မည့် ကြံရွယ်ချက်ဖြင့်၎င်း၊ ထိုကဲ့သို့သော (ပြုလုပ်မှုတစ်ခုခုကို ပြုရာတွင် သေခြင်းကို ဖြစ်စေခဲ့သော် လူသတ်မှုမြောက်နိုင်မည့်) ပတ်ဝန်းကျင်ကြောင်းခြင်းရာဖြင့်၎င်း၊ မည်သူမဆို ပြုလုပ်မှုတစ်ခုခုကို ပြုလျှင်၊ ထိုသူကို ဆယ်နှစ်ထိထောင်ဒဏ်အမျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ထိုပြုလုပ်မှုဖြင့် တစ်ဦးတစ်ယောက်သောသူအား နာကျင်စေလျှင်၊ ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ အထက်ကဆိုခဲ့သော ပြစ်ဒဏ်ဖြစ်စေ ချမှတ်နိုင်သည်။

တစ်သက်တစ်ကျွန်းဒဏ်ခံနေရစဉ် ဤပုဒ်မအရ ပြစ်မှုကျူးလွန်သူသည် သူတစ်ပါးကို နာကျင်စေလျှင်၊ ထိုသူကို သေဒဏ်ချမှတ်နိုင်သည်။

(ရာဇသတ်ကြီး)

MYANMAR

THE PENAL CODE



www.burmeseclassic.com

www.burmeseclassic.com

လူနာဆောင်ခုတင်ထက်မှာ အရေးပေါ်ကုသမှု ခံယူထားရသော ကောင်မလေးကိုကြည့်၍ ဓားစက်နှင့်အမွှန်းခံရသလိုမျိုး ခက်ဆစ်ရင်မှာ ကျဉ်နေ၏။

''ငါ့ကြောင့် သူ အခုလိုဖြစ်ရတာပါဟာ ... ။ ငါ့အတွက် သူ အနာခံလိုက်တာ ... ''

ယုဝါက ...

''ရှေ့ကလိုက်လာတဲ့ ငါတို့ကားကိုပါ သူ ကျော်တက်ပြီး နင့် ရှေ့မှာ ဝင်ခံလိုက်တာ ... ။ သူသာ အဲ့လိုမလုပ်ရင် နင့်ဘဝက မတွေးဝံ့ ရာပဲ။ တခြားလူတွေကိုလည်း ဝင်တိုက်မိနိုင်တယ်။ ကားမှောက်ပြီး နင် လည်း အပြင်းအထန်ဒဏ်ရာရသွားနိုင်တယ်''

ဘာအတွက်ကြောင့် ဒီလောက်တောင် အနစ်နာခံပေးဆပ်ပြရ ဘာလဲ ကြယ်စင်နတ်သမီးလေးရယ် ...

သူမ မျက်လုံးလေးတွေ ပွင့်အာလာဖို့၊ သူမ နှုတ်ဖျားမှ အသံ လေးတွေ ထွက်ပေါ်လာဖို့၊ သူမ ကျန်းမာစွာ ပကတိရှင်သန်နိုးထလာဖို့ အရေးကို ... ထောင်ချောက်မှ အလေလာတကြီး ရုန်းထွက်လွတ်မြောက် ချင်နေသည့် ဒဏ်ရာရသားကောင် [illegible]စွာ သူ စောင့်မျှော်နေ မိပါသည်။





အမြန်ဆုံး နိုးထလာပါတော့ ကောင်မလေးရယ် ...

ရင်တစ်ချက်ခုန်တိုင်း သွေးတစ်ပွက်အန်မတတ် စိုးရိမ်စိတ်တွေနဲ့ ငါ မွန်းကြပ်လှပါပြီ ...

လက်ခလယ်မှာ ငွေလက်စွပ်ကလေးကို ဝတ်ဆင်ထားသော ဖောင်းဖောင်းအိအိလက်ချောင်းလေးတွေ ညင်သာစွာ လှုပ်လှုပ်ရှားရှား လာသည်။ ပြီး ... ပြည့်ဖြိုးသော နှုတ်ခမ်းနှစ်လွှာ တုန်ယင်လှုပ်မောစွာ ပွင့်အာလာ၏။

ပထမဆုံး ထွက်ပေါ်လာသည့် စကားက ...

''ဂျိုဝီ ... ဂျိုဝီ ... နင် ... ဘာမှ မဖြစ်ပါစေနဲ့ ... ''



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ဆောင်းသစ်ရွက်တို့မှာ နှင်းရည်စက်တွေ စိုလူးနေသည်။ နံနက်ခင်း ကျေးငှက်တို့ သီကျူးသံပေး၍ အဝေးသို့ ပျံသန်းထွက်ပြေးကြလေသည်။

အချိန်မှန်ရထားတစ်စင်းလို ကာလယန္တရားသည်လည်းဆောင်းကိုနှင်၍ နွေဦးအား ဝင်လာဖို့ ဖိတ်ခေါ်ချင်နေပြီ။ လက်ကျန်နှင်းရည်စက်တွေကဲ့သို့ ... ထွက်ခွာသွားတော့မည့် သူမကို တားပိုင်ခွင့်မရှိစွာ သူ ရပ်ငေးကြည့်နေမိပါသည်။

သူမက ...

လက်ခလယ်မှာ ဝတ်ဆင်ထားသော လက်စွပ်ကလေး ချွတ်၍ သူ့အားပေးသည်။

သူကလည်း ...

မြတ်နိုးစွာ အထွေးထွေးအပိုက်ပိုက် သိမ်းဆည်းလာခဲ့ရသည့် ပဝါလေး သူမကို ပေးလိုက်ပါသည်။

အချိန်နာရီများစွာ ... နှစ်ကာလတိုင်အောင် စောင့်မျှော်ခြင်းကဒါတဲ့လား ... ။

''နှင်လိုလူအတွက် မက်လောက်စရာမရှိတဲ့ငါ့ရဲ့လက်စွပ်ကလေးကို ဒီနေ့ဒီအချိန်ထိ သိမ်းဆည်းထားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်''

''တန်ဖိုးဆိုတာ သတ်မှတ်သူရဲ့ စိတ်ခံစားချက်နဲ့ပဲ သက်ဆိုင်





တာပါဟာ။ ဘာမဟုတ်တဲ့ ငါ့ရဲ့လက်ကိုင်ပဝါလေးကိုတောင် နှင် သိမ်းထားသေးတာပဲ''

နှစ်ဦးသားမျက်ဝန်းချင်း ဝတ်မှုန်ကူးနေမိကြသည်။

''နှင် ငါ့ကျောင်းကို လာလည်မယ်ဆိုလို့ ငါမျှော်နေမိသေးတယ်''

''ငါ ရုတ်တရက် ကျောင်းသွားတက်ဖို့ ဖြစ်လာတယ်။ နှင့်ကိုငါ လာနှုတ်ဆက်ဦးမလို့ပါပဲ။ ဒါပေမယ့် ... နှင် ငါ့ကို မေ့နေလောက်ပြီထင်လို့ပါ ... ''

''နှင့်ကိုငါ နေ့စဉ် သတိရနေတာပါဟာ''

မဝံ့မရဲပြောသော သူ့စကားသံကို လက်ကိုင်ပဝါလေးက သက်သေထူနေသည်။

''ငါလည်း နှင့်ကို အရမ်းပြန်တွေ့ချင်နေတာ''

လက်စွပ်ကလေးကို ငုံ့ကြည့်၍ သူ ယုံမိ၏။ ပြန်လည်ဆုံတွေ့ကြတော့လည်း သူတို့အဖြစ်က စီးချင်းထိုးမည့် ရန်သူတပ်သားနှစ်ယောက်ပမာ ... ။

စစ်ပြေငြိမ်းတော့လည်း ခွဲခွာဖို့ ကြမ္မာဖန်လာပြန်သည်။

''နှင် သိပ်တော်တယ် ဂျိုဝီ။ တက်တူးဆင်တူထိုးထားတဲ့ ရုပ်ချင်းခွဲမရအောင်တူတဲ့ ငါတို့ညီအစ်မကို နှင်ခွဲခြားနိုင်ခဲ့တယ်''

သူမ၏ချီးကျူးမှုမှာ သူ မသာယာနိုင်။

''လက်စွပ်ကလေးကြောင့်ပါဟာ''

သူမ လက်ခလယ်မှာ ဝတ်ဆင်ထားသော လက်စွပ်ကလေးအား တွေ့မြင်ရာမှ သူ ဆက်စပ်တွေးတောမိခြင်းဖြစ်သည်။ ကျော်ဘိုဂ်ိအောင်နှင့် ပထမဦးဆုံးအကြိမ် သွားအတွေ့မှာ ကောင်းကင်ချို၏အိမ်လိပ်စာပါ သူ မေးမြန်းခဲ့ပြီး ထိုပတ်ဝန်းကျင်မှာ သွားရောက်စုံစမ်းခဲ့ဖြစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်ချိုတွင် ရုပ်ချင်းခွဲမရအောင်တူသည့် အမွှာညီမ တစ်ယောက်ရှိကြောင်း၊ နိုင်ငံခြားမှာ ကျောင်းသွားတက်နေရာမှ သူ့အစ်မ သေဆုံးမှုကြောင့် ယခု ပြန်ရောက်နေကြောင်း၊ အစ်မဖြစ်သူ၏ ရက်လည် ကိုပင် မမှီကြောင်း၊ အမည်မှာ တာရာဖြူဖြစ်ကြောင်းပါ သိရှိခဲ့ရ၏။

ကြယ်စင်နတ်သမီးဟု သူမ ဘာကြောင့်ပြောခဲ့သလဲဆိုတာ လည်း ဒီတော့မှ နားလည်သဘောပေါက်သွားလေသည်။

''ငါ့အစ်မက ငါနဲ့ဖုန်းပြောရင် online မှာတွေ့ရင် နင့်အကြောင်း တွေ ပြောပြပါတယ်။ ဒါပေမယ့် သူပြောတဲ့ ခက်ဆစ်ဆိုတာ နင်ဖြစ်လိမ့် မယ်လို့ ငါ လုံးဝထင်မထားခဲ့ဘူး။ နင်ကကော ငါ့အစ်မကိုတွေ့တော့ ငါ လို့ မထင်ဘူးလားဟင်''

''ပထမတော့ ထင်မိပါသေးတယ်။ ဒါပေမယ့် သူ့အမူအရာတွေ က နင်နဲ့ဆန့်ကျင်ဘက်ဖြစ်နေသလို ခံစားရတယ်။ တဖြည်းဖြည်းနဲ့ သူ ဟာ နင်မဟုတ်ဘူးလို့ ငါ့စိတ်ထဲက အလိုလိုသိလာတယ်။ နင်နဲ့ငါ့ အကြောင်းပြောပြပြီး အမွှာညီအစ်မ ရှိသလားလို့ သူ့ကိုမေးဖို့ အကြိမ် ကြိမ် စိတ်ကူးခဲ့ပေမယ့် လက်တွေ့မှာတော့ အဆင်မပြေခဲ့ပါဘူး။ သူနဲ့ ငါက အမြဲတမ်း ကတောက်ကဆဖြစ်နေတာရလေ။ ဒါပေမယ့် နင့်ကိုသတိ ရတဲ့ အခါတိုင်းတော့ သူ့ကိုငါ ကြည့်ဖြစ်ပါတယ်''

သူမမျက်နှာပြင်မှာ အပူငွေ့လှိုင်းတို့ ဖြစ်ပေါ်သွားကာ ...

''ငါ ဒီကို ပြန်ရောက်တော့ ငါ့အစ်မ သေဆုံးတာ သွေးရိုးသား ရိုး မဟုတ်ဘဲ ခက်ဆစ်ကြောင့်ဆိုတဲ့ သတင်းတွေကို ကြားရတယ်။ ဥပဒေ အရ လွတ်မြောက်သွားတဲ့ ခက်ဆစ်ကို ငါ့အစ်မအတွက် လက်စားချေ ချင်တာရယ်၊ ချောက်ချားပြီး သူ့နှုတ်ကနေ အဖြစ်မှန်ကို ဝန်ခံစေချင်တာ ရယ်ကြောင့် ငါ့ကိုယ်ငါ ကောင်းကင်ချိုအဖြစ် ဟန်ဆောင်လိုက်တာ။ ခက်ဆစ်ဟာ နင်ဆိုတာ သိလိုက်ရချိန်မှာ ... ငါ ... ''





သူမစကားသံတွေ ထစ်အနေသည်။

''ငါ့ကို ခွင့်လွှတ်ပါ ဂျိုဝီရယ် ... ။ ငါ အရမ်းမှားသွားတယ်''

''အဲ့လို မပြောပါနဲ့ဟာ။ နင်ကသာ ငါ့ရဲ့ကျေးဇူးရှင်ပါ။ နင် အသက်နဲ့ရင်းပြီး ငါ့အသက်ကို ကယ်တင်ပေးခဲ့တာပါ''

သူမ ပကတိ ကျန်းမာလာသဖြင့် ဖော်ပြ၍ မတတ်အောင်ပင် သူ ပျော်ပိုက်ခဲ့ရ၏။ အခုဆို ပြဿနာတွေအားလုံး ရှင်းလင်းသွားပြီဖြစ် သည်။ မြတ်စိုးလည်း သူ့အပြစ်အတွက် ပေးဆပ်နေရပြီ ဖြစ်၏။

သူမလည်း ပြန်ရပေတော့မည်။

''ဒီတစ်ခါလည်း နင်နဲ့ငါ ခွဲရဦးမယ်နော်။ လက်ကိုင်ပဝါပေးရင် ဝေးတတ်တယ်ဆိုတာ တကယ်ပဲလား မသိဘူး။ အဲ့ဒါကြောင့် လက်ကိုင် ပဝါလေးကို ငါ ပြန်ယူသွားမှာ''

သူမ မျက်ဝန်းအိမ်မှာ မျက်ရည်စတွေ စိမ့်အိုင်လာသလိုလို။ အဖျားခတ်တုန်ယင်နေသော ဘူမ စကားသံတွေက ဝေဒနာတစ်ခု အပြင်း အထန် လှိုက်ဖိုခံစားနေရသည့်ပမာ ... ။

သူ့ကို သူမ စူးစိုက်၍ကြည့်ကာ ...

''ငါ ပြန်ရတော့မယ် ဂျိုဝီ။ ဒီတစ်ခါလည်း နင် ငါ့ကို စပဲခနေ မှာလား။ ဘာစကားမှ မပြောတော့ဘူးလားဟင်''.

သူ ငြိမ်သက်နှုတ်ဆိတ်နေလိုက်ပါ၏။ ပြောချင်သောစကားတွေ က ရင်ဘတ်ထဲမှာသာ အသံမဲ့မြည်နေသည်။ မနီးစပ်နိုင်သော ကမ်းပါး နှစ်ဖက်ကို သူ တံတားမထိုးရက်ပါ။

မချိတင်ကဲဟန်ဖြင့် သူမ ပြုံး၍ ...

''နင်နဲ့ငါ ပြန်တွေ့ရင် အာဘွားပေးရမယ်လို့ ငါ့ကိုနင် စပူးတော်ခဲ့ နော်။ ပြင်သစ်ဘာသာစကားမှာ အာဘွား အာဘွားဆိုတာ တခြားလို့ အဓိပ္ပာယ်ရတယ်။ ငါ သွားတော့မယ် ဂျိုဝီ ... တာ့တာနော် ... ''


www.burmeseclassic.com

www.burmeseclassic.com



လျှပ်စစ်နှင့် အတို့ခံလိုက်ရသလို သူ့ရင်ဘတ် ကျဉ်တက်သွားသည်။ လွင့်ကြွေကျလာသည့် မျက်ရည်စက်တွေကို ချန်ရစ်၍ သူမ ခေါင်းငုံ့ပြေးထွက်သွားလေပြီ။

ခွဲခွာခြင်းက အဆိပ်ရည်သုတ်လိမ်းထားသော ဓားထက်ထက်နှင့် အမွှန်းခံရသည်ထက်ပင် အကြောင်းဆိုးပါသည်။

ငါတို့ကြားမှာ ခြေလှမ်း ၁၀၀၀ ကွာဝေးသွားရင်
ငါ့ဘက်ကို နင် ခြေတစ်လှမ်းပဲ ပြန်လှမ်းခဲ့ပါ
ကျန်တဲ့ ၉၉၉ လှမ်းနဲ့ နင့်ဆီကို ငါ လာခဲ့ပါ့မယ် ...

သူ့ရင်ထဲမှ စကားသံကို သူမ မကြားနိုင်ပါ။

သူရှိရာဘက်သို့ သူမ စောင်းငဲ့၍ပင် လှည့်မကြည့်ပါ။

ကိုယ့်အဆိပ်ကိုယ် မြိုထားရသလို မထွေးနိုင်မအန်နိုင်ဖြင့် တိတ်ဆိတ်သောဝန်းကျင်မှာ ရှိုက်မီးကြောင့် သူ့ရင်ဘတ် လောင်မီးကျနေပါသည်။

ဘဝကို ပုံမချချင်ပါ။ ကံကြမ္မာကိုလည်း ယိုးမယ်မဖွဲ့ချင်တော့ပါ။

တရားခံအစစ်က မိမိသာလျှင် ဖြစ်၏။



အပိုင်း (၈)



www.burmeseclassic.com

# နိဂုံး (က)

မြောက်ဥက္ကလာပ ဓမ္မာသီလမ်းမပေါ်ရှိ ဆေးတက္ကသိုလ် အမှတ် (၂)အတွင်း၌ဖြစ်သည်။

စာသင်ခန်းတစ်ခုတွင် ဆရာ မရှိချိန် ကျောင်းသားတစ်ယောက် အတန်းရှေ့ထွက်၍ လက်ချာပေးနေပါသည်။ ဆေးပညာနှင့် ပတ်သက်သော လက်ချာမဟုတ်ဘဲ LOVE ဟူသော အချစ်လက်ချာ ဖြစ်ပါသည်။

ထိုကျောင်းသားက Whiteboard မှာ Maker ဖြင့် အက္ခရာစာသားတွေ ရေးခြစ်သည်။

1 - Ego Love

2 - One Sided Love

3 - Bind Love

4 - True Love

''အချစ်လေးမျိုးရှိပါတယ်။ နံပါတ်(၁)အမျိုးအစားကတော့ အတ္တဆန်တဲ့ အချစ်မျိုးလို့ ပြောလို့ရပါတယ်။ အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်းလို့ သတ်မှတ်ထားတဲ့လူတွေရဲ့အချစ်ပေါ့။ ကိုယ်ချစ်တဲ့သူကို မျက်စိအောက်က အပျောက်မခံချင်ဘူး။ ကိုယ့်နံဘေးမှာပဲ အမြဲခေါ်ထားချင်





တယ်။ အရမ်းသဝန်တိုတတ်တယ်။ ချစ်သူက ကိုယ့်ကိုပဲ ဂရုစိုက်စေချင်တယ်ဆိုရင် အဲ့ဒါ Ego Love (အတ္တဆန်တဲ့အချစ်) ဖြစ်နေပါပြီ။ အဲဒီလူတွေက ချစ်သူကို စိတ်ဆိုးလွယ်တယ်။ သူက ငါ့ကို ငါချစ်သလောက် မချစ်ဘူးဆိုတဲ့ အတွေးမျိုး မကြာခဏ ဝင်တတ်ပါတယ်။ အမှားဆိုရင် သေးသေးလေးတောင် သည်းမခံတတ်ကြပါဘူး။ အချစ်ကြီးပြီး အမျက်ကြီးတယ်ဆိုတဲ့ လူစားမျိုးတွေလည်း ပါတတ်ပါတယ်။

နံပါတ် (၂) အမျိုးအစား One Sided Love (တစ်ဖက်သတ်ဆန်တဲ့အချစ်)ကတော့ ကိုယ်ကပဲ ချစ်နေချင်တယ်။ အရာရာပေးဆပ်နေချင်တယ်။ အကောင်းဆုံးတွေ လုပ်ပေးချင်နေတယ်။ ဒါပေမယ့် တစ်ဖက်လူက ကိုယ် လုပ်ပေးနေတာတွေကို လိုချင်ရဲ့လားဆိုတာ ဘယ်တော့မှ မစဉ်းစားပါဘူး။ အဲ့ဒါကြောင့်လည်း တစ်ခါတစ်ခါ တစ်ဖက်လူက စိတ်ကျဉ်းကြပ်တာတွေ စိတ်ရှုပ်ထွေးတာတွေ ခံစားရတတ်ပါတယ်။ အတွဲတစ်တွဲမှာ တစ်ယောက်က အဲဒီလိုဖြစ်နေပြီဆိုရင်တော့ မကြာခင်မှာ ဆက်ဆံရေးက အက်ကြောင်းထင်လာတတ်ပါတယ်။

နံပါတ်(၃)အချစ်အမျိုးအစားကတော့ စိတ်ကစဉ့်ကလျားလို့ပြောရင်လည်း ရပါတယ်။ အချစ်မှာ မျက်စိမရှိဘူးလို့ ပြောနေကြတဲ့ လူတွေရဲ့ အချစ်မျိုးပေါ့။ အရာရာကို ရင်ဆိုင်ရဲလာမယ်။ သူ့အတွက်နဲ့ အရာရာကို စွန့်လွှတ်ရဲတဲ့စိတ်တွေ ဝင်လာမယ်။ အဲ့ဒါဆိုရင် Bind Love (မျက်စိနောက်မှုဆန်တဲ့အချစ်) ဖြစ်နေပါပြီ။ ဖြစ်သင့် မဖြစ်သင့် လုပ်သင့် မလုပ်သင့်တွေလည်း မစဉ်းစားမိတော့ပါဘူး။ ဒါပေမယ့် ဒီလိုအချစ်မျိုးဟာ ကြာကြာမခံပါဘူး။ အချစ်စိတ်တွေ ပျောက်သွားတဲ့ အချိန်ကျမှ ကိုယ်လုပ်ခဲ့မိတာတွေအတွက် နောင်တရနေတတ်ပါတယ်။

နောက်ဆုံးနံပါတ် (၄) အမျိုးအစား True Love (စစ်မှန်တဲ့အချစ်) ကတော့ မေတ္တာလို့တောင် ခေါ်ဆိုနိုင်ပါတယ်။ အေးချမ်းတဲ့အချစ်

www.burmeseclassic.com



လို့ ပြောလို့ရပါတယ်။ ပေးဆပ်ခြင်းနဲ့လည်း မကြေကွဲရဘူး။ ရယူလိုခြင်းအတွက်လည်း မပူလောင်ရတဲ့အချစ်မျိုးပါ။ ဒီလိုအချစ်မျိုးကတော့ အင်မတန်ရှားပါတယ်။ လူတစ်ယောက်ကို အခြား ဘာကိုမှ မကြည့်ဘဲ သူဖြစ်နေတဲ့အတွက် ချစ်နေတဲ့ အချစ်မျိုးပါ။ အသည်းကွဲတယ်ဆိုတာလည်း မရှိဘူး။ သူနဲ့မပေါင်းရလည်း ဘာမှမဖြစ်ဘဲ တစ်သက်လုံး စိတ်ထဲမှာထားပြီး ချစ်သွားနိုင်တဲ့ အချစ်မျိုးပါ။ အဲ့ဒါကြောင့် တချို့က ၅၂၈ မေတ္တာနဲ့တောင် မှားတတ်ကြပါတယ်။

အချစ်လေးမျိုးမှာ Ego Love နဲ့ One Sided Love က နည်းနည်းဆင်ပါတယ်။ တစ်ခါတလေ Bind Love ကို True Love နဲ့လည်း မှားတတ်ကြပါတယ်။ မတူတာကတော့ Bind Love က လွယ်လွယ်နဲ့ ပျောက်သွားတတ်ပြီး True Love ကတော့ နှစ်တွေ ဘယ်လောက်ကြာကြာ မပျောက်သွားတတ်ပါဘူး။ အဲ့ဒါကြောင့် သူငယ်ချင်းတို့လည်း ချစ်မိပြီဆိုရင် ကိုယ့်အချစ်ဟာ ဘယ်လိုအမျိုးအစားလဲဆိုတာ စမ်းစစ်ကြည့်သင့်ပါတယ်။

လောကမှာ အချစ်ထက် အရေးကြီးတဲ့အရာတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် အချစ်မရှိရင် အဲဒီအရာတွေကို ရင်ဆိုင်ကျော်လွှားဖို့ ခွန်အားဆုတ်ယုတ်နေတတ်ပါတယ်''

ကျောင်းသူကျောင်းသား အများအပြား ရယ်ရယ်မောမော လက်ခုပ်သြဘာပေးကြသည်။ သူတို့အားလုံးပဲ Final Part I ကျောင်းသူကျောင်းသားတွေ ဖြစ်၏။

ထိုစဉ်မှာပင် ...

**စာသင်ခန်းအတွင်းသို့ မိန်းမပျိုတစ်ဦး ခပ်ရှိုရှိုဝင်လာသည်။**

**''ပါလေရာဝါးပီချက်ဂျိုဝီနဲ့ တွေ့ချင်လို့ပါ''**

**''ဟင်''**





လက်ချာပေးနေသော ကျောင်းသားလက်ထဲမှ Marker ပင် **လွတ်ကျသွား၏။**

''နင် ငါ့ကျောင်းကို လာလည်တာလား''

''နင့်ကျောင်းကို လာလည်တယ်လို့ မပြောပါနဲ့။ နင့်အခန်းကို လာလည်တယ်လို့ ပြောပါ''

''ဟင် ... ဘယ်လိုကြီးလဲ''

သူတို့နှစ်ဦး ကော်ရစ်တာထောင့်ချိုးတွင်ရပ်၍ စကားပြောနေခြင်း ဖြစ်၏။ သူမက ကြည်လင်ဖော်ရွေသော အပြုံးလေး မူနွဲ့နွဲ့ပြုံးကာ

''ငါလည်း အခု ဒီကျောင်းသူ ဖြစ်နေပြီဟ။ နင့်လို နောက်ဆုံးနှစ်ကျောင်းသားကြီးတော့ မဟုတ်ဘူးပေါ့ဟာ။ နှစ်တက်ကလေးပေါ့''

သူ နားမလည်နိုင် ဖြစ်သွားရ၏။ သူမက သဘောပေါက်ဟန်ဖြင့် ...

''ငါ့အစ်မဆုံးသွားပြီဆိုတော့ ငါ့မိဘတွေက ငါ့ကို ဒီမှာ ပြန်ခေါ်ထားကြတယ်လေ။ ငါလည်း အလကားမနေချင်တာကြောင့် တက္ကသိုလ်ဝင်တန်းပြန်ဖြေတော့ ဆေးမှတ်မီတယ်။ အဲ့ဒါကြောင့် အခု ဆေးကျောင်းသူ ဖြစ်နေပြီ''

သူ့ရင်မှာ ပျော်သွားမိ၏။

''နင် တကယ်ပြောတာလား''



www.burmeseclassic.com

www.burmeseclassic.com

''တကယ်ပေါ့ဟ။ မယုံရင် ပထမနှစ်သမားတွေကို လိုက်မေး ကြည့်ပါလား။ အချဉ်တော့ မဟုတ်ဘူးနော်။ ကွင်း ... ကွင်း ... အလှ ဘုရင်မ ... မြင်ဖူးတယ်ရှိအောင် ကြည့်ထား''

''သက်ကြီးကွင်းပေါ့''

''ဘာ''

သူမ စွေ့စွေ့ခုန်သွားသည်။ နှုတ်ခမ်းဖူးဖူးလေးအား စူ၍ ...

''နင်က ငါ့ကိုတွေ့တာနဲ့ စပဲစနေတာပဲ''

သူ ရယ်နေလိုက်ပါသည်။ ကျောင်းတော်ကြီးက သူမကြောင့် ပို၍ လှနေသလိုလို ... ။

ပီတိတို့ အတောမသတ် ရွှန်းရွှန်းဝေနေချေတော့၏။

သူမက သူ့လက်ကို ကြည့်သည်။ လက်သန်းမှာ ဝတ်ဆင်ထား သော ငွေလက်စွပ်ကလေးကို မြင်တော့ ...

''အဲဒီလက်စွပ်ကလေး ငါ့ကို အပိုင်ပေးပါလားဟင်။ ငါ့လက်ခ လယ်မှာ အမြဲတမ်း ဝတ်ထားချင်လို့ပါ''

သူမက လက်ချောင်း ဖောင်းဖောင်းအိအိလေးတွေကို ဆန့်ထုတ် ဖြန့်ခင်းပေး၏။ သူ့လက်သန်းမှ လက်စွပ်ကလေးကို ချွတ်၍ သူမ လက်ခ လယ်မှာ သူကိုယ်တိုင် ဝတ်ဆင်ပေးလိုက်ပါသည်။

ပြီး ... သူ ပြုံး၍ ...

''ရှေးဂရိရာဇဝင်မှာ ... ''

ရှက်ဝဲဝဲနှင့် သူမ ခေါင်းလေးငုံ့နေပါသည်။

●



BURMESE CLASSIC .com

## နိဂုံး (ခ)

ကျောင်းဝင်းထဲမှာ ကောင်လေးတစ်ယောက်နှင့် ကောင်မလေ တစ်ယောက် အေးချမ်းယှဉ်လျက် လမ်းလျှောက်နေပါသည်။

ကောင်မလေးက ကောင်လေးပခုံးကို သူမ ပခုံးနှင့်ခုန်တိုက်ပြ

''နင် ငါ့ရဲ့ဘယ်ဘက်က မလျှောက်နဲ့။ ညာဘက်က လျှောက် ဟာ''

''ဟင် ... ဘာလို့လဲ''

''ရှေးမြန်မာရာဇဝင်မှာ ယောကျ်ားလေးတစ်ယောက်နဲ့ မိန်း ကလေးတစ်ယောက် အတူတွဲလမ်းလျှောက်လာရင် မြင်တာနဲ့ ဘာဆို တာ ခွဲခြားလို့ရတယ်။ မိန်းကလေးက ယောကျ်ားလေးရဲ့ ညာဘက်မှာ ဆိုရင် သွေးသားရင်းချာမောင်နှမ၊ မိန်းကလေးက ယောကျ်ားလေးရဲ့ ဘယ်ဘက်မှာဆိုရင် အဲ့ဒါ ချစ်သူရည်းစားတဲ့''

ကောင်လေးက ကောင်မလေး၏ ဘယ်ဘက်မှာ လျှောက်နေရာ မှ ညာဘက်သို့ ပြောင်းရွှေ့သည်။ ပြီးနောက် ... လက်ချင်းဆက်၍ ရှေ့ဆက်ကြလေသည်။

သူတို့နှစ်ဦးကို ကြည်နူးမှုအပြုံးတွေနှင့် ငေးကြည့်နေသူတစ်ဦး ရှိပါ၏။

ထိုသူက ... ယုဝါ ... ။

သူမ ရင်ထဲမှာတော့ ...

●


www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး (ဂ)

ကိုယ်စိတ်ညစ်လို့ သူ ပျော်ရင် အဲ့ဒါ ရန်သူ တဲ့ ...

ကိုယ်ပျော်လို့ သူပျော်ရင် အဲ့ဒါ သူငယ်ချင်း တဲ့ ...

ကိုယ်စိတ်ညစ်လို့ သူစိတ်ညစ်ရင် အဲဒီလူကို ရင်ဘတ်ထဲမှာ ထာဝရသိမ်းဆည်းထားလိုက်ပါ တဲ့ ... ။

ငါကတော့ ...

နင်ပျော်ရင် ငါပါ ပျော်သလို၊ နင် စိတ်ညစ်ရင် ငါလည်း စိတ်ညစ်မိတာပဲ ... ။ ဒါပေမယ့် ... ငါ့ဘဝက စွန့်ပယ်ခံပါ ... ။

အချစ်စိတ်ဟာ လူကို မိန်းမောစေတယ် ယစ်မူးစေတယ် စွဲငြိစေတယ် ... ဒါကြောင့် ပညာသင်ချိန်မှာ အချစ်ကို မကိုးကွယ်သင့်ပါဘူးလို့ ပြောခဲ့ဖူးတဲ့ နင်က ... အခုတော့ အချစ်နဲ့ ပျော်နေပြီနော် ... ။ နင်ပျော်ရင် ငါလည်း ပျော်ပေးလို့ရပါတယ် ... ။ နင် စိတ်ညစ်တဲ့အခါတွေမှာတော့ ငါ့ဆီလာခဲ့ပါ ... ။

Love < Friendship

သူငယ်ချင်းသံယောဇဉ်ဟာ ချစ်သူရည်းစားထက် ပိုတယ်ဆိုတဲ့ သီအိုရီလေးတစ်ခုကို ကိုင်ဆွဲပြီး ကိုယ့်ကိုယ်ကို အလံထူလို့ ငါ အမြဲ လက်ကမ်းကြိုနေပါ့မယ် ... ။



တစ်ကိုယ်တော်အောင်မြင်မှုအတွက်
သင်၏သနားကရုဏာကို ခံယူလိုသော
သတ္တိကြောင်သူ မဖြစ်လိုပါ ... ။
ရှုံးနိမ့်သည့် အခါတွင်မှ
သင့်လက်ကို ဆုပ်ကိုင်ထားနိုင်ခွင့်
ရရှိသော သူသာ ဖြစ်ရလိုပါ၏။ ။

(ရာဘင်ဒြာနတ်သ် တဂို



www.burmeseclassic.com

www.burmeseclassic.com

Ego Love

One sided Love

Bind Love

True Love

အချစ်လေးမျိုးရှိပါတယ်။

ဒီအဖြစ်အပျက်တွေမှာ ဘယ်သူတွေက ဘယ်သူ့ကို ဘယ်လို အချစ်မျိုးနဲ့ ချစ်ကြသလဲဆိုတာ ကျည်ဝဥ်းဓားမေးစေချင်ပါတယ်။

လင်းညှို့သွေး
Linnnyoutthway@gmail.com

[illegible]

BURMESE CLASSIC .com

မကြာမီထွက်ရှိမည့်စာအုပ်

# လင်းညှို့သွေး

## တေလေမှတ်တမ်း

နေလောင်အသားအရေ၊ မှုန်တေတေ အကြည့်၊ လျှော့တိလျှော့ရဲဟန်ပန်နဲ့. မွတကြဲ ဒဏ်ရာ အမာရွတ်တွေဟာ ကျွန်တော့်ရဲ့ တေလေသက်သေ အမှတ်တံဆိပ်တွေပါပဲ .... !!!

Coming Soon

www.burmeseclassic.com